တ ဤ ဆိ င်


# သိဟအောင်

(၂)

ကျောက်ဗိမ်းသံထိုး

၁+၃

နှစ်အခန်းတွဲ



စာမူခွင့်ပြုအမှတ် — ၄၅၉/၈၇ (၉)
မျက်နှာဖုံးခွင့်ပြုအမှတ် — ၄၁၁/၈၇ (၉)
ထုတ်ဝေကာလ — ၁၉၈၇–ခုနှစ်
အုပ်ရေ — ၄၀၀
တန်ဖိုး — ၁၀၀ ကျပ်
ထုတ်ဝေသူ — ဦးတင်အုန်း (မြဲ ၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးထောင့်ကန်
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့ ။
ပုံနှိပ်သူ — ဦးလှသိန်း
လှသိန်းဦးပုံနှိပ်တိုက်
အမှတ် ၁၂ ဒါနလမ်း၊
သာယာကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ ။
မျက်နှာဖုံးရိုက် — ဦးတိုးဝင်း (မြဲ ၀၂၄၃၁)
နေလရောင် အော့ဖ်ဆက်
၉၆/ခ ၁၁ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။

## တက္ကသိုလ်သီဟအောင်

---

# ကျောက်စိမ်းဆံထိုး

နှစ်အုပ်တွဲ သိုင်းစာစဉ်

# တက္ကသိုလ်သီဟအောင်

## ကျောက်စိမ်းဆံထိုး

[ ပထမပိုင်း ]

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းမည်

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့ သဘောထား

* ည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

# တိုးတက်ရေး

၀၁၉၀

[illegible]

ရုပ်ဆိုးမလေး

---

နံနက်ခင်းဓနုရောင်ခြည်အောက်တွင် ကျွင်းစူးမြို့လေးမှာ သက်ဝင်လှုပ်ရှားလာပြီဖြစ်လေသည်။

လမ်းများပေါ်တွင် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသောသူများ ဥဒဟိုသွားလာလှုပ်ရှားနေကြပေသည်။

ထိုအချိန်တွင်....

အပြာရောင်စတ်ဆင်ကာ ပခုံးတွင် အဝါရောင် အဝတ်ထုပ်လေးချိတ်ထားသည့် လူငယ်တစ်ယောက်သည် ပက်နန်းကျင်ကို အကဲခတ်ကြည့်ရင်း မြို့ထဲသို့ဝင်ရောက်လာလေသည်။

ထိုလူငယ်မှာ အသက်နှစ်ဆယ်ခန့်ရှိပြီး အလွန် ရိုးသား ဖြူစင်သည့် အသွင်သဏ္ဍာန်မျိုးရှိသူဖြစ်လေ၏။

ဤအရပ်ဒေသသို့ ယခုမှ ရောက်လာသည့် သူစိမ်းတစ်ယောက်ဖြစ်ကြောင်းလည်း ထင်ရှားနေ၏။

လူငယ်လေးက ဟိုဟိုသည်သည် ငေးမောကြည့်ရင်း လှမ်းလာနေသည်ကို မသိမသာ အကဲခတ်ကြည့်နေသူနှစ်ယောက် ရှိနေပါသည်။

ထိုလူနှစ်ယောက်သည် လမ်းကြားလေးတစ်ခုအတွင်းမှ အကဲခတ်ကြည့်နေကြခြင်း ဖြစ်၏။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး အနက်ရောင် ဝတ်ဆင်ထားကြ၏။

ဝံပုလွေကဲ့သို့ ကောက်ကျစ်စဉ်းလဲသော မျက်လုံးပိုင်ရှင် များလည်း ဖြစ်ကြလေ၏။

တစ်ယောက်က....

'အမဲတော့ တွေ့ပြီ'



ဟု ပြောလိုက်ရာ ကျန်တစ်ယောက်က ငှက်ဆိုးထိုးသလို ရယ်မောလိုက်လေ၏။

'ဂျင်ကလေးလို့ မပြောရဘူး၊ မင်း မျက်လုံးတော်တော် လျင်ပါလားကွ'

ဂျင်ကလေးဆိုသူက—

'လျင်ရမယ်လေ၊ ဒါမှ မြို့ မြို့ မြက်မြက်လေးရမှာ မဟုတ်လား၊ မင်းကတော့ ဘာထူးလို့လဲ၊ ပြောစမ်းပါဦး စုတ်ဖွားရဲ့'

ဟု ပြန်ပြောလိုက်လေသည်။

စုတ်ဖွား ဆိုသူကလည်း ရယ်မောလိုက်လေ၏။

ထိုစဉ်....

လူငယ်သည် ဘားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင် သွားသည်ကို တွေ့လိုက်ရလေ၏။

စုတ်ဖွားနှင့် ဂျင်ကလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

'သွားစို့'

'ကောင်းပြီ'

နှစ်ယောက်သား လမ်းကြားလေးထဲမှထွက်သာ စားသောက်ဆိုင်လေးဆီသို့ ခပ်သွက်သွက်လှမ်းသွားလိုက်ကြလေတော့၏။

* * *



လူငယ်သည် စားသောက်ဆိုင်ထဲသို့ ဝင်ရောက်သွားပြီဖြစ်သည်။

စားပွဲတစ်လုံး၌ နေရာယူကာ ပခုံးပေါ် ချိတ်ထားသည့် အထုပ်လေးကို စားပွဲပေါ် တင်လိုက်၏။

ထို့နောက် ဆိုင်လုလင်အား စားသောက်ဖွယ်ရာများ မှာကြားလိုက်လေ၏။

ဆိုင်လုလင်ကလည်း စားသောက်ဖွယ်ရာများ ချက်ချင်း ယူလာလေ၏။

လူငယ်က ဆာလောင်မွတ်သိပ်နေဟန်ဖြင့် အားရပါးရ စားသောက်လိုက်လေ၏။

ထိုစဉ်—

ဆိုင်ထဲသို့ ဂျစ်ကလေးနှင့် စုတ်ဖွားတို့ ဝင်ရောက်လာကြလေ၏။

သူတို့သည် လူငယ်ထံသို့ တန်းတန်းမတ်မတ်ပင် လျှောက်သွားလိုက်ကြလေ၏။

အနီးသို့ သူတို့ရောက်လာကြသဖြင့် လူငယ်က ခေါင်းမော့ကြည့်လိုက်လေ၏။

ဂျင်ကလေးက....

'ဟော့ ကောင်....မင်းကို လိုက်ရှာရတာ နွံ့နေပြီ၊ ခုမှပဲ တွေ့တော့တယ်'

ဟု ပြောလိုက်လေ၏။

လူငယ် ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

'ဗျာ—'

'မီးခဲ– မင်း ဘယ်လောက်ပဲ လွတ်အောင်ရှောင်ရှောင် နောက်ဆုံး ငါတို့က တွေ့အောင်ရှာနိုင်ခဲ့တာပဲ မဟုတ်လား၊ မင်း ဘယ်ပြေးမလဲ၊ ပြောစမ်း'

လူငယ် လှုပ်လှုပ်ရှားရှားဖြစ်သွားလေ၏။

'ဟာ—နောင်ကြီးတို့ လူမှားနေပါပြီ၊ ကျွန်တော့်နာမည် စုံကျောင်းပါ၊ မီးခဲ မဟုတ်ပါဘူး ခင်ဗျာ'

ဟု ပြောလိုက်၏။

ဂျင်းကလေးတို့မှာ လူငယ် မည်သူမည်ပါ ဆိုခြင်းကို ...သားကြပါ။



တမင် သက်သက် အကွက်ဆင်ကာ လုပ်ကြံ ပြောဆိုနေကြခြင်း ဖြစ်လေ၏။

ဂျင်ကလေးက....

'ဟော့ ကောင်—မင်းကိုယ်မင်း စုံကျောင်းတွေ ဘာတွေ လုပ်မနေနဲ့၊ ကဲ—ငါတို့အပေါ် ကလိန်ကျသွားတဲ့ ပစ္စည်းတွေ ဘယ်မှာလဲ၊ ပြောစမ်း'

ဟု ငေါက်လိုက်လေ၏။

လူငယ်လေး စုံကျောင်း ပါးစပ်အဟောင်းသား ဖြစ်နေသည်။

တစ်ကြိမ်တစ်ခါမျှ မမြင်မတွေ့ဘူးသည့် သူစိမ်းတစ်ရံစာ နှစ်ယောက်က လာရောက်ကြိမ်းမောင်းနေကြသည် မဟုတ်ပါလား။

စုံကျောင်းက —

'နောင်ကြီးလဲ လူမှားနေကြပါပြီ၊ ကျုပ်တော်က...'

သူက ပြေရှင်းပြရန် ကြိုးစားလိုက်သော်လည်း အကြံသမား ဂျင်ကလေးနှင့် စုတ်ဖွားက လက်မခံချေ။

'ဟေ့ကောင်—မီးခဲ၊ ငါတို့ကို မလိမ့်တစ်ပတီလုပ်လို့ မရတော့ဘူး၊ ငါတို့ဆီက လိမ်ယူသွားတဲ့ ပစ္စည်းတွေအတွက် မြို့တော်ဝန်ဆီသွားပြီး ဖြေရှင်းကြမယ်၊ လာ—လိုက်ခဲ့'

ဂျင်ကလေးက ပြောပြောဆိုဆို စုကျောင်း၏ လက်ကို ဖမ်းဆွဲလိုက်လေ၏။

သူက အတင်းဆောင့်ဆွဲလိုက်သဖြင့် စုကျောင်း ထိုင်ရာမှ ထရပ်လိုက်ရလေ၏။

ဂျင်ကလေးက....

'မင်း ထွက်ပြေးမယ် မကြံနဲ့'

ဟု အော်ငေါက်ပြီး ဆွဲခေါ်သွားနေစဉ်မှာပင် စုတ်ဖွားက စားပွဲပေါ်တင်ထားသည့် စုကျောင်း၏ အိတ်ကို ခပ်တည်တည် ဆွဲယူလိုက်လေသည်။

စုကျောင်းမှာ ဂျင်ကလေး၏လက်မှ ရုန်းထွက်ရင်း....

'ဟေ့လူ—ကျုပ်လက်ကို လွှတ်ပါဗျ'

ဟု အော်လိုက်သည်။



ဂျင်ကလေးကို ဂရုစိုက်နေမိသဖြင့် စုတ်ဖွားက သူ၏အိတ် ဆွဲယူသွားသည်ကို သတိမပြုမိလိုက်ချေ။

ဂျင်ကလေးကဲ—

'မရှည်နဲ့၊ မြို့တော်ဝန်ဆီကို လိုက်ခဲ့'

ဟု ပြောကာ အတင်းဆွဲခေါ်နေ၏။

တမဇီ ပြဿနာဖန်တီးနေခြင်း ဖြစ်ပါတော့၏။

စုကျောင်းမှာ မတရားစွပ်စွဲခံနေရခြင်းဖြစ်ရာ ဗျာများသွားရလေ၏။

ဆူဆူညံညံအသံများကြောင့် ဆိုင်လုလင်များ လှမ်းလာနေကြသည်ကို တွေ့လိုက်ရလျှင် အားတက်သွားပြီး—

'ကျုပ်ကို ကူညီပါဦးဗျာ၊ ဒီမှာ ကျုပ်ကို လူမှားပြီးစွပ်စွဲနေတယ်ဗျ'

ဟု လှမ်းပြီး အကူအညီတောင်းလိုက်လေ၏။

ဆိုင်လုလင်များ ချက်ချင်း ရောက်ရှိလာကြလေ၏။

ထိုအချိန်တွင်....

စုတ်ဖွားက ဆိုင်အပြင်ဘက်သို့ မသိမသာ လစ်ထွက်သွားလေ၏။

ဂျင်းကလေးကမူ—

'ဒီကောင်က ကျုပ်ရဲ့ ပစ္စည်းတွေကို တစ်ပတ်ရိုက်သွားလို့ ဖြေရှင်းဖို့ မြို့တော်ဝန်ဆီကို ခေါ်သွားမလို့ဗျ'

ဟု ပြောလိုက်၏။

ဆိုင်လူလင်များသည် ဂျင်ကလေးအကြောင်း ကောင်းစွာ သိထားကြပေ၏။

ထို့ကြောင့်—

'ခင်ဗျား ဆိုင်ထဲလာမရှုပ်ဘဲ အေးအေးဆေးဆေးထွက်သွားရင် ကောင်းမယ်'

ဟု ပြောလိုက်ကြလေ၏။

ဂျင်းကလေး မခံချမနပ်ဖြစ်သွားဟန်ဖြင့်—

'ကျုပ်ကတော့ မြို့တော်ဝန်ဆီကို သွားတိုင်ရမှာပဲ'



ဟု ပြောကာ ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်သွားလေတော့၏။

* * *

ဂျင်ကလေးနှင့် စုတ်ဖွားတို့ ထွက်သွားကြပြီ ဖြစ်လေသည်။

ယခုမှ စုကျောင်း သက်ပြင်းချနိုင်လေသည်။

'ဟူး—တော်ပါသေးရဲ့'

ဟု ရေရွတ်လိုက်မိသည်။

ဆိုင်လုလင်တစ်ယောက်က...

'ဒီလူတွေဟာ လူရှုပ်လူပွေတွေဗျ၊ ဒီမြို့ကို ရောက်လာတဲ့ မျက်နှာစိမ်းညှော်သည်ဆိုရင် နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးတတ်ကြတာ'

ဟု ပြောပြလေသည်။

စုကျောင်းက....

'ကျုပ်က ခုမှ ဒီမြို့ကိုရောက်လာတာပါ၊ သူတို့အကြောင်းကို ဘာမှ မသိပါဘူးဗျာ'

ဆိုင်လုလင်က....

'ကျွန်တော်ကို သိပါတယ်၊ အစ်ကိုလေး ပစ္စည်းတွေကို စစ်ဆေးကြည့်ပါဦး'

ထိုအခါမှ စားပွဲပေါ်တင်ထားသည့် အထုပ်ကလေးမရှိတော့ကြောင်း စုကျောင်း သိလိုက်ရလေတော့သည်။

'ဟာ....'

သူက လွတ်ခနဲ အော်လိုက်ခြင်းကြောင့် ဆိုင်လုလင်က—

'ဘာဖြစ်လို့လဲ အစ်ကိုလေး'

ဟု မေးလိုက်သည်။



စုကျောင်းက....

'ကျုပ်—ကျုပ်ရဲ့ ခရီးဆောင်အိတ် မရှိတော့ဘူး'

ဆိုင်လုလင်က....

'ဒါဆို ဟိုလူရှုပ်နှစ်ယောက်နောက်ကို ပါသွားပြီ ထင်တယ်အစ်ကိုလေး'

'ကျုပ်....ကျုပ်'

'အစ်ကိုလေး ဘာမှစဉ်းစားမနေနဲ့တော့၊ ထိုလူနှစ်ယောက်နောက်ကို မြန်မြန်သာလိုက်သွားပေတော့'

စုကျောင်းသည်စားသောက်ခ ကျသင့်ငွေ ပေးချေရန်ပင်မေ့လျော့သွားသည်၊ ဆိုင်အပြင်သို့ ကတိုက်ကရိုက်ပြေးထွက်သွားလေတော့သည်။

* * *

လမ်းပေါ်တွင် လူစည်ကားနေပါသည်။

စုကျော်င်းလမ်းပေါ်သို့ ရောက်ရှိလာပြီဖြစ်သည်။

သို့သော်....

စုတ်ဖွားနှင့်ဂျင်ကလေးတို့၏ အရိပ်အရောင်ပင် မတွေ့ရတော့ပါချေ။

စုကျော်င်း ရင်ထိတ်သွားသည်။

'ဒုက္ခပါပဲ၊ ငါ့ပစ္စည်းတော့ ဆုံးပြီထင်ပါတယ်၊ အဆုံးခံလို့မဖြစ်ဘူး'

ပူပန်စွာတွေးတောရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြန်သည်။

ယခုတစ်ကြိမ်....

လမ်းကြားသို့ ခပ်သုတ်သုတ် ဝင်သွားသူ နှစ်ယောက်၏ နောက်ကျောကို တွေ့လိုက်ရသည်။

'ဟိုလမ်းကြားထဲ ဝင်သွားပြီ'

စုကျော်င်း ကပျာကယာ ပြေးလိုက်သွားသည်။

လမ်းကြားလေး အတွင်း၌လည်း သွားလာ လှုပ်ရှားသူများရှိနေကြသည်။



စုကျော်င်းက ခပ်သုတ်သုတ်ပြေးလိုက်သွားခြင်းဖြစ်သည်။
သို့သော်....

လမ်းကြားအတွင်းသို့ ရောက်သွားသောအခါ ထိုလူနှစ်ယောက်သည် သူ့ထံမှ အထုပ်လေးယူသွားသူများ မဟုတ်ဘဲ အခြားသူများဖြစ်နေကြောင်း တွေ့လိုက်ရသည်။

စုကျော်င်း စိတ်ဓာတ်ကျသွားသည်။

ထိုလူ နှစ်ယောက်သည် ခြေရာဖျောက်ကာ ထွက်ပြေးရှောင်တိမ်းသွားကြပြီဖြစ်သည်။

စုကျော်င်းမှာ ဝမ်းနည်းကြေကွဲမှုကြောင့် မျက်ဝန်းအစုံ၌ မျက်ရည်များပင် ရစ်ဝဲလာသည်။

'ကြော် ... ငါ့ဒုက္ခကြီးမားလှချည်လား'

ဟု ညည်းတွားနေမိသည်။

အချိန်များတရွေ့ရွေ့ကုန်ဆုံးသွား၏။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်သည်။

တစ်နေ့တာအချိန်သည် မည်သို့မည်ပုံ ကုန်ဆုံးသွားသည်ကို စုကျောင်းသတိမထားမိနိုင်ခဲ့ပါချေ။

ညောင်းညာရမှန်း ဆာလောင်ရမှန်းမသိဘဲ မြို့ထဲ တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်သွားနေမိသည်။

ဂျင်ကလေးနှင့်စုတ်ဖွားကို ရှာနေခြင်းဖြစ်သည်။

သူတို့အား ရှာဖွေတွေ့မှ သူ၏ပစ္စည်းများ ပြန်ရမည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့်...

တစ်လမ်းဝင် တစ်လမ်းထွက် လိုက်လံ ရှာဖွေခြင်း ဖြစ်သည်။

ဤမြို့လေးသို့ တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဘူးပါ။

လမ်းများကို မမှတ်မိသကဲ့သို့ မည်သည့်လမ်းက မည်သည့်နေရာသို့ ရောက်သည်ကိုလည်း မသိပါချေ။



သူ၏ အထုပ်လေး ယူသွားသူများအား တွေ့လိုဇောဖြင့် လိုက်ရှာရင်း မိုးချုပ်သွားသောအခါ လူရှင်းနေသော လမ်းကြားတစ်ခုအတွင်း၌ ရောက်ရှိနေလေတော့သည်။

ပတ်ဝန်းကျင်တွင် လူနေအိမ်ခြေ တစထက်တစ ကျဲပါးသွားသည်။

စုကျောင်းသည် ခြေလှမ်း ရပ်လိုက်ဖို့ မစဉ်းစားဘဲ ရှေ့ဆက်လျှောက်သွားနေဆဲ။

အလင်းရောင်ပျောက်သွားပြီး အမှောင်ထု လွှမ်းခြုံလိုက်သည်။

အတန်ကြာလျှင် ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာသည်။

မှောင်နှင့်မည်းမည်း ရမ်းသမ်းပြီး လျှောက်လာခဲ့သော စုကျောင်းသည် လရောင် ထွက်ပေါ်လာတော့မှ ပတ်ဝန်းကျင်ကို သတိထားမိလာ၏။

လမ်းကလေးမှာ မြေနီလမ်းကလေးဖြစ်ကာ ကွေ့ကွေ့ကောက်ကောက်ရှိသည်။

လမ်းဘေးဝဲယာ တစ်ဘက်တစ်ချက်၌ သစ်ပင်များ၊ ချုံပုတ်များ ဟိုတစ်စုသည်တစ်စုရှိနေသည်။ ထို့အပြင်....

မြေပုံမှတ်တိုင်များ၊ အုတ်ဂူများရှိနေသည်ကိုလည်း တွေ့ရသည်။

'ဟိုက်'

စုကျောင်းထိတ်လန့်ကာ လွှတ်ခနဲအော်လိုက်မိသည်။

မမျှော်လင့်ဘဲ သင်္ချိုင်းမြေထဲသို့ ရောက်လာခဲ့သည်မဟုတ်ပါလား။

ထိုစဉ်....

'ရှင်ရောက်လာပြီကိုး'

ငှက်ဆိုးထိုးသံပမာ စူးရှသော အသံတစ်ချက် ထွက်ပေါ်လာသည်။

စုကျောင်းခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

စကားသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်၏။

ထိုအခါ....



အုတ်ဂူများကြားမှ လူရိပ်တစ်ခု ခုန်ထွက် လာသည်ကို တွေ့ရလေတော့သည်။

* * *

စုကျောင်း ခြေလှမ်းတုန့်ကနဲရပ်သွား၏။

ညအချိန်သင်္ချိုင်းမြေထဲသို့ ရောက်လာရခြင်းကြောင့် ထိတ်လန့်နေစဉ် အော်ငေါက်သံနှင့်အတူ လူရိပ်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့ရသဖြင့် ပို၍ထိတ်လန့်သွားကာ....

'အမလေး'

ဟု အော်မိသည်။

လူရိုပ်က...

‘ဘာလဲ ရှင်က ခုမှကြောက်နေပြီလား’

ဟု ငေါက်လိုက်သည်။

လျှပ်တစ်ပြက် ရှေ့တိုးလာသည်။

စုံကျောင်းသည် မကောင်းဆိုးဝါးတစ်ကောင်နှင့် တိုးမိပြီဟု အထင်မှတ်ထား ကြောက်ရွံ့တုန်လှုပ်သွားသည်။

နောက်လှည့်ထွက်ပြေးဖို့လည်း ဟန်ပြင်မိသည်။

သို့သော်...

သူ၏ ခြေထောက်များသည် အကြောဆွဲနေသကဲ့သို့ လှုပ်ရှား၍ မရဘဲဖြစ်နေပါတော့သည်။

လူရိုပ်သည် သူ၏ရှေ့သို့ ရိပ်ကနဲရောက်ရှိလာသည်။

စုံကျောင်းမျက်လုံးပြူး၍ ကြည့်လိုက်သည်။



ထိုအခါ...

ဆံပင်ဖားလျားချထားသော မိန်းကလေး တစ်ယောက်ဖြစ်နေသည်ကို တွေ့ရ၏။

ထိုမိန်းကလေးသည် လွန်စွာမှပင် အရုပ်ဆိုးအကျည်းတန်သူဖြစ်သည်။

ညအချိန် သချိုင်းမြေထဲ ဆံပင်ဖားလျား ချထားသော ရုပ်ဆိုးမလေးတစ်ယောက်အား တွေ့လိုက်ရသဖြင့် စုံကျောင်းမှာ သတိလစ်မေ့မျောသွားလုမတတ် ဖြစ်သွားရလေတော့သည်။

ရုပ်ဆိုးမက...

‘ကဲ...ရှင့်ခါးထုတ်လိုက်ပေတော့’

ဟု ပြောလေသည်။

သူမစကားကြောင့် စုံကျောင်း ကပျာကယာ ခေါင်းခါလိုက်သည်။

‘ကျုပ်—ကျုပ်မှာ ခါးမပါပါဘူးဗျာ’

'ဩော်....ရှင်က ကျွန်မကို ဂရုမစိုက်တဲ့ သဘောပေါ့ ဟုတ်လား'

ရုပ်ဆိုးမသည် ခံပြင်းသွားဟန်ဖြင့် ရှေ့သို့ လျှော့ဘမြက် တိုးလာပြီး ပါးရိုက်လိုက်သည်။

စုကျော်င်း မည်သို့မျှ မရှောင်နိုင်ပါချေ။

'ဖြန်း'
'အား'

ရုပ်ဆိုးမ၏ ပါးရိုက်ချမှုကြောင့် ပါးပြင်တစ်ဘက် နီရဲနေ ကျင်သွားတော့သည်။

မည်သို့ဆိုစေ....

ထိုရုပ်ဆိုးမသည် သူထင်မှတ်သလို မကောင်းဆိုးဝါး တစ်ကောင်မဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေသည်ကို သိလိုက်ရသည်။

စုကျော်င်းသည် ပါးပြင်တစ်ဖက်ကို လက်ဝါးဖြင့် ပွတ်သပ်ရင်း....



'ကျုပ်က ဒုက္ခသည်တစ်ယောက်ပါဗျာ၊ ကျုပ်ကိုရန်မပြုပါနဲ့လို့ တောင်းပန်ပါတယ်'

ဟု ပြောလိုက်သည်။

ရုပ်ဆိုးမသည် လူတစ်ယောက်ဖြစ်မှန်း သိလိုက်ရသဖြင့် ကြောက်ရွံ့စိတ်များ တမဟုတ်ချင်း ကွယ်ပျောက် သွားလေသည်။

'ဘာရှင်'

ရုပ်ဆိုးမ၏ အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သူမသည် ရှေ့သို့ခြေတစ်လှမ်းတိုးပြီး စုကျော်င်းအား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ပြီးလျှင်....

'ရှင်ဟာ မသူတော် ဓမ်းဖုံးမဟုတ်ဘူးလား'

ဟု မေးလိုက်သည်။

စုကျော်င်း ခေါင်းယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ ကျုပ်က စုကျော်င်းပါ'

'ရှင် လိမ်မပြောနဲ့နော်'

'မလိမ်စံ့ပါဘူးဗျာ၊ အမှန်အတိုင်းပြောတာပါဗျာ'

ရုပ်ဆိုးမက—

'ဒါဖြင့် ရှင်က ဘာကြောင့် ဒီနေရာကို ရောက်လာတာလဲ၊ ပြောစမ်းပါဦး'

ဟု မေးပြန်သည်။

စုကျောင်းက....

'ကျုပ်ရဲ့ပစ္စည်းတွေ ယူပြေးသွားတဲ့ လူနှစ်ယောက်ကို လိုက်ရှာရင်း ရောက်လာတာပါ'

ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ရှင်းပြလိုက်သည်။

သူမက ဘာမှမပြောဘဲ ငြိမ်နေ၏။

သူမ၏ စူးရှသောက်ပသော မျက်လုံးများက စုံကျောင်းအား မျက်တောင်မခတ် အကဲခတ်ကြည့်နေ၏။

စုကျောင်းလိမ်ပြောခြင်း ဟုတ်မဟုတ်တွေးတောစဉ်းစားနေပုံမျိုးဖြစ်သည်။



စုကျောင်းက...
'ကျုပ်ပိုင်ဆိုင်သမျှ အားလုံး ပါသွားတယ်၊ ကျုပ်မှာ အဝတ်တစ်ထည်ကိုယ်တစ်ခုပဲ ရှိတော့တယ်၊ ဒါကြောင့်သူတို့ တွေ့အောင်လိုက်ရှာနေရတာပါဗျာ'

ဟု ပြောလိုက်သည်။

သူမထံမှ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

'ရှင်လိုက်ရှာလို့ တွေ့မလား၊ ခုလောက်ဆို သူတို့လိပ်လို ခေါင်းဝှက်ပြီး ပုန်းနေကြလောက်ပြီပေါ့၊ တစ်လမ်းဝင်တစ်လမ်းထွက်ခလျောက်သွားနေကြတော့မှာ မဟုတ်ဘူးရှင့်'

ဟုပြောသည်။

စုံကျောင်းက....

'သူတို့ကို မတွေ့လို့မဖြစ်ဘူး'

ဟု ညည်းတွားလိုက်သည်။

သူမက—

'ရှင် ဒီလိုလိုက်ရှာနေလို့ ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး၊ အချက်ကျကျ ရှာတတ်ရအယ်ရှင့်'

'ဘယ်လို အချက်ကျကျရှာတတ်ရမှာလဲဗျ'

သူမသည် စုကျောင်းအား မျက်မှောင်ကုပ်ဘာ တစ်ချက်ကြည့်လိုက်ပြီး –

'ရှင် တော်တော် အတာပဲ၊ ဒါကြောင့် ခုလိုခံလိုက်ရတာပဲ'

ဟု ပြစ်တင်ပြောလိုက်သည်။

ရုပ်ဆိုးမလေးသည် ကြောက်စရာကောင်းလောက်အောင် ရုပ်ဆိုးနေသည်မှန်ပေသည်။

သို့သော်–

သူမသည် စိတ်ကောင်းရှိသူတစ်ယောက်ဟု စုကျောင်း ဆင်ခြင်မိလိုက်လေသည်။

မိန်းကလေးက ...

'ရှင် ဒီမှာဆက်နေရင် ခုထက်ပိုပြီး ဒုက္ခရောက်လိမ့်မယ် မြန်မြန်ထွက်သွားတော့'

ဟု ပြောသည်။



စုကျောင်း သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီဗျာ'

သူ လိုက်ရှာနေသူနှစ်ယောက် သခ်ျိုင်းထဲ၌ ရှိမနေသည်မှာ ထင်ရှားပါသည်။

ဆက်နေ၍လည်း အကြောင်းထူးမည်မဟုတ်ကြောင်းနားလည်မိသဖြင့် ထွက်သွားရန် ဟန်ပြင်လိုက်သည်။

'နေဦး'

သူမက ဟန့်တားလိုက်၏။

စုကျောင်းက....

'ဘာပြောစရာရှိလို့လဲဗျာ'

ဟု မေးလိုက်။

'ရှင့်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲရှိတော့တယ်ဟုတ်လား'

စုကျောင်းက ခပ်ရှက်ရှက်ဖြင့်–

'ဟုတ်ပါတယ်ဗျာ'

ဟု ပြောလိုက်ရသည်။

သူမက....

'ဒါဖြင့် ကျွန်မဆီက ငွေယူသွား'

ပြောပြောဆိုဆို အထုပ်လေးတစ်ထုပ်ပေးသည်။

စုကျောင်း ခေါင်းယမ်းသည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ မယူပါရစေနဲ့'

'ဘာဖြစ်လို့လဲရှင့်'

'ကျုပ်ဒုက္ခရောက်တာနဲ့ ခင်ဗျားဆီကငွေကို ယူရမည်ဆိုတာ မကောင်းပါဘူး၊ ကျုပ်တို့အခုမှ တွေ့ဘူးကြတာမဟုတ်လားဗျာ၊ ပြီးတော့ ကျုပ်က ယူလိုက်ရင် ခင်ဗျား ဘာသွားသုံးမလဲ'

ရှုပ်ဆိုးမ ရယ်မောလိုက်လေ၏။

'ဩော်... ရှင်က ကျွန်မအတွက် စိတ်ပူနေတာကိုး'

စုကျောင်းက....



'ကျုပ်ကို ကူညီချင်တာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ငွေကို လက်မခံပါရစေနဲ့ဗျာ'

ဟု ပြောလိုက်လေသည်။

ရှုပ်ဆိုးမက—

'ကျွန်မက ဘာကြောင့် သင်းချိုင်းမြေထဲ ရောက်နေရသလဲဆိုတာ ရှင် သိသလား'

ဟု မေးလေသည်။

စုကျောင်း အံ့ဩသွားသည်။

'ကျုပ် ဘယ်လိုလုပ်သိနိုင်မှာလဲဗျာ'

ရှုပ်ဆိုးမက—

'မသိရင် မှတ်ထား၊ မကြာခင် သေရတော့မှာမို့ သင်းချိုင်းထဲ ရောက်နေတာရှင့်'

'ဗျာ—'

မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် စုကျောင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ရှပ်ဆိုးမကကိုလည်း မျက်လုံးပြူးကာ ကြည့်လိုက်မိလေသည်။

ရှပ်ဆိုးမက—

'ကျွန်မ တစ်ကယ်ပြောတာ၊ မကြာခင် ကျွန်မ သေရတော့မယ်၊ ကျွန်မအတွက် ဘာပစ္စည်းမှ မလိုတော့ဘူး၊ ဒါကြောင့် ရှင့်ကို ပေးလိုက်တာ၊ တစ်ခုဘော့ရှိတယ်၊ ရှင်က ကျွန်မကို ကျေးဇူးတင်တယ်ဆိုရင် ကျွန်မအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးပေါ့ရှင်'

ပြောပြောဆိုဆို ရှေ့တိုးလာကာ ငွေအိတ်ကလေးကို စုကျောင်း၏လက်ထဲ ထည့်ပေးလိုက်လေသည်။

စုကျောင်း ကြောင်အမ်းအမ်းဖြင့် ယူထာ လိုက်ရလေသည်။

ရှပ်ဆိုးမက—

'ဒီနေရာမှာ အန္တရာယ်များတယ်၊ ရှင် မြန်မြန်ထွက်သွားပေတော့'

ဟု ပြောလေသည်။

စုကျောင်းက....



'ကျုပ်....'

'ရှင် မသွားသေးဘူးလား၊ ခေသချင်ပြီဆင်တယ်'

'ဗျာ–'

'မြန်မြန်သွား၊ မဟုတ်ရင် ရှင် ကြမ်းအအချောင်သေသွားလိမ့်မယ်'

'ကျုပ်....ကျုပ်'

'သွား ...သွား .. မြန်မြန်သွား'

ရှပ်ဆိုးမက အဘင်းခမောင်းထုတ်နေသဖြင့် စုကျောင်းဆက်မနေရဲတော့ပေ၊

သချိုင်းမြေထဲမှ ခပ်သုတ်သုတ် ထွက်လာရင့်လေတော့သည်။

* * *

စုကျောင်းသည် သချိုင်းမြေအပြင်ဘက်သို့ ရောက်လာပြီ ဖြစ်လေသည်။

အေးမြသော ညလေများ သုန်သုန်ညင်းညင်း တိုက်ခတ်နေပါသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေပြီး လရောင်သည် သစ်ပင်များပေါ်သို့လည်းကောင်း၊ လမ်းများပေါ်သို့လည်းကောင်း၊ အိမ်ခေါင်းမိုးများပေါ်သို့လည်းကောင်း ထိုးကျနေသည်။

စုကျောင်းသည် မြေနီလမ်းလေးအတိုင်း လျှောက်လာခဲ့လေ၏။

သချိုင်းမြေနှင့် ခပ်ဝေးဝေးသို့ ရောက်ရှိလာသောအခါ ခြေလှမ်းတုန့်ခနဲ ရပ်သွား၏။

လက်ထဲမှ အထုပ်လေးကို ငုံ့ကြည့်လိုက်မိ၏။

ငွေအိတ်လေး ဖြစ်ပါသည်။

အိတ်ထဲ၌ ငွေအဖော်များများပါရှိနေသည်ကို တွေ့ရ၏။ စုကျောင်း အံ့သြနေသည်။

'သူက ဘာကြောင့် ငါ့ကို ပေးလိုက်ရတာလဲ'

ဟု တွေးနေမိ၏။

ရုပ်ဆိုးမလေးနှင့် ယခုမှ တွေ့ဖူးခဲ့ခြင်း ဖြစ်သည်။



သူ့အား ငွေများပေးအောင် ကူညီလိုက်၏။

ထို့အပြင်....

သူမအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးပါဟုလည်း ပြောခဲ့လေ၏။

စုကျောင်းသည် စိတ်ညစ်စရာ၊ ခေါင်းရှုပ်စရာများနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်လေတော့၏။

'မကောင်းဆိုးဝါးတစ်ကောင်က လူယောင်ဖန်ဆင်းပြီး ငါ့ကို ပေးခဲ့တာများလား'

'သူဟာ လူသားတစ်ယောက်ပါ'

'သချိုင်းထဲ ရောက်နေတာ သေဖို့ဆိုတဲ့ သဘောမျိုး သူက ပြောခဲ့တာပဲ'

'သူ့ကို ကြည့်ရတာ လူကောင်းပကတိရှိပါတယ်၊ ဘာကြောင့် သေချင်ရတာလဲ'

စသည် စသည်ဖြင့် တွေးတောစဉ်းစားနေမိလေ၏။

ယခု လောလောဆယ်—

ပျောက်ဆုံးသွားသော သူ၏ ပစ္စည်းများထက် ရုပ်ဆိုးမလေးအကြောင်းက ပိုပြီး စိတ်ဝင်စားစရာကောင်းသည်ဟု နားလည်ထား၏။

သူက ရုပ်ဆိုးမလေး၏ ငွေကို လက်ခံလာမိပြီ ဖြစ်သည်။ စုကျောင်းသည် အဘန်ကြာ တွေးတောစဉ်းစားပြီးမှ—

'မဖြစ်သေးဘူး၊ သူ့ငွေအိတ်ကို ပြန်ပေးမှပါပဲ' ဟု တွေးကာ နောက်ကြောင်းပြန်လှည့်လိုက်၏။

မကြာပါချေ။

သင်္ချိုင်းမြေထဲသို့ ပြန်လာည် ရောက်ရှိသွားလေတော့သည်။

❖

## ဓားခုတ်ရာလက်ကျို

ညဉ့်နက်ပြီ ဖြစ်အည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လမ်းပေါ်တွင်တစ်ယောက်တည်းဖြစ်နေရကား စုရကျောဝင်းရင်ထဲ စိုးရွံ့လှသောသည်။

သို့သော်....

ရုပ်သိုးမယားငွေအိတ်ပြန်ပေးရမည်ဖြစ်သော သူ၏ခြေလှမ်းများသည် သင်္ချိုင်းမြေသို့ ဦးတည်နေတော့သည်။

လမ်းသွားရင်း ထွက်ပေါ်လာသည့် သူ၏ခြေသံကိုပင် သူပြန်ပြီး စိုးရွံ့နေမိသည်။

သို့ဖြင့်–

သင်္ချိုင်းမြေနှင့် တစ်စသက်တစ်စ နီးကပ်လာတော၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

စုကျော်င်း ခြေလှမ်းရပ်လိုက်သည်။

သင်္ချိုင်းမြေထဲကိုဝင်ဖို့ ဝန်လေးသွား၏။

ဝင်သင့်မဝင်သင့် တွေးနေမိခြင်း ဖြစ်သည်။

သူ၏ လက်ထဲ၌ ရှပ်ဆိုးမလေးပေးလိုက်သော ငွေအိတ် ရှိနေပါ၏။

မကောင်းဆိုးဝါးတစ်ကောင်ဆိုလျှင် ထိုသို့ ငွေအိတ်တစ်လုံးကို လက်ဆောင်ပေးနိုင်လိမ့်မည် မဟုတ်ပါချေ။

ရှပ်ဆိုးမသည် လူသားတစ်ယောက်ဖြစ်ကြောင်း အခိုင်အမာ ယုံကြည်လာလေသည်။

'သူဟာ. အဲ့ကြောင်းတစ်ခုကြောင့် သင်္ချိုင်းမြေထဲ ရောက်လာတာပဲလေ'



ဟု တွေးလိုက်မိသည်။

ရှပ်ဆိုးမှသည် သူ့အား ကူညီဖို့ ကြိုးစားခဲ့ပါသည်။

ရှပ်ဆိုးမ၏ စေတနာကို အသိအမှတ် ပြုရမည် မဟုတ်ပါလား။

စုကျော်င်းသည် သင်္ချိုင်းမြေထဲသို့ ဝင်လာခဲ့လေသည်။

ထိုစဉ် –

'ဟား... ဟား–ဟား'

ရယ်မောသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုကျော်င်းခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

ရယ်သံကြောင့် ကြက်သီးဖျန်းဖျန်းထသွားသည်။

ကပျာကယာ လှမ်းကြည့်လိုက်မိလေသည်။

ထိုအခါ....

သင်္ချိုင်းအတွင်း၌ လူသုံးယောက်က မိန်းကလေး တစ်ယောက်အား ဝိုင်းရံထားကြသည်ကို တွေ့လိုက်ရလေသည်။

စုကျော်င်း ခြေဖျားလက်ဖျားအေးစက်သွားသည်။

မမျှော်လင့်ဘဲ အန္တရာယ်ကြုံတွေ့နေရပြီမဟုတ်လား၊

သစ်ပင်တစ်ပင်အောက်သို့ ကပျာကယာ ပြေးဝင်လိုက်ပြီး မသိမသာ ချောင်းကြည့်နေလိုက်လေသည်။

ထိုစဉ်....

'ဝမ်ဖိုး....ဒီကနေ့ ရှင်ခံရမယ်'

ဟူသော ကြုံးဝါးသံ ထွက်ပေါ်လာလေသည်။

ရှပ်ဆိုးမ၏အသံဖြစ်လေသည်။

'သူက ငါ့ကိုလူမှားပြီး ဒုက္ခပေးမသို့ ကြံရွယ်မိခဲ့တာကိုး၊ [illegible] သူတွေ့ချင်တဲ့လူနဲ့ တွေ့ရပြီထင်တယ်'

စံကျော်စိတ်ထဲမှ ရေရွတ်လိုက်မိလေသည်။

ရှပ်ဆိုးမ၏ စကားအဆုံးတွင်...

'ရှပ်ဆိုးမ မင်းကကျုပ်ကိုလိုက်ရှာနေတယ်ဆိုတာ သတင်းကြားပြီးပြီ၊ ဒါကြောင့် မင်း လိုက်လာအောင် ကျုပ်က ဒီသချိုင်းမှာ ညတက် လာခိုနေတာတယ်လို့ သတင်း လွှင့်လိုက်တာပဲ'



လူတစ်ယောက်က ပြောလာသည်။

ရှပ်ဆိုးမက...

'ဝမ်ဖိုး ရှင့်ကို သတ်သင်ရှင်းလင်းပစ်ဖို့ဆိုရင် ငရဲပြည် ရောက်တဲ့အထိ ကျွန်မလိုက်မှာပဲဆိုတာ မှတ်ထားပါ'

ဝမ်းဖိုးက—

'ကောင်းပြီလေ၊ ကျုပ်တို့ကလဲ မင်းကို ငရဲပြည် ပို့ပေးရမှာပေါ့'

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြလိုက်လေသည်။

'ခွမ်း....ခွမ်း'

ဓားများကို ဆွဲထုတ်လိုက်သည့် အသံများ ထွက်ပေါ်လာ၏။

ဝမ်ဖိုး၏လူနှစ်ယောက်သည် ချက်ခြင်းပင် ရှပ်ဆိုးမအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ရှပ်ဆိုးမကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ပြင်းထန်သော တိုက်ပွဲတစ်ခု ရှတ်ခြည်း ဖြစ်ပေါ်လာ
လေတော့သည်။

* * *

လရောင်ဖြာကျနေသည်။

လရောင်ဖြင့် အနက်ရောင် စတ်ဆင်ထားသူ နှစ်ယောက်
သည် သူမအား တရကြမ်း တိုက်ခိုက်နေကြသည်ကို အတိုင်း
သား တွေ့မြင်နေရလေသည်။

လရောင်အောက်တွင် ဓါးရောင်များ ဖွေးဖွေးလှုပ်နေ
ပါသည်။



သူမကလည်း ဓါးမြှောင် တစ်လက် ထုတ်ကာ ပြန်လည်
တိုက်ခိုက်နေသည်ကို တွေ့ရလေသည်။

စုကျောင်းသည် ထိတ်လန့်စွာဖြင့် တိုက်ပွဲကို ငေးကြည့်
နေလေသည်။

'သူတို့ဟာ သိုဝီးသမှားတွေပဲ'

ဟုလည်း သဘောပေါက်လိုက်မိသည်။

ဝမ်ဖုံးတို့ကမူ ဝင်ရောက်တိုက်ခိုက်ခြင်းမပြုချေ။

အခြေအနေ စောင့်ကြည့်နေ၏။

စုကျောင်းက—

'သူတို့က မိန်းအလေးတစ်ယောက်ကိုဝိုင်းပြီးတိုက်ခိုက်ကြ
တာတော့ မှကောင်းပါဘူး'

ဟု တွေးကာ သူမအား ကူညီလိုစိတ်များ ဖြစ်ပေါ်လာ
လေသည်။

သို့သော်....

ရက်စက်ကြမ်းကြုတ်လှသော တိုက်ပွဲအတွင်းသို့ ပါဝင်ဖို့ မဝံ့ရဲချေ။

သူမ အား မကူညီနိုင်မီ သူ ဒုက္ခရောက်သွား လိမ့်မည် မဟုတ်ပါလား။

ထိုစဉ်...

အလစ်ချောင်းနေသည့် ဝမ်းဖုံးက ဓားမြှောင်တစ်လက်ဖြင့် တိတ်တဆိတ် ပစ်ပေါက်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

စုကျောင်းက သတိပြုမိလိုက်သော်လည်း အနက်ရောင်ဝတ်ထားသူနှစ်ယောက်နှင့် ရင်ဆိုင်နေသော သူမ သတိမပြုလိုက်မိချေ။

စုကျောင်းထိတ်လန့်သွားပြီး

'သတိထား'

ဟု အော်ပြောလိုက်သည်၊

သူ၏အသံ ကျယ်လောင်လှသဖြင့် အားလုံးကြောင်အမ်းအမ်းဖြစ်သွားကြသည်။



ဝမ်ဖုံးက...

'လူစိမ်းတစ်ယောက်ရှိနေတယ်ဟေ့'

ဟု သတိပေးလိုက်သည်။

အနက်ရောင် ဝတ်ထားသူနှစ်ယောက်သည် အလစ်တိုက်ခိုက်ခံရမည်ကို စိုးရိမ်ကာ ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ဤတွင်....

'သေပေတော့'

ရုပ်ဆိုးမက အခွင့်အရေးကို လက်လွှတ်မခံဘဲ တရကြမ်း တိုက်ခိုက်လိုက်သည်။

သူမတိုက်ခိုက်မှုမှာ လျှပ်မြန် သွက်လက်လှပေသည်။

အနက်ရောင်ဝတ်ထားသူ နှစ်ယောက်မှာ ဟန်ချက် ပျက်သွားသည်ဖြစ်ရကား သူမတိုက်ခိုက်မှုကို ခံလိုက်ရလေတော့သည်။

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

နောက်ဆုတ်ရန် ကြိုးစားနေသည့်ကြားမှ သူမ၏ လက်ချက်မိသွားကြသဖြင့် မြေပေါ်လဲကျသွားတော့သည်။

ထိုအချိန်မှာပင်....

ဝမ်းဖုံး အလစ်ပစ်ပေါက်လိုက်သော ခဲမြောင်သည် အတင့်ရဲစွာ ရှေ့တိုးတိုက်ခိုက်လာသည့် သူမအားထိမှန်သွားလေတော့သည်။

'အမလေး'

သူမသစ်ချက် အော်ဟစ်လိုက်ပြီး မြေပေါ် ပုံလျက်သားလဲကျသွားလေတော့သည်။

* * *



ပြင်းထန်သော တိုက်ပွဲမှာ ရပ်ခြည်း ပြီးဆုံးသွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ နှစ်ယောက်နှင့် သူမသည် မြေပေါ်လဲကျနေသည်။

'ဟား—ဟား—ဟား'

ဝမ်းဖုံးသည် ဟွားတိုက်ရယ်မောလိုက်သည်။

သူ၏ အဓိကရန်သူဖြစ်သော ရုပ်ဆိုးမသည် မြေပေါ်သဲကျနေပြီမဟုတ်ပါလား။

ဝမ်းဖုံးက စုကျောင်းဘက်သို့ လှည့်လိုက်သည်။

စုကျောင်းသည် သစ်ပင်တစ်ပင် နောက်ကွယ်၌ ပုန်းအောင်းနေသော်လည်း ဝမ်းဖုံးက သေသေချာချာတွေ့မြင်သွားသည်။

'ဟေ့ကောင် ထွက်လာခဲ့စမ်း'

ဟု ငေါက်လိုက်သည်။

စုကျောင်း ထိတ်လန့်သွားသည်။

သို့သော်....

ဝမ်းဖုံးသည် သူမအားဝိုင်း၍ တိုက်ခိုက်ခဲ့သည့် အပြင် အလစ်ချောင်းလုပ်ကြံခြင်းကြောင့် လူကောင်း တစ်ယောက် မဟုတ်ဟု ဆင်ခြင်မိသဖြင့် ခံပြင်းသွားသည်။

တစ်ပင်နောက်ကွယ်မှ ထွက်လိုက်ပြီး...

'ခင်ဗျားဟာ ယောကျ်ားဖြစ်ပြီး သတ္တိမရှိဘူးလား ဘာ့ကြောင့် ခိုးကြောင်ခိုးဝှက်တိုက်ခိုက်ရတာလဲ'

ဟု အော်ပြောလိုက်သည်။

ဝမ်းဖုံးက မဲ့ပြုံးပြုံးကာ....

'မင်းကကော ဘာ့ကြောင့် ခိုးကြောင်ခိုးဝှက် ပုန်းနေရတာလဲ ပြောစမ်းပါဦး'

ဟု မေးလာသည်။

စုကြောင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

ဝမ်းဖုံးက....

'မင်းကော—ရုပ်ဆိုးမနဲ့ တစ်ဖွဲ့တည်းပဲမဟုတ်လား၊သေဖို့သာပြင်ထားပေတော့'



ဟု ပြောကာ ခါးမှဓားကိုဆွဲထုတ်လိုက်သည်။

'ချွပ်း'

ဝင်းလက် တောက်ပသော ဓားရောင်များ ထွက်ပေါ်လာ၏။

ယခု—

ဝမ်းဖုံးသည် အလွန်ထောက်ကျစ် စဉ်းလဲသည့် အသွင်ရှိပြီး ရက်စက် ကြမ်းကြုတ်မည့်သူဖြစ်ကြောင်း စုကျောင်းတွေ့မြင်လိုက်ရပြီးဖြစ်သည်။

ထို့ပြင်....

အသက်အန္တရာယ်နှင့် ကြုံရပြီးဖြစ်ကြောင်းလည်းသဘောပေါက်လိုက်သည်။

ဝမ်းဖုံးက—

'ငါ့ကို ဒုက္ခပေးမယ့်လူတွေကို ဘယ်တော့မှ အရှင်မထားဘူးကွ'

ဟု ပြောကာ ခါးဝှေ့ယမ်းလိုက်သည်။

စုကျောင်း ကပျာကယာ နောက်ဆုတ်လိုက်ရာ ကျောပြင်မှာ သစ်ပင်ကြီးတစ်ပင်နှင့် ကပ်လိုက်မိလေသည်။

ဝမ်းဖုံးက ခါးကိုအပေါ်မြှောက်ကာ ခုတ်ချရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'ဝှစ်'

'ဒုတ်'

**'အား'**

ဓားမြှောင်တစ်ချောင်းသည် လေထုကိုထိုးခွဲကာ ပစ်လွှင့်ပြီး ဝမ်းဖုံး၏ကျောပြင်၌ စိုက်ဝင်သွားလေသည်။

ဝမ်းဖုံး၏လက်ထဲမှ ဓားလွတ်ကျသွားလေ၏။

ငယ်သံပါအောင်အော်ဟစ်လိုက်ပြီး မြေပေါ်ဒူးထောက်ကျသွားလေသည်။

ဝမ်းဖုံးက အော်ဟစ်ညည်းညူရင်း နောက်လှည့်ကြည့်လိုက်ရာ ရှပ်ဆိုးမက မြေပေါ်မှ လူးလိမ့်ထလာသည်ကို တွေ့လိုက်ရလေသည်။



ဝမ်းဖုံးသည် ကပျာကယာ ကြိုးစားကာ ထရပ်လိုက်ပြီး သချိုင်းမြေထဲမှ ပြေးထွက်သွားလေသည်။

* * *

အခြေအနေ ပြောင်းလဲသွားသည်။

စုကျောင်းသည် အသက်ဘေးမှသီသီလေး လွတ်မြောက်သွားလေသည်။

ဝမ်းဖုံး ထွက်ပြေးသွားပြီဖြစ်လေသည်။

စုကျောင်းမှာ ဝမ်းမသာနိုင်သေးပါ။

အကြောင်းမှာ....

'ဝုန်း'

ရုပ်ဆိုးမသည် မြေပေါ်သို့ ပြန်လည်လဲကျသွားသည်ကို တွေ့မြင်လိုက်ရသည်မဟုတ်ပါလား။

သူမထံသို့ ကပျာကယာ ပြေးသွားပြီး မေးမ လိုက်လေသည်။

'ခင်ဗျားကိုထိသွားပြီ ဟုတ်လား'

ဟုလည်း မေးလိုက်လေသည်။

သူမက ညည်းညူရင်း—

''ဟုတ်တယ်၊ ကျွန်မကို ထိသွားပြီရှင့်'

ဟု ပြောလေသည်။

မှန်ပေသည်။

သူမ၏ဝမ်း ဗိုက်၌ သွေးချင်းချင်းနီရဲနေလေသည်။

ဝမ်းဖိုး ပစ်ပေါက်လိုက်သောဓားသည် သူမ၏ဝမ်းဗိုက်၌ စိုက်ဝင်သွားခဲ့ခြင်းဖြစ်သည်။

ဝမ်းဖိုးက စုကျော်စိုး အား အန္တရာယ်ပြုသော အခါ သူမက ဝမ်းဗိုက်တွင် စိုက်ဝင်နေသော ဓားကို ဆွဲနုတ်ပြီး ဝမ်းဖိုးအား ပြန်လည်ပစ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။



ရုပ်ဆိုးမက....

'ရှင် ဘာကြောင့် ပြန်လာရတာလဲ'

ဟု မေးလေသည်။

စုကျော်စိုးက....

'ကျုပ်က ငွေအိတ်ကိုယူသွားရင် ခင်ဗျား ဘာနဲ့သုံးမလဲ တွေးမိလို့ပါ'

'ဖြစ်မှ ဖြစ်ရလေရှင်'

စုကျော်စိုးသည် သူမ ဒဏ်ရာရထားသည်ကို တွေ့မြင်နေရသဖြင့်....

'ခင်ဗျား သည့်လိုနေလို့မဖြစ်ဘူး၊ သမားတော် သွားပြရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ရုပ်ဆိုးမက....

'ဒီလောက် ဒဏ်ရာလေးကို ကျွန်မ မမှုသေးပါဘူး ရှင်'

ဟု ပြောကာ ဒဏ်ရာတစ်ဝိုက်မှ သွေးကြောများကို ဖိုးပိတ်လိုက်ရာ သွေးများ တိတ်သွားလေသည်။

တဆက်တည်းပင် အသဗ္ဗိဆောင်ထားသော အသက်ကယ်ဆေးတစ်လုံး ထုတ်ယူကာ မဆောက်လိုက်လေသည်။

စုကျောင်းက သူမ လုပ်သမျှ မျက်တောင်မခတ် ကြည့်နေသည်။

ရှပ်ဆိုးမက....

'ရှင်အထွက်မသွားဘဲပြန်လာခဲ့တာ ဓားခုတ်ရာ လက်လျှိသလို ဖြစ်နေပြီဆိုတာ ရှင်သိသလား'

ဟု မေးလေသည်။

စုကျောင်းက ကြောင်အမ်းအမ်းဖြင့်....

'ကျုပ်က ဘာလုပ်မိလို့လဲ'

ဟု ပြန်မေးလိုက်သည်။

'ရှင် ဘာလုပ်သလဲဆိုတာ မမေးနဲ့၊ ဝမ်းဖိုးက ရှင်ဟာကျွန်မနဲ့အတူတူပဲလို့ သတ်မှတ်ပြီး ရှင့်ကိုပါဒုက္ခပေးလိမ့်မယ် ရှင့်....'



သူ စိတ်ပျက်သွားလေသည်။

ရှပ်ဆိုးမကို တစ်ချက်ကြည့်ကာ....

'ခင်ဗျားနဲ့သူ ဘယ်လို ပတ်သက်နေလို့လဲ'

ဟု မေးလိုက်သည်။

ရှပ်ဆိုးမက—

'ဘယ်လိုမှ မပတ်သက်ပါဘူး'

'ဟင်....'

စုကျောင်း အံ့ဩသွားသည်။

'ဘယ်လိုမှ မပတ်သက်ဘူး၊ ဟုတ်လား'

'ဟုတ်တယ်'

စုကျောင်း ခေါင်းကုပ်လိုက်လေသည်။

'ဘယ်လိုမှ မပတ်သက်ဘဲ တစ်ယောက်နဲ့ တစ်ယောက် သတ်ဖို့ ကြိုးစားရသလားဗျာ'

ဟု မေးလိုက်လေသည်။

ရှပ်ဆိုးမက....

'ဒါက ကျွန်မတို့ အလုပ်ပဲလေ'

'ဗျာ....အလုပ်ဟုတ်လား'

'ဟုတ်တယ်'

'လူသတ်တာ အလုပ်လား'

'ဟုတ်တာပေါ့ရှင်'

စုကျောင်းသည် နားမလည်နိုင်စွာဖြင့် ရှပ်ဆိုးမကိုကြည့်နေမိလေတော့သည်။

ရှပ်ဆိုးမက....

'ကျွန်မဟာ ကြေးစားလူသတ်သမား တစ်ယောက်ဆိုရင်ရှင် ဘာပြောမလဲ'

ဟု မေးလေသည်။

'ဗျာ....'

စုကျောင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ရှပ်ဆိုးမက—



'ကျွန်မက သူ့တော်ဝမ်းဖုံးကို သတ်ပစ်ဖို့ အလုပ်လက်ခံထားတယ်လေ၊ ဝမ်းဖုံးကလဲ ခေတ်လူမဟုတ်ဘူးရှင့်၊ သူ့နောက်ကို ကျွန်မ လိုက်နေတယ်ဆိုတာသိလို့ ကျွန်မကို ရှင်းပစ်ဖို့ ကြံစားလိမ့်မယ်ဆိုတာ နားလည်ထားတယ်လေ၊ ဘာပဲဖြစ်ဖြစ် ကျွန်မကလဲ မဖြစ်မနေ သုတ်သင်ရမှာပဲ၊ နောက်ဆုံး ကျွန်မ သေရမယ်ဆိုရင်လဲ မမှုဘူး၊ ဒါကြောင့် ကျွန်မကသေဖို့ ဒီနေရာကို လာခဲ့တာလို့ ပြောခဲ့တာပေါ့'

စုကျောင်းသည် ရှပ်ဆိုးမကိုကြည့်ရင်း ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်မလာတော့၍ ကိုယ့်ကိုယ်ကို အံ့သြနေမိလေသည်။

'ဝမ်းဖုံးကတော့ လူဆိုးတစ်ယောက် ဟုတ်လား'
ဟု မေးလိုက်သည်။

ရှပ်ဆိုးမက....

'ဟုတ်တာပေါ့ရှင်၊ သူ့အကြောင်းမသိတဲ့လူတွေကတော့ အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်တဲ့လူလို့ ထင်မှတ်နေကြမှာပဲ၊ တကယ်တော့ သူဟာ မိန်း

ကလေးထွေကိုမှရှေးပြီး ဖျက်ဆီးနေတဲ့ လူယုတ်မာတစ်ယောက်ရှင်'

'ဩော်...'

'ဘာလဲ၊ ကျွန်မက လူသတ်သမားတစ်ယောက်ဆိုတော့ ရှင်က ဝမ်းဖို့အတွက် စိတ်ပူပြီး မေးတာလား'

'ဟာ....ဒီလိုလဲ မဟုတ်ပါဘူး'

'ဒီမှာ ကျွန်မဟာ ကြေးစား လူသတ်သမားဆိုပေမယ့် အပြစ်မရှိတဲ့လူကို ဘယ်တော့မှ မသတ်ဘူးဆိုတာ ယုံထားစမ်းပါ'

စုံကျောင်းက ခေါင်းညိတ်လိုက်သည်။

'ယုံ–ယုံပါတယ်ဗျာ'

ရှပ်ဆိုးမက....

'ကဲ–သွားကြရအောင်'

သူမသည် လူးလိမ့်ထလာပြီး ပြောလိုက်လေသည်။

စုံကျောင်းက....



'ဘယ်ကိုသွားမှာလဲ'

'ရှင့်ပစ္စည်းတွေယူသွားတဲ့ လူတွေနောက်ကို လိုက်ကြမယ့်လေ'

'ဟာ... ဘယ်ဖြစ်မလဲ'

'ဘာကြောင့်လဲရှင်'

'ခင်ဗျား ဒဏ်ရာရထားတယ် မဟုတ်သား'

'ကျွန်မ ဒဏ်ရာက အရေးမကြီးပါဘူး'

'ဟာ...မဟုတ်တာ'

ရှပ်ဆိုးမက—

'စကားမရှည်နဲ့၊ လာ—လိုက်ခဲ့'

ဟု ပြောကာ ထွက်သွားလေသည်။

စုကျောင်းသည် သူမအား တား၍ ရမည်မဟုတ်ကြောင်း သိလိုက်သဖြင့် လိုက်သွားရလေတော့သည်။

* * *

လဝန်းသည်ဖင် အနောက်ဘက်သို့ တိမ်းစောင်းသွားပြီ ဖြစ်လေသည်။

ရှပ်ဆိုးမနှင့် စုကျောင်းတို့သည် သစ်ရှိုင်းမြေထဲမှ ထွက်လာခဲ့ကြလေသည်။

စုကျောင်းသည် ရှပ်ဆိုးမနောက်သို့ လိုက်လာရင်း တစ်စုံတစ်ခုကို သတိရလာသဖြင့်....

'ဝမ်းဖိုးက ထွက်ပြေးသွားတာ သူ့ရဲ့အန္တရာယ်ကို သတိထားဦးနော်'

ဟု ပြောလိုက်သည်။

ရှပ်ဆိုးမက ရယ်မောလိုက်သည်။

'မပူပါနဲ့ရှင်၊ သူ မလွတ်နိုင်ပါဘူး'

စုကျောင်း မျက်မှောင်ကုပ်သွားသအ။

ဝမ်းဖိုး ထွက်ပြေးသွားပြီဖြစ်ရာ အရိပ်အယောင်ပင် ရှာမတွေ့တော့ပါချေ။



ဒဏ်ရာဖြင့် လွတ်မြောက်သွားသည်ဖြစ်၍ နောက်ထပ် အန္တရာယ်ပြုလာဦးမည်မှာ သေချာလှပေသည်။

စုကျောင်း တွေးတောနေစဉ် ရှပ်ဆိုးမက....

'ဝမ်းဖိုးက အပေါင်းအဖော်တွေခေါ်လာပြီး ဒုက္ခပေးလိမ့်မယ်လို့ ရှင် တွေးတောနေတာ မဟုတ်လား'

ဟု မေးသည်။

စုကျောင်းက....

'ဟုတ်ပါတယ်ဗျာ'

အမှန်အတိုင်း ဝန်ခံလိုက်သည်။

ရှပ်ဆိုးမက....

'မပူပါနဲ့ရှင်၊ သူဟာ မိုးလင်းအောင်တောင် ခံမှာမဟုတ်ပါဘူး'

စုကျောင်း မျက်မှောင်ကုပ်သွားကာ....

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

ဟု မေးလိုက်သည်။

ရုပ်ဆိုးမ ပြုံးလိုက်သည်။

'ကျွန်မရဲ့ လက်မှန်းကို ကျွန်မ ကောင်းကောင်းသိပါတယ်၊ ကျွန်မ ပစ်လိုက်တဲ့ ဓားမြှောင်ထိသွားပြီးမှ သူ အသက်မရှင်နိုင်တော့ပါဘူး'

စုကျောင်း သက်ပြင်းချလိုက်သည်။

ရုပ်ဆိုးမက...

'ဒီမြို့က လူတစ်ချို့က ငွေကြေးစုဆောင်းပြီး ကျွန်မကို ငှားရမ်းခဲ့ကြတယ် ၊ ဝမ်းဖုံးရဲ့ ယုတ်မာမှုကြောင့် သမီးပျိုတွေ ဖျက်ဆီးခံခဲ့ကြရသူတွေပါပဲ၊ ဒါကြောင့်လဲ ကျွန်မက အလုပ်လက်ခံပြီး ဒီမြို့ကို လာခဲ့တယ်၊ ဝမ်းဖုံးကို ရှင်းပစ်လိုက်တယ်၊ ရှင့်ကိစ္စကိုတော့ စေတနာနဲ့ ဆောင်ရွက်ပေးသွားမှာပါ'

စုကျောင်း ဘာမှမပြောဘဲ နေလိုက်သည်။

ရုပ်ဆိုးမနှင့် တွေ့ရသည်မှာ ကံကောင်းခြင်းလော၊ ကံဆိုးခြင်းလော ခွဲခြား၍ မရနိုင်တော့ပါချေ။

ရုပ်ဆိုးမနောက်သို့ လိုက်သွားရင်း လမ်းကြားတစ်ခု အတွင်းသို့ ရောက်သွားကြ၏။



ရုပ်ဆိုးမသည် အိမ်တစ်အိမ်၌ ရပ်လိုက်ပြီး တံခါးကို တံနုန်းဒုန်းမြည်အောင် ထုလိုက်သည်။

မကြာပါချေ။

'ဘယ်သူလဲကွ၊ စောစောစီးစီး တံခါးလာခေါက်နေတာ'

မကျေမနပ် အော်ပြောသံနှင့်အတူ တံခါးပွင့်သွားလေတော့သည်။

* * *

စုကျောင်းသည် ရုပ်ဆိုးမနှင့် လိုက်သွားပြီး သူမပြုလုပ်သမျှ ဆန့်ကွက်ခြင်း မပြုခဲ့ချေ။

ထို့ကြောင့်လည်း အတွေ့အကြုံ အလွန်နည်းပါးသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ရုပ်ဆိုးမက တံခါးထုလိုက်သည်နှင့် မကြာမီ တံခါးပွင့်သွားပြီး မီးအိမ်ကိုင်ထားသူတစ်ယောက်ထွက်ပေါ်လာသည်။

ထိုလူသည် လင်းအားကြီးအချိန် အိပ်ရာထဲမှ အနှိုးခံလိုက်ရသဖြင့် ဒေါပွနေပုံရသည်။

'ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ၊ ပြောစမ်း'

ဟု ခပ်ထန်ထန်မေးလိုက်သည်။

ရုပ်ဆိုးမက...

'ကျွန်မတို့ ဘယ်သူတွေလဲဆိုတာထက် မနေ့က ရှင့်ဆီကို လူနှစ်ယောက် ခိုးရာပါပစ္စည်း လာရောင်းကြတယ် မဟုတ်လား၊ ပြောစမ်း'

ဟု မေးလိုက်သည်။



'ဘာပြောတယ်'

ထိုလူက မီးအိမ်ကိုမြှောက်ကာ ရုပ်ဆိုးမအား သေသေချာချာကြည့်သည်။

ရုပ်ဆိုးမ၏ မျက်နှာကိုမြင်လျှင် ထိတ်လန့်သွားဟန်ဖြင့် ချက်ချင်း နောက်ဆုတ်လိုက်၏။

သူမက—

'ပြောစမ်း၊ အဲဒီလူတွေ ဘယ်မှာလဲ၊ ခိုးရာပါပစ္စည်းတွေကော ရှင် ဝယ်ထားလိုက်တယ် မဟုတ်လား'

ဟု ငေါက်လိုက်၏။

သူမသည် အလွန်ရုပ်ဆိုးသည့်အပြင် ဝမ်းဗိုက်တွင်သွေးများပေကျံနေရကား ထိုလူကြောက်ရွံ့သွားသည်။

အမှန်တော့—

ထိုလူသည် ခိုးရာပါပစ္စည်း လက်ခံရောင်းဝယ်သူတစ်ယောက် ဖြစ်ပေသည်။

ညကြီးအချိန်မတော် အလွန်အရုပ်ဆိုးသော မိန်းကလေးတစ်ယောက်က လာနှိုးပြီး ခိုးရာပါပစ္စည်းများအကြောင်း မေးမြန်းနေရာ ထိတ်လန့်သွားပါတော့သည်။

သူမကို အကဲခတ်ကြည့်ရင်း—

'မိန်း—မိန်းကလေးက'

ဟု စူးစမ်းသည့်သဘောဖြင့် မေးလိုက်သည်။

သူမက....

'အရေးကြီးတဲ့ပစ္စည်းတွေ ပါသွားတယ်၊ ရှင် ဖွင့်မပြောဘူးဆိုရင် အားလုံးဒုက္ခရောက်သွားလိမ့်မယ်'

ဟု ခြိမ်းခြောက်လိုက်သည်။

ထိုလူ မျက်နှာပျက်သွားသည်။

'မနေ့က စက်ဘီးနဲ့ ဂျင်ကလေးတို့တော့ ရောက်လာကြပါတယ်၊ သူတို့—

'သူတို့ ဘာပစ္စည်းတွေ ရောင်းသွားကြသလဲ'

'ဟင့်အင်း... ဘာမှ မရောင်းဘူး၊ ကျုပ်ဈေးပေးတာ နည်းလို့ဆိုပြီး ထွက်သွားကြတယ်'

'အခု ... တို့ဘယ်မှာလဲ'

'မြို့အရှေ့ပိုင်းက အပေါင်ဆိုင်မှာ သွားရောင်းကြမယ် ထင်တာပဲ၊ သူတို့လက်ထဲပိုက်ဆံရှိနေရင် သောင်းကစားဝိုင်းတစ်ခုခုကို ရောက်နေမှာပေါ့'

သူမက....

'ကောင်းပြီ၊ သူတို့ ဘာပစ္စည်းတွေ လာရောင်းတာလဲ'

ထိုလူက ပစ္စည်းအမျိုးအမည်များ ပြောပြလိုက်လေသည်။

ရှပ်ဆိုးမက စုကျော်ဝင်းကို ကြည့်လိုက်သည်။

စုကျော်ဝင်း ဝမ်းသာအားရ ဖြစ်နေပါသည်။

'ဟုတ်တယ်၊ အဲဒါ ကျုပ် ပစ္စည်းတွေပဲ'

ဟု ပြောလိုက်၏။

သူမက—

'ကောင်းပြီ၊ မြို့အရှေ့ပိုင်းက အပေါင်ဆိုင်ကို သွားလိုက်ဦးမယ်၊ ရှင် လိမ်ပြောတာဆိုရင် မလွယ်ဘူး'

ဟုပြောကာ လှည့်ထွက်သွားလေသည်။

စုကျော်ဝင်းလည်း လိုက်သွားရ၏။



သူတို့ လှည့်ထွက်သွားသောအခါ နောက်ဘက်မှ—

'ဘယ်သူတွေလဲ အစ်ကိုကြီး'

'ဘာမှမဟုတ်ပါဘူး၊ သရဲချောက်တာပ !'

စကားပြောဆိုသံများနှင့်အတူ တံခါးပိတ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

## အဖြစ်ထူး

အရှေ့ဘက်တွင် အရှက်ဦး၏ရောင်နီများ ပျို့အန်လာ

ဖြစ်လေသည်။

ချပ်ဆိုးမနှင့် စုကျောင်းတို့သည် စကားတပြောပြောဖြင့်
မြို့အရှေ့ပိုင်းသို့ ထွက်လာခဲ့ကြလေသည်။

သူမက—

'ရှင့်ပစ္စည်းတွေ အလစ်သုတ်ခံလိုက်ရတာနဲ့ ဆိုင်လုသ
တွေကို အရင်ဆုံး မေးမြန်းစုံစမ်းခဲ့ဖို့ကောင်းတာ၊ သူတို့ဟာ
အလုစ်သုတ်သမားတွေကို ကောင်းကောင်းသိနေကြတာရှိ

ဟု ပြောလေသည်။



စုကျောင်းက—

'ကျုပ်လဲ အလောတကြီး ဖြစ်သွားမိခဲ့တယ်'

သူမက—

'ပြီးတော့ သူခိုးပစ္စည်း လက်ခံတဲ့လူတွေဆီမှာ စုံစမ်း
ကြည့်သင့်တယ်၊ ဒါမှ ဘယ်သူဘယ်ဝါတွေ ခိုးယူသွားကြ
တယ်၊ ဘယ်လောက်နဲ့ ရောင်းစားပစ်လိုက်ကြတယ်ဆိုတာ
သိရနိုင်တာပေါ့'

စုကျောင်းက—

'ကျုပ်က ဒီမြို့ကို ခုမှရောက်လာတာပါဗျာ'

ဟု ပြောလိုက်၏။

သူမက—

'မလိုပါဘူး၊ ပါးစပ်ပါရင် စုံစမ်းလို့ရတာပဲရှင့်၊ ခုပဲ
ကြည့်လေ၊ ကျွန်မက အချက်ကျကျစုံစမ်းလိုက်တာနဲ့ ခြေရာ
မိပြီ မဟုတ်လား'

သူမ၏စကား မှန်ကန်နေသဖြင့် စုကျောင်း ဘာမှမပြော
ဘဲ နေလိုက်လေသည်။

သူမက—

'ရှင့်ပစ္စည်းတွေရအောင် ပြန်ယူပေးမယ်'

ဟု ပြောကာ ခပ်သုတ်သုတ် လျှောက်သွားလိုက်လေ
သည်။

စုကျောင်းလည်း လိုက်ပါသွားလိုက်လေသည်။
မိုးလင်းလုပြီ ဖြစ်လေသည်။

သမ်းပေါ်၌ လမ်းသွားလမ်းလာများကို တွေ့မြင်လာရလေသည်။

ထိုစဉ်—

'မိတ်ဆွေလေး...မိတ်ဆွေလေး'

အနောက်ဘက်မှ အော်ခေါ်သံများနှင့်အတူ ပြေးလိုက်လာသည့်ခြေသံများ ကြားလိုက်ရလေသည်။

စုကျောင်း အံ့သြသွားကာ နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ—

လူနှစ်ယောက်က ဒရောသောပါး ပြေးလိုက်လာကြသည်ကို တွေ့ရလေသည်။

ထိုလူနှစ်ယောက်ကို မြင်လျှင် စုကျောင်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

အကြောင်းမှာ—

* * *



လူနှစ်ယောက်လည်း စုကျောင်းအနီးသို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ထိုလူနှစ်ယောက်မှာ စုတ်ဖွားနှင့် ဂျင်ကလေးတို့ ဖြစ်နေကြပါတော့သည်။

စုကျောင်းက—

'ခင်ဗျားတို့ ကျုပ်ရဲ့ ခရီးဆောင်အဝတ်ထုပ်လေး ယူသွားကြတာပဲ'

ဟု ပြောလိုက်၏။

ရုပ်ဆိုးမ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူမ လိုက်လံမရှာရသေးတဲ့ စုကျောင်း၏ပစ္စည်း ယူသွားသူနှစ်ယောက် ရောက်လာကြသည် မဟုတ်ပါလား။

ဂျင်ကလေးက—

'ကျုပ်တို့ မှားသွားပါတယ်၊ ကျုပ်တို့ကို ခွင့်လွှတ်ပါဗျာ၊ မိတ်ဆွေလေးရဲ့ပစ္စည်းကို ပြန်ပေးပါတယ်'

ဟု ပြောကာ အထုပ်ကလေးကို ပြန်ပေးသည်။

စုတ်ဖွားကလည်း....

'ပစ္စည်းတွေ စေ့မစေ့ စစ်ကြည့်ပါဦး'

ဟု ပြောသည်။

သူတို့ မျက်နှာငယ်နေကြသလို လေသံခပျော့ခနကြသည်။ စိုးရိမ် ထိတ်လန့်ဟန် တုန်လှုပ် ချောက်ခြားနေကြသည့် အသွင်ရှိကြသည်။

ထို့အပြင်—

သူတို့၏ ယာဘက်လက်များ ပတ်တီး စည်းနှောင်ထား သည်ကိုတွေ့ရ၏။

စုကျောင်းက အထုပ်လေးကိုလှမ်းယူရင်း....

'နေပါဦး ခင်ဗျားတို့က ကျုပ်ပစ္စည်းကို ယူသွားပြီး ဘာဖြစ်လို့ ပြန်လာပေးရတာလဲ'

ဟု မေးလိုက်၏။

ဂျင်ကလေး၏ မျက်နှာရှုံ့မဲ့သွားသည်။

'မပေးလို့ ဘယ်ဖြစ်မလဲဗျာ၊ အကြောင်းမသိလို့ ခိုးယူမိ တာကြောင့် ဒုက္ခရောက်ရပြီလေ၊ ဟောဒီမှာကြည့်ပါလား'

ပတ်တီးစည်းထားသည့် သူ၏လက်ကို ထောင်ပြလိုက်၏။

ဂျင်ကလေး၏ ယာဘက်လက်သည် လက်ကောက်ဝတ်မှ နေ၍ တိတိရိရိပြတ်နေကြောင်း မြင်ရုံဖြင့်သိနိုင်သည်။

စုကျောင်း၊ အံ့သြသွားသည်။



စုတ်ဖွားနှင့် ဂျင်ကလေးတို့အား စားသောက်ဆိုင်ထဲ၌ တွေ့ခဲ့ရစဉ်က ခြေလက်အင်္ဂါစုံစုံလင်လင်ရှိကြောင်း အမှတ် ရလိုက်သည်။

ယခု...

လက်ဝါးတစ်ဖက်စီ ဆုံးရှုံး သွားကြသည်မှာ အဘယ် ကြောင့်ပါနည်း။

ဂျင်ကလေးက

'ကျုပ်တို့ကိုယ်၌ကလည်း ကောင်းမှုမကောင်းတာပဲဗျာ၊ သူများပစ္စည်းကို ခိုးချင်ဝှက်ချင်ကြတယ်လေ၊ ကျုပ်တို့လက် တွေမရှိရ'

သူ၏စကားမဆုံးမီ စုတ်ဖွားက ကြားဖြတ် ပြောလိုက် သည်။

'ဆဟ ကောင်၊ စကားမရှည်နဲ့ တော်ကြာ သျှောပါပြတ် နေဦးမယ်'

ဂျင်ကလေးက ငြိမ်ကျသွားသည်။

စုတ်ဖွားက....

'မိတ်ဆွေလေးအပေါ် မကောင်းကြံမိတာကို ခွင့်လွှတ် ပါဗျာ'

ဟု ပြောကာ မြေပေါ် ဒူးထောက်ချပြီး ဦးသုံးကြိမ်ကန် တော့လိုက်သည်။

ဂျင်ကလေးကလည်း ဦးသုံးကြိမ်ချလိုက်သည်။

စုကျောင်းမျက်လုံးပြူးသွားသည်။

'ခင် — ခင်ဗျားတို့ ဘယ်လိုလုပ်လိုက်ကြတာလဲဗျ'

ဂျင်ကလေးနှင့် စုတ်ဖွားတို့သည် ဘာမှမပြောကြဘဲ တောက်ဆုမှုထက်ဓာ ပြေးလွှားထွက်ခွာသွားတော့သည်။

* * *



ဂျင်ကလေးနှင့်စုတ်ဖွားတို့ ထွက်သွားကြပြီဖြစ်သည်။

စုကျောင်းသည် အဖြစ် မပျက်ကို နားမလည်နိုင်တဲ့ ကြောင်အမ်းအမ်းဖြစ်နေဆဲ —

သူ၏လက်ထဲ၌ ဂျင်ကလေးတို့ပြန်ပေးသွားသော သူ၏ အထုပ်လေးကိုင်ထားသည်။

ရှပ်ဆိုးမက —

ရှင့်ဆီကပစ္စည်းတွေခိုးယူသွားတာ သူတို့လား

ဆိုတာကိုစုကျောင်းက သတိဝင်လာပြီး....

'ဟုတ်ပါတယ်ဗျာ'

ဟုပြောလိုက်၏။

ရှပ်ဆိုးမက....

'သူတို့က ရှင့်ပစ္စည်းတွေကို ပြန်လာပေးကြတယ် ဟုတ်လား'

'ဟုတ်တယ်'

'အံ့သြစရာကောင်းလိုက်တာ၊ သူခိုးတွေက ပစ္စည်းကိုခိုးသွားပြီးမှ ပိုင်ရှင်လက်ထဲ ကိုယ်တိုင်ကိုယ်ကျလာပေးကြတာ ဒီတစ်ခါပဲတွေ့ဖူးသေးတယ်'

သူမက နားမလည်နိုင်သလို ရေရွတ်လိုက်သည်။

စုကျောင်းက....

'ဟုတ်တယ်၊ ကျုပ်နဲ့တွေတုန်းက သူတို့ရဲ့ လက်နှစ်ဖက် အကောင်းအတိုင်းရှိကြသေးတယ်၊ ခုတော့ လက်တစ်ဖက်စီ'

ဟု ဆက်ပြောမထွက်တော့သဖြင့် စကားတစ်ပိုင်း တစ်စဖြင့်ရပ်ထားလိုက်သည်။

သူမက....

'ရှင့်ဆီက မတရားယူသွားလို့ တစ်ယောက် ယောက်က ဆုံးမပြီး ပြန်ပေးခိုင်းလိုက်တာဖြစ်မှာပေါ့'

စုကျောင်းက ခေါင်းကုပ်လိုက်သည်။

'ကျုပ် နားမလည်နိုင်တော့ပါဘူး ဗျာ'

ဟု ပြောသည်။

သူမက....

'အာပဲဖြစ်ဖြစ်၊ ရှင့်ပစ္စည်းတွေ ပြန်ရပြီ မဟုတ်လား၊ ပြန်စစ်ကြည့်လိုက်ဦးလေ'

'ကောင်းပါပြီဗျာ'

စုကျောင်းသည် အထုပ်ထဲက ပစ္စည်းများကို ထုတ်ယူကာ စစ်ဆေးကြည့်လိုက်သည်။

ပစ္စည်းများက ထူးထူးခြားခြားရှိသည်မဟုတ်ပါ။

ငွေအိတ်လေးတစ်အိတ်၊ အဝတ်အစား သုံးလေး စုံနှင့် စာအုပ်လေးတစ်အုပ်မျှသာဖြစ်လေသည်။

စုကျောင်း ခေါင်းညိတ်လိုက်သည်။

'စုံပါတယ်ဗျာ'

ဟု ပြောသည်။



သူမက....

'ငွေကော စစ်ကြည့်ဦးလေ'

'ကောင်းပြီ'

စုကျောင်း ငွေအိတ်ကိုဖွင့်လိုက်၏။

အိတ်ထဲ၌ ရွှေတုံးငွေတုံးလေးများအပြင် ငွေလွှဲ လက်မှတ်များလည်း ရှိလေသည်။

စုကျောင်းက....

'ကျုပ်အဖေ တစ်သက်လုံး စုဆောင်းထားတဲ့ပစ္စည်းတွေပေါ့—'

ဟု ပြောလိုက်သည်။

သူ၏လေသံမှာ ဝမ်းနည်းကြေကွဲနေဟန်ရှိသည်။

ရုပ်ဆိုးမက ဘာမှမပြောဘဲ ငွေအိတ်ကိုစိုက်ကြည့်နေ၏။

သူမသည် စုကျောင်း၏ ပစ္စည်းများကို လုယူလို၍မဟုတ်ဘဲ တစ်စုံ တစ်ခုကို စိတ်ဝင်စားကာ ကြည့်နေခြင်း ဖြစ်ကြောင်း ထင်ရှားသည်။

သူမသည် ငေးကြည့်နေရင်း—

'အဲဒါ ဆံထိုးလေ လားရှင့်'

ဟု မေးလာသည်။

စုကျောင်း၏ ငွေအိတ်ထဲ၌ ဆံထိုးလေးတစ်ချောင်းရှိနေပါ၏။

စုကျောင်း ခေါင်းညိတ်သည်။

'ဟုတ်တယ် ဆံထိုးလေးပါ၊ ကျောက်စိမ်းနဲ့ လုပ်ထားတာလေ'

ဟု ပြောကာ ဆံထိုးလေးကိုထုတ်ပြလိုက်သည်။

သူ၏ ငွေအိတ်ထဲ၌ လက်ရာမြောက်စွာ ပြုလုပ်ထားသော ကျောက်စိမ်းဆံထိုးတစ်ချောင်းရှိနေ၏။

အမျိုးသမီး တစ်ယောက်၏ အသုံးအဆောင် ပစ္စည်းဖြစ်သည်။

'လှလိုက်တာရှင်'

သူမက ချီးကျူးလိုက်သည်။

သူမသည် စုကျောင်း၏ လက်ထဲမှ ကျောက်စိမ်းဆံထိုးကို ယူကြည့်ဖို့ဟန်ပြင် လိုက်၏။

ထိုစဉ်...

'မင်းသေချင်လို့လား'

အလွန်သေးငယ် စူးရှသောစကားသံ တစ်ခုသည် ရုပ်ဆိုးမ၏ နားထဲထိုးဝင်လာသည်။

'ဟင်'

သူမ ရင်ထိတ်သွားသည်။

ကပျာကယာ နောက်ဆုတ်လိုက်သည်။

မျက်စိမျက်နှာပျက်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

မိုးစင်စင်လင်းလာပြီဖြစ်ရာ လမ်းပေါ်၌ လူသွား လူလာစည်းကားနေပြီဖြစ်သည်။



စကားသံသည် မည်သည့်နေရာမှ ထွက်ပေါ်လာခြင်းဖြစ်ပါသနည်း။

စုကျောင်းက ပြောလိုက်ခြင်းမဟုတ်ပါ။

သူမသည် သိုင်းလောကသားတစ်ယောက် ဖြစ်သည်နှင့်အညီ တစ်စုံတစ်ယောက်က အဝေးမှနေ၍ အသံလှိုင်းပညာဖြင့် သူမတစ်ယောက်ထဲ ကြားရအောင် လှမ်းပြော လိုက်ခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

စုကျောင်းအား နှောင့်ယှက်ခဲ့ကြသော စုံတွဲဖွားတို့မရှိ မလှဒုက္ခရောက်သွားကြသည်မှာ မျက်မြင် ကိုယ်တွေ့ ဖြစ်ပါသည်။

သူမ မျက်နှာ ပျက်သွားပြီး နောက်ဆုတ် လိုက်သဖြင့် စုကျောင်း အံ့သြသွားသည်။

'ခင်ဗျား ကြည့်ချင်ကြည့်လေ'

ဟု ပြောလိုက်သည်။

သူမက ခေါင်းခါလိုက်သည်။

'မကြည့်ချင်တော့ပါဘူးရှင်'

'ဟင်....ဘာဖြစ်လို့လဲ'

စုကျောင်းမတတ်နိုင်တော့ပေ။

သူမက မကြည့်လိုတော့သဖြင့် ကျောက်စိမ်း ဆံထိုးလေးအား ပြန်လည်သိမ်းဆည်းထားလိုက်သည်။

'ကျုပ်ပစ္စည်းတွေတော့ ပြန်ရပြီ'

ဟု ကျေနပ်စွာ ရေရွတ်၏။

သူမက....

'ဟုတ်တယ် ရှင့်ပစ္စည်းတွေပြန်ရပြီဆိုတော့ ရှင့်ကို ကူညီစရာမလိုတော့ဘူး၊ ကျွန်မလဲ ဒုက္ခရောက်နေရတာလို့ ဆေးကုရဦးမှာမို့ သွားလိုက်ဦးမယ်'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွား၏။

စိုးကျော်း ကပျာကယာ ဟန့်တားဖို့ ဟန်ပြင်လိုက်၏။

သို့သော်....

ဟန့်တားစရာ အကြောင်း မမြင်သဖြင့် အသာ ငြိမ်နေလိုက်ရ၏။

ရှပ်ဆိုးမသည် ခပ်သွက်သွက် ထွက်သွားပြီး တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်သွားလေ၏။

ကျောက်စိမ်းဆံထိုး

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်ပါသည်။

နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

လမ်းပေါ်၌ အရောင်အသွေး စုံလင်စွာဝတ်ဆင်ထားကြသူများ ဥဒဟိုသွားလာနေကြသည်။

စိုးကျော်းသည် လမ်းဘေး၌ရပ်ကာ ဟိုဟို သည်သည် ငေးမေ့ကြည့်နေမိသည်။

ပျောက်ဆုံးသွားသော သူ၏ ပစ္စည်းများ ပြန်ရလိုက်ပြီ ဖြစ်သလို ရုပ်ဆိုးလေညီး ထွက်သွားပြီဖြစ်၏။

စုကျောင်းက ငေးငိုင်ကာ ရပ်နေစဉ်မှာပင်....

'မိတ်ဆွေလေးက ဒီမှာကိုး၊ ကျုပ်တို့က လိုက်ရှာနေကြတာဗျ၊ တွေ့မှတွေ့ပါ့မလားလို့တောင် စိတ်ပူနေကြတာ'

စကားသံနှင့်အတူ လူနှစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရသည်။

ထိုလူနှစ်ယောက်မှာ ကိုယ်ကြပ်အင်္ကျီ ကိုယ်စီဝတ်ဆင်ထားကြပြီး ဓားတစ်လက်စီ ခါးချိတ်ထားကြလေသည်။

သိုင်းသမားများဖြစ်ကြောင်း ထင်ရှားသည်။

စုကျောင်း အံ့သြသွားသည်။

'ခင်ဗျားတို့က'

ထိုလူနှစ်ယောက်က—

'ကျုပ်တို့ဟာ ဆရာကြီးလီကိုးရဲ့လူတွေပါ၊ ဆရာကြီးက မိတ်ဆွေလေးကို ဖိတ်ခေါ်ခိုင်းလိုက်လို့ပါ'

'ကျုပ်ကို....'

'ဟုတ်ပါတယ်ဗျာ'

'ဆရာကြီးလီကိုးကို ကျုပ်မသိရပါလားဗျာ'

ထိုလူနှစ်ယောက်အနက် တစ်ယောက်က....



'မိတ်ဆွေလေးကမသိပေမယ့် ဆရာကြီးကတော့ မိတ်ဆွေလေးကို သိပါတယ်၊ မိတ်ဆွေလေး ဒီမြို့ကို ရောက်တုန်း ရောက်ခိုက် ဧည့်ဝတ်ပြုဖို့ ဆရာကြီးက ဖိတ်ခေါ်ခိုင်းလိုက်ပါတယ်'

'ဟာ....နေပါစေဗျာ'

'မိတ်ဆွေလေး ဘာမှအားနာစရာမလိုပါဘူး၊ မိတ်ဆွေလေးကို ပါအောင်ခေါ်မလာနိုင်ရင် ဆရာကြီးက ကျုပ်တို့ကို အပြစ်ပေးပါလိမ့်မယ်၊ ဒါကြောင့်ကျုပ်တို့ကိုငဲ့ညှာရင်လိုက်ခဲ့ပါဗျာ'

စုကျောင်းသည် ထိုလူနှစ်ယောက်က တောင်းပန်ပြောနေကြခြင်းကြောင့် အားနာသွား၏။

'ဆရာကြီးလီကိုးကို ကျုပ်မသိပါဘူး၊ ဒါပေမယ့် ကျုပ် လိုက်ခဲ့ပါ့မယ်ဗျာ'

ဟု ပြောလိုက်၏။

ထိုလူနှစ်ယောက် ဝမ်းသာသွားကြသည်။

'ကျေးဇူးပါပဲ မိတ်ဆွေလေးရယ်'

'ကျုပ်တို့နဲ့ လိုက်ခဲ့ပါဗျာ'

ထိုလူနှစ်ယောက်သည် သူ့အား လမ်းပြ ခေါ်ဆော
သွားကြ၏။

သူလည်း တိုက်ပါသွားလေတော့သည်။

*  *  *

မြို့စွန်တွင် ခြံဝင်းကျယ်ကြီးတစ်ခု ရှိနေပါ၏။

ခြံဝင်းအတွင်း၌ အဆောက်အဦးတစ်လုံးရှိသည်။

ထိုခြံဝင်းနှင့်အဆောက်အဦးမှာ အေးချမ်း၍ တိတ်ဆိ
ငြိမ်သက်နေသည်။

ကိုယ်ကြပ်အင်္ကျီဝတ်ထားသူနှစ်ယောက်က ခေါ်ဆော
သွားလေရာ စုံကျောင်းလည်း လိုက်သွားရင်း ထိုအဆော
အဦးဆီသို့ ရောက်ရှိလာလေသည်။



ထိုလူနှစ်ယောက်သည် ဧည့်ခန်းအတွင်း၌ သူ့ကို နေရာချ
ထားပေး၏။

စားသောက်ဖွယ်ရာများနှင့် ဧည့်ခံကြသည်။

မကြာပါချေ။

အသက်ငါးဆယ်ကျော်ခန့်ရှိ အဘိုးအိုတစ်ယောက် ထွက်
လာသည်ကို တွေ့ရ၏။

သူ့အားခေါ်လာသူနှစ်ယောက်က ဦးညွတ်လိုက်ကြလေ
သည်။

'ဆရာကြီးခေါ်ခိုင်းတဲ့မိတ်ဆွေလေး ရောက်လာပါပြီ'

ဟု ပြောလိုက်ကြလေသည်၊

ထိုအဘိုးအိုမှာ ဆရာကြီးလီကုံးဆိုသူဖြစ်ကြောင်း သူရိပ်မိ
လိုက်သည်။

ထို့ကြောင့် ထိုင်ရာမှထကာ ဦးညွှတ်လိုက်၏။

အဘိုးအိုက....

'ထိုင်ပါ .. ထိုင်ပါ'

ဟု ပြောကာ သူ့အနီးသို့လှမ်းလာပြီး မျက်နှာချင်းဆိုင်
ထိုင်လေသည်။

သူက လက်ဝေ ယမ်းပြလိုက်လျှင် ကိုယ်ကြပ်အကျႌဝတ်ဆင်ထားသူနှစ်ယောက် ထွက်သွားကြ၏။

အခန်းတွင်း၌ အတိုးအိုနှင့် စုကျောင်းတို့နှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ကြသည်။

ထိုအခါမှ အတိုးအိုက—

'မောင်ရင်လေးရဲ့ပစ္စည်းတွေ ပြန်ရပြီထင်ပါတယ်'

ဟု မေးလေသည်။

သူ ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဗျာ'

အတိုးအိုက—

'ကျုပ်က လီကိုးပါ၊ မောင်ရင်လေးက....'

'ကျွန်တော့်နာမည် စုကျောင်းလို့ခေါ်ပါတယ်ခင်ဗျာ'

အတိုးအို ခေါင်းညိတ်၍—

'မောင်ရင်လေးရဲ့ပစ္စည်းတွေ မနေ့က စားသောက်ဆိုင်မှာ လူနှစ်ယောက်က လုယူသွားခဲ့ကြတယ်မဟုတ်လား'

ဟု မေးသည်။

သူ ခေါင်းညိတ်ပြီး....



'ဟုတ်ပါတယ်၊ ဦး ဘယ်လိုလုပ်သိနေတာလဲဟင်'

အတိုးအိုက ပြုံး၍—

'မနေ့က စားသောက်ဆိုင်ထဲမှာ ကျုပ်ရဲ့လူတစ်ယောက် ရှိနေတယ်လေ၊ သူက အကျိုးအကြောင်းပြောပြလို့ ကျုပ်သိခဲ့ရတာပါ'

'ဪ'

လီကိုးက—

'ဒါနဲ့ပဲ ကျုပ်လူတွေကို ရှင်ကလေးနဲ့ စုတ်ဖွားဆိုတဲ့ အချောင်သမားနှစ်ယောက်ကို ဖမ်းဆီးခိုင်းခဲ့ရတာပဲ'

စုကျောင်းက....

'ဦးက သူတို့ကိုဆုံးမလိုက်တာလားဟင်'

လီကိုးက....

'ဟုတ်ပါတယ်ကွယ်၊ ကျုပ်က ဒီမြို့မှာ အများအကျိုးဆောင်ရွက်နေတဲ့ သိုင်းသမားတစ်ယောက်ဆိုတာ လူတိုင်းသိကြပါတယ်၊ ဒီမြို့မှာ ကျုပ်ရှိနေပါလျက် မတရားလုပ်တာကို ကျုပ်လက်မခံနိုင်ပါဘူး၊ ဒါကြောင့် သူတို့ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်ပြီး မောင်ရင်လေးရဲ့ ပစ္စည်းတွေကို ပြန်ပေးခိုင်းလိုက်တာပါ'

စုကျောင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ပြီး—

'ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ဟု ပြောလိုက်၏။

အဘိုးအိုက လက်ကာပြပြီး—

'နေဦးကွယ့်၊ သူတို့ကိုဖမ်းဆီးပြီးတော့ သူတို့ယူလာတဲ့ မင်းရဲ့ပစ္စည်းတွေကို စစ်ဆေးကြည့်မိသေးတယ်'

'ဟုတ်ကဲ့'

'အဲဒီမှာ ထူးခြားတာလေးတစ်ခုတွေ့လို့ မင်းနဲ့တွေ့ချင်လို့ ခေါ်ခိုင်းလိုက်တာပါ'

သူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ပြောပါခင်ဗျာ'

အဘိုးအိုက....

'မင်းရဲ့ပစ္စည်းတွေထဲမှာ ကျောက်စိမ်းဆံထိုးလေးတစ်ခု တွေ့လိုက်မိတယ်'

သူက—

'ဟုတ်ပါတယ်ခင်ဗျာ'



အဘိုးအိုက...

'အဲဒီကျောက်စိမ်းဆံထိုးလေးဟာ အတော်ကို လက်ရာမြောက်တာပဲ'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကျုပ်ခမ်းမယ်၊ စိတ်တော့မဆိုးနဲ့နော်၊ အဲ့ဒီကျောက်စိမ်းဆံထိုးလေးဟာ မောင်ရင်လေးနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ၊ ဘယ်ကရလာသလဲဆိုတာ ပြောပြပါသား'

သူက—

'ကျွန်တော် ကောက်ရခဲ့တာပါ'

'ဟင်'

လီကိုး အံ့သြသွားလေသည်။

စုကျောင်းကို မယုံကြည်နိုင်စွာကြည့်ရင်း—

'ကောက်ရလာခဲ့တာ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

လီကိုး သက်ပြင်းချလိုက်သည်။

စုကျောင်း၏စကားကို သူက မယုံနိုင်ချေ။

'မောင်ရင်လေး ဒီကျောက်စိမ်းဆံထိုးလေးဟာ ဘယ်လို အဓိပ္ပာယ်ဆောင်တယ် ဆိုတာကို မောင်ရင်လေး မသိဘူးလား'

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် မသိပါဘူးခင်ဗျာ'

လီကုံး အားမလိုအားမရဖြစ်သွားပုံရှိလေသည်။

'မောင်ရင်လေး တစ်ကယ်ပဲ မသိလို့လားကွဲ့'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဒါဖြင့် မောင်ရင်လေး ရောက်ရလာခဲ့တယ်ဆိုတာ'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် သွားရင်း လာရင်း မတော်တဆ ရောက်ရလာခဲ့တာပါ'

လီကုံး သက်ပြင်းချလိုက်သည်။

'အင်း....သည်လိုဆိုရင်လဲ မောင်ရင်လေးဟာ အင်မတန် ကံကောင်းတဲ့လူတစ်ယောက်လို့ ပြောရမှာပဲ၊ ဒီကျောက်စိမ်း ဆံထိုးလေးဟာ သိုင်းလောက တစ်ခုလုံးက စိတ်ဝင်စားနေ ကြတဲ့ ပစ္စည်းလေးတစ်ခုပဲကွဲ့'

စုကျောင်း အံ့သြသွားလေသည်။

'ဦးပြောသလိုဖြစ်နေတယ်ဆိုတာ ကျွန်တော် လုံးဝ မသိ ခဲ့ရပါဘူး ခင်ဗျာ'

ဟု အမှန်အတိုင်း ပြောလိုက်လေသည်။



'ဘာပဲဖြစ်ဖြစ် မောင်ရင်လေးနဲ့ ထိုက်တန်လို့ မောင်ရင် လေး လက်ထဲရောက်လာခဲ့တာပဲ၊ သေသေချာချာသိမ်းဆည်း ထားပါကွယ်၊ တစ်နေ့ မောင်ရင်လေးကို အကျိုးပြုလာမယ့် ပစ္စည်းတစ်ခုပါပဲ'

စုကျောင်းက—

'ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ' ဟု ပြောလိုက်၏။

လီကုံးက....

'ဒါထက်.... မောင်ရင်လေးက ဘယ်ကို သွားမှာလို့လဲ ကွဲ့....'

ဟု မေးလိုက်သည်။

ထိုစကား ကြားလျှင် စုကျောင်း မျက်နှာညှိုးငယ်သွား လေသည်။

'ကျွန်တော်....'

လီကုံးက လက်ကာပြလိုက်သည်။

'မောင်ရင်လေးပြောဖို့ အခက်အခဲဖြစ်နေတယ် ဆိုရင်လဲ နေပါစေတော့ကွယ်၊ ကျုပ်သိချင်တာလေးတွေကို ပြောပြ လို့ မောင်ရင်လေး ကို ကျေးဇူးတင်ပါတယ်၊ ကျုပ်က

မောင်ရင်လေးကို ဘာများ ကူညီရဦးမလဲဆိုတာ ပြောပြပါလား’

စုခကျောင်း ခေါင်း ခါယမ်းလိုက်သည်။

‘ဘာမှ မရှိပါဘူးခင်ဗျာ၊ ကျေးဇူးတင်ပါတယ်’

လီကူး က....

‘ဒါဆိုရင် မောင်ရင်လေး သွားလိုရာသွားနိုင်ပါပြီကွယ်’
‘ဟုတ်ကဲ့ ခင်ဗျာ’

လီကူး က လက်ခုပ်တစ်ချက်တီးလိုက်၏။

ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားသောသူတစ်ယောက်အခန်း အတွင်းသို့ ဝင်လာလေသည်။

လီကူး က....

‘သူ့ကို လိုက်ပို့လိုက်ပါ’

ဟု အမိန့်ပေးလိုက်၏။



ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားသူက စုခကျောင်းအား ခေါ်ဆောင်သွားလေတော့သည်။

*  *  *

လေပြည်လေညင်း ဝေ့ယမ်း တိုက်ခတ်လာသော အခါ သစ်ရွက်ခြောက်များ ကြွေကျလာသည်။
စုခကျောင်းက ရှေ့ခရီးဆက်ရန် စိတ်ကူးထား၏။
ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားသူက မြို့ပြင်သို့တိုင် လိုက်လံပို့ဆောင်ပေးလေသည်။
မြို့ပြင်၌ လူရှင်းနေပါ၏။
လမ်းဘေးရှိ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်သို့ရောက်လျှင် စုခကျောင်းက....

'ခုလို လိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ' ဟု ကိုယ်ကြပ်အကျီဝတ်ဆင်ထားသူအားပြောလိုက်သည်။ ထိုလူက...

'ရပါတယ်၊ ကျုပ်က လိုရာခရီးရောက်အောင်ပို့ပေးမှာပါ'

'ဟာ—အားနာစရာကြီးဗျာ၊ ကျွန်တော့်ဘာသာ သွားပါမယ်'

ထိုလူက ရယ်မောလိုက်သည်။

'ဒါဟာ မင်းကို ငရဲပြည်ပို့ပေးမှာကို ပြောတာကွ'

'ဗျာ....'

'မင်းဆီက ကျောက်စိမ်းဆံထုံးလေးကို ငါလိုချင်တယ်'

စုကျောင်းက သက်ပြင်းချလိုက်သည်။

'ဪ....ခင်ဗျား လိုချင်ရင် ရပါတယ်၊ ကျွန်တော့်ကို အန္တရာယ်ပြုစရာမလိုပါဘူး၊ ကျွန်တော် ပေးပါ့မယ်'

'ဟေ...'

ထိုလူ အံ့သြသွားသည်။

စုကျောင်းက....



'ဘာကယ်ပြောတာမှါ၊ လိုချင်ရင်ယူသွားပါ'

ဟု ပြောကာ ကျောက်စိမ်းဆံထုံးလေးအား ထုတ်ပေးလိုက်သည်။

ထိုလူသည် စုကျောင်းအား အမှန်တကယ်ပင် ရန်ပြုမည့်အဆင့်ရှိနေသည်။

သို့သော်....

စုကျောင်းက ကျောက်စိမ်းဆံထုံးလေးကို အသာတကြည်ပေးလိုက်သဖြင့် ကြောင်အမ်းအမ်းဖြစ်နေ၏။

မည်သို့ဆိုစေ....

'မင်းဆီက ငါ လုယူလိုက်တာ ဆရာကြီး လီကူးဆီကို သတင်းပေါက်ကြားမသွားအောင် မင်းကို နှုတ်ပိတ်ပစ်ရမှာပဲ'

ဟု ပြောကာ ဓါးမြှောင်းကို ထုတ်လိုက်သည်။

'ချွမ်း'

နေရောင်ခြည်အောက်တွင် ဝမ်းသက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

စုကျောင်း ရင်ထိတ်သွား၏။

'ခင်ဗျား မတရားမလုပ်နဲ့'

အောင်ပြောရင်းက ကပျာကယာနောက်ဆုတ်လိုက်၏။
ထိုစဉ်—
'ရပ်လိုက်စမ်း'
အောင်ဝေါက် ဟန့်တားသံတစ်ချက် ထွက်ပေါ်လာ၏။
လူရိပ်တစ်ခု လျှင်မြန်စွာ ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။
ထိုလူကိုမြင်လျှင်—
'ရှပ်ဆိုးမှ'
စုကျောင်း ဝမ်းသာအားရခေါ်လိုက်မိသေးသည်။

* * *



မှန်ပေသည်။
သူမ ပြေးလွှားရောက်ရှိလာခြင်း ဖြစ်သည်။
ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားသူ မကျေမနပ် ဖြစ်သွားသည်။
'ကိုယ်နဲ့မဆိုင်ရင် ဝင်မရှုပ်နဲ့၊ သေသွားမယ်'
ဟု အောင်ဝေါက်က ဓားဝေ့ယမ်းပြီး ဆီးကြိုတိုက်ခိုက်လိုက်သည်။
သူမက—
'သူများပစ္စည်း မတရားလိုချင်တဲ့ လူယုတ်မာ'
သူမသည် ထိုလူ၏ တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းရင်း လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်သည်။
စုကျောင်းကား ထိတ်လန့်ကာ ကပျာကယာ နောက်ဆုတ်လိုက်သည်။
ထိုစဉ်....
'အင့်'
ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားသူထံမှ မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာ၏။
သူ၏ လက်ထဲမှဓား မြေပေါ်လွှတ်ကျသွားသည်။
ထိုအချိန်မှာပင် ရှပ်ဆိုးမ၏ လက်ဝါး ရိုက်ချက်သည် ထိုလူ၏ ရင်ဝသို့ တိုးဝင်သွားလေတော့သည်။
'ဝုန်း'
ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

ထိုလူသည် အဝေးသို့ လွင့်စင်သွားအော မြေပေါ်လဲ[illegible]
သွားလေသည်။

စုကျောင်းက တိုက်ပွဲကို မျက်လုံးပြူးအော ကြည့်နေ[illegible]
ရှပ်ဆိုးမကလည်း ဆက်တိုက်ခိုက်ခြင်း မပြုတော့ပေ။
လူမှာ တုတ်တုတ်မျှမလှုပ်ဘဲ မြေပေါ်ရှိလဲကျကာ အသ[illegible]
ပျောက်နေသည်ကို တွေ့ရသည်။

ရှပ်ဆိုးမက...

'ကျွန်မတို့ ဒီအတိုင်းနေလို့မဖြစ်ဘူး၊ မြန်မြန်လာ'

ဟုပြောအော စုကျောင်း၏ လက်ကိုကိုင်ကာ ပြေးလွှ[illegible]
သွားလေသည်။

စုကျောင်းလည်း ဘုမသိဘမသိ လိုက်ပါသွားရလေတေ[illegible]
သည်။

* * *



လေပြည်လေညှင်း ဝေ့ယမ်း တိုက်ခတ်နေ၏။
မွှေးညပ်း သင်းပြန့်သော ပန်းရနံ့များ ပြန့်လွင့်နေသည်။
ကျေးငှက်သာရကာလေးများသည် ဘာသာဘာဝတေး
ကို သီကြွေးရင်း ဟိုမှသည်သို့ ပျံဝဲနေကြလေသည်။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ လူနှစ်
ယောက် ရှိနေကြပါသည်။

ရှပ်ဆိုးမနှင့် စုကျောင်းဖြစ်ပါသည်။

စုကျောင်းက....

'တော်ပါသေးရဲ့ဗျာ၊ ခင်ဗျားရောက်လာလို့'

ဟု ပြောလိုက်၏။

ရှပ်ဆိုးမက....

'ကျွန်မ မလာလဲ ရှင့်ကိုကူညီမယ့်လူ ရှိနေတယ်ရှင့်'

'ဗျာ....'

'ကျွန်မ တစ်ကယ်ပြောတာ၊ ရှစ်မယုံဘူးလား'

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဘာမှ နားမလည်တော့ဘူးဗျ'

ရှပ်ဆိုးမက....

'ရှင့်မှာ ကျောက်စိမ်းဆံထိုးလေးရှိတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'အဲသည့် ကျောက်စိမ်းဆံထိုးရဲ့ အစောင့်အရှောက်တွေက ရှင့်ကို စောင့်ရှောက်နေကြတာ'

'ဟာ....'

စုကျောင်း လှတ်ခနဲ့ အော်လိုက်လေသည်။

ရုပ်ဆိုးမက....

'စောစောကလူဟာ ကျွန်မလက်ချက်နဲ့ သေသွားတယ်လို့ ရှင် ထင်နေသလား'

စုကျောင်းက ဘာမှမပြောဘဲ နေလိုက်လေသည်။

ရုပ်ဆိုးမက ...

'ကျွန်မလက်ဝါးနဲ့ ထိတောင် မထိရသေးဘူး၊ လှင့်ထွက်သွားတာပဲ'

စုကျောင်းက—

'ဘယ်လိုဖြစ်တာလဲ'

ဟု မေးရှတ်လိုက်သည်။



ရုပ်ဆိုးမက—

'ကျွန်မကိုယ်တိုင်တိုက်ခိုက်ခဲ့သူပဲ ရှင့်၊ ကျွန်မလက်ဝါးနဲ့ ထိတယ် မထိဘူးဆိုတာ သိတာပေါ့'

စုကျောင်းက....

'ခင်ဗျားကိုယ်စားတစ်ယောက်ယောက်ဝင်ပြီး တိုက်ခိုက်သွားတာပေါ့၊ ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်သူမှလဲ မတွေ့ပါလား'

ရုပ်ဆိုးမ မဲ့ပြုံးပြုံးလိုက်သည်။

ဒါကြောင့် ရှင့်ရဲ့ကျောက်စိမ်းဆံထိုးလေးမှာ အစောင့် အရှောက်တွေရှိနေတယ်လို့ ပြောတာပေါ့'

စုကျောင်းက....

'မဖြစ်နိုင်တာဗျာ'

ရုပ်ဆိုးမက....

'ရှင် မယုံကြည်ရင် ဒုက္ခရောက်လိမ့်မယ်'

စုကျောင်း မျက်နှာပျက်သွားသည်။

'ကျုပ်ကတော့ ကိုမှဒုက္ခမပေးခဲ့ပါဘူးဗျာ၊ ဘာကြောင့် ဒုက္ခရောက်ရမှာလဲ'

'ကျောက်စိမ်းဆံထိုးရဲ့ အစောင့်အရှောက်တွေကြောင့် ပေါ့ရှင်'

စုကျောင်းက....

'ကျုပ်တော့ ဘာမှ နားမလည်နိုင်တော့ဘူး'

ဟု ညည်းတွားလိုက်လေသည်။

ရုပ်ဆိုးမက...

'ကျွန်မ ပြောတာကိုယုံပါ၊ ကျောက်စိမ်းဆံထိုးကြောင့် ရှင် ဒုက္ခရောက်လိမ့်မယ်'

စုကျောင်း စိတ်လှုပ်ရှားလာလေ၏။

'ဒါဖြင့် ကျုပ် ဘာလုပ်ရမလဲ'

ရုပ်ဆိုးမက...

'ဒါတော့ ကျွန်မလဲ မပြောတတ်ဘူး'

စုကျောင်း စိတ်ပျက်သွားလေသည်။

'ကျောက်စိမ်းဆံထိုးနဲ့ ပတ်သက်ပြီး ခင်ဗျား တစ်ခုခု သိနေတယ် မဟုတ်လား၊ ကျုပ်ကို ပြောပြစမ်းပါဗျာ'

ဟု မေးလိုက်သည်။

ရုပ်ဆိုးမှ ခေါင်းခါယမ်းလိုက်၏။

'ကျွန်မ ကိုယ်တိုင်လဲ သိသလိုလိုနဲ့ ဘာမှ မသိဘူးရှင့်'

'ခက်တာပဲဗျာ'

ရုပ်ဆိုးမက အနည်းငယ် စဉ်းစားလိုက်ပြီး....

'ကျွန်မ စဉ်းစားမိတာ တစ်ခုတော့ရှိတယ်'



ဟု ပြောလေ၏။

စုကျောင်းက—

'ဘာများလဲဗျ'

'ရှင် သိချင်ရင် လိုက်ခဲ့'

ဟု ပြောကာ ထိုင်ရာမှထလိုက်၏။

စုကျောင်းက...

'ဘယ်ကိုသွားမလို့လဲ'

ဟု မေးလိုက်၏။

ရုပ်ဆိုးမက....

'မြို့ထဲကို သွားကြမယ်'

'ဗျာ'

'ကိုယ်ကြပ်အင်္ကျီဝတ်ထားတဲ့ လူနှစ်ယောက်က ရှင့်ကို ခေါ်သွားတာ ကျွန်မ တွေ့ခဲ့ရတယ်၊ သူတို့က ဘယ်ကိုခေါ်သွားတာလဲ'

'ခြံဝင်းတစ်ခုကို ခေါ်သွားတာ၊ ဆရာကြီး လီကူး ဆိုတဲ့လူနဲ့ တွေ့ဖို့ပဲ'

ရုပ်ဆိုးမက....

'ကောင်းပြီ၊ ဆရာကြီး လီကူးဆီကို သွားကြမယ်'

စုကျောင်းက....

'ဘာလုပ်ဖို့လဲ'

ဟု မေးလိုက်သည်။

ရုပ်ဆိုးမက—

'ဟိုရောက်ရင် သိရမှာပေါ့ရှင်၊ ကဲ့...လာ၊ သွားကြစို့'

ဟု ပြောကာ ထွက်သွားလျှင် စုကျောင်းလည်း ဘာမှ မသိ လိုက်သွားရလေတော့သည်။

အစောင့်အရှောက်

နေမွန်းတည့်တော့မည် ဖြစ်၏။

စုကျောင်းနှင့် ရုပ်ဆိုးမသည် မြို့ထဲသို့ ပြန်လည် ရောက်ရှိလာကြ၏။

မြို့ထဲ၌ ထုံးစံအတိုင်း လူစည်ကားနေမြဲ ဖြစ်၏။

လမ်းပေါ်တွင် လူအများ ဟိုတစ်စု သည်တစ်စု စုခဲ့ကာ တီးတိုး ပြောဆိုနေကြသည်ကိုလည်း တွေ့လိုက်ရ၏။

အခြေအနေ ထူးခြားနေပြီဖြစ်ကြောင်း ရုပ်ဆိုးမနှင့် စုကျောင်းတို့ သတိပြုမိလိုက်ကြသည်။

ရုပ်ဆိုးမက ...
'ရှင် ခဏနေဦး'

ဟု ပြောကာ ထွက်သွား၏။

စုကျောင်း ရပ်စောင့်နေလိုက်သည်။

မကြာပါချေ။

ရုပ်ဆိုးမ ခပ်သုတ်သုတ် ပြန်လည် ရောက်ရှိလာလေသည်။

စုကျောင်းက....

'ခင်ဗျား ဘယ်သွားတာလဲဗျ'

ဟု သီး၍ မေးလိုက်၏။

ရုပ်ဆိုးမက—

'လမ်းပေါ်ကလူတွေကို ကြည့်လိုက်စမ်းပါ၊ တစ်ခုခု ထူးခြားနေသလိုရှိတာ ရှင် တွေ့ရမယ်'

စုကျောင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ် သတိထားမိပါတယ်'

သူမက....



'အဲဒါကြောင့် ကျွန်မ သတင်းသွားစုံစမ်းခဲ့တာ၊ ကျွန်မ ထင်တာ မှန်နေပြီရှင့်'

သူက စိတ်ဝင်စားသွားလေသည်။

'ဘာတွေများ မှန်ခနတာလဲ၊ ပြောစမ်းပါဦး'

သူမက....

'ရှင့်ဆီက ပစ္စည်းလုယူသွားတဲ့ ဂျင်ကာခလေးနဲ့ စုဘ်ဖွားသို့ အသက်ခံလိုက်ရပြီရှင့်'

'ဟင်....'

သူ ရင်ထိတ်သွားခလေ၏။

'ဆရာကြီး လိကု်းဟာ မကောင်းမှုတွေကို မနှစ်သက်တဲ့ ပုဂ္ဂိုလ်ယောက်မို့ စုဘ်ဖွားတို့ကို ဆုံးမလိုက်ခဲ့တယ်လို့ ပြောတယ်၊ သူက ဘာကြောင့် မျက်ရက်စကာစက်သတ်ပစ်လိုက်ရတာလဲ'

ဟု ညည်းတွားလိုက်လေ၏။

သူမက ခေါင်း ခါယမ်းလိုက်၏။

'ဆရာကြီး လိကုံး၏ လက်ချက်မဟုတ်ဘူးရှင့်'

'ဟင်....'

'သူကိုယ်တိုင်တောင် အသတ်ခံလိုက်ရပြီ'

'ဟာ....'

စုကျောင်း တခုနှိမ်မဘက် ထိတ်လန့်သွားသည်။

ရှပ်ဆိုးမကိုလည်း မျက်လုံးပြူးကာ ကြည့်လိုက်၏။

အချိန်အနည်းငယ်အတွင်းမှာပင် ထိတ်လန့် တုန်လှုပ်ဖွယ်ကိုရာကိစ္စများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီမဟုတ်ပါလား။

သူမက....

'ဆရာကြီးလိကုံးသာမကဘူး၊ သူ့ရဲ့ တစ်အိမ်သားရက်ရက်စက်စက်အသတ်ခံလိုက်ရတာပဲ'

စုကျောင်းက...

'ကျုပ်....ကျုပ်သည်မှနက်ပဲ ရောက်ခဲ့သေးတယ်'

သူမ ခေါင်းညိတ်လိုက်၏။

'ရှင်ထွက်သွားပြီးနောက် အသတ်ခံရတာ ဖြစ်လိမ့်မအခုလူတွေက ဆရာကြီး လိကုံး အသတ်မခံရခင် လူတစ်ယောက် အိမ်ထဲဝင်သွားတယ်လို့ ပြောနေကြတယ်'



'ဟိုက်'

စုကျောင်း ဆောက်တည်ရာမရဖြစ်သွားသည်။
ကခြေအနေအရ သူ့အား လူသတ်တရားခံအဖြစ်အထင်မှားနေကြပြီမဟုတ်ပါလား။

သူမက—

စုတ်ဖွားတို့ 'အသတ်ခံရတာကော၊ ဆရာကြီး လိကုံးအသတ်ခံရတာပါ ဆက်စပ်လိုက်မယ်ဆိုရင် အားလုံးက ရှင့်ကို လူသတ်တရားခံလို့ ရိုစွပ်ကြတော့မှာပဲရှင်'

ဟု ပြန်ပြောလိုက်၏။

စုကျောင်း ခေါင်းခါယမ်း၏။

'ကျုပ်က သူတို့ကို လက်ဖျားနဲ့တောင် မတို့ပါဘူးဗျာ'

ဟု ငိုသံပါကြီးဖြင့် ပြောလိုက်သည်။

သူမက—

'ရှင့်ကိုကျွန်မယုံကြည်ပါတယ်၊ ဒါပေမယ့်တခြားလူတွေကတော့ ယုံကြည်ကြမှာမဟုတ်ဘူးရှင့်'

စုကျောင်းက—

'ဒါဖြင့် ကျုပ်ဘယ်လိုလုပ်ရမလဲ'

ဟု အကူအညီတောင်လိုက်သည်။

သူမက....

'ကျွန်မစဉ်းစားထားပါတယ်၊ ကဲ...ရှင်ခဏစောင့်နေဦး'
ဟု ပြောကာ အပြေးတစ်ပိုင်းထွက်သွားသည်။

စုကျောင်းက စောင့်နေ၏။

တစ်အောင့်လောက် ကြာသော အခါ သူမ ပြန်လည်ရောက်ရှိလာသည်။

သူမ၏လက်ထဲ၌ အထုပ်အပိုးများပါလာ၏။

စုကျောင်းကို ပြုံးပြလိုက်ပြီး—

'သွားစို့'

ဟုပြောသည်။

စုကျောင်းက ကြောင်အမ်းအမ်းဖြင့်—

'ဘယ်ကိုသွားမှာလဲ'

ဟု မေးလိုက်သည်။

သူမက—



'နောက်တော့ ရှင်သိရမှာပေါ့၊ ကဲ....သာအချိန်မရှိဘူး'

ဟု ပြောပြီး ခပ်သွက်သွက်ထွက်သွားရာ စုကျောင်းလည်း လိုက်ပါသွားရပြန်တော့သည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်တောက်ပနေ၏။

အဝေးဟွင် မှိုင်းညို့ညို့တောင်တန်းကြီးများကို တွေ့ရမည်ဖြစ်သည်။

စိမ်းလန်းသော တောအုပ်များကလည်း အရပ်လေးမျက်နှာတွင် ဖုံးလွှမ်းထားသည်။

တစ်ခုသော တောအုပ်လယ်တွင် ဘုံကျောင်းပျက် တစ်ခုရှိနေပါ၏။

စုကျောင်းနှင့် သူမတို့သည် ထိုဘုံကျောင်းပျက်၌ရောက်ရှိနေကြပြီဖြစ်သည်။

သူမက....

'မသူတော် ဝမ်းဖုံးကို သုတ်သင်ဖို့လာခဲ့တုန်းက လမ်းခရီးမှာ မိုးချုပ်သွားတာနဲ့ နားခိုစရာရှာရင်း ဒီနေရာကို ကျွန်မတွေ့ခဲ့တာပဲ'

ဟု ပြောပြသည်။

ဘုံကျောင်းပျက်ဟုဆိုသော်လည်း များစွာပျက်စီး ချို့ယွင်းခြင်းမရှိသေးချေ။

ဘုံကျောင်းဘေး၌ စားသာ် သီးပင်များ ရှိနေသကဲ့သို့ ရေတွင်းတစ်ခုလည်းရှိလေသည်။

အေးချမ်းတိတ်ဆိတ်ပြီး နေပျော်သော နေရာတစ်ခု ဖြစ်လေသည်။

သူမသည် ဘုံကျောင်းပျက်သို့ ရောက်လျှင် ထင်းခြောက်များရှာဖွေကာ မီးဖိုလိုက်သည်။

မြူထဲမှ အသင့်ဝယ်လာသော စားသောက်ဖွယ်ရာများကို ချက်ပြုတ်လိုက်၏။

မကြာပါချေ၊ မွှေးကြိုင်သင်းပျံ့သော ဟင်းရနံ့များ ထွက်ပေါ်လာသည်။



စုကျောင်းက သူမအား ကူညီ လုပ်ကိုင်ပေးသည်ကိုပင် ...က်မခံပါချေ။

စုကျောင်းသည် မီးဖိုအနီး၌ထိုင်ကာ ရုပ်ဆိုးမလုပ်သမျှ ကိုင်သမျှကို ငေးကြည့်နေရတော့သည်။

သူမသည် အသက်နှစ်ဆယ်ခန့်သာ ရှိဦးမည်ထင်ရ၏။

ခန္ဓာကိုယ် အချိုးအစား ပြေပြစ်သော်လည်း မျက်နှာပေါ်မှ အမာရွတ်များက ကြောက်မက်ဖွယ်ကောင်းအောင် ...ရုပ်ဆိုးအကျည်းတန်သွားစေခဲ့သည်။

သို့သော်—

သူမသည် စိတ်ထားဖြူစင်ပြီး သဘောကောင်းသူ ဖြစ် ...ကြောင်း စုကျောင်း နားလည်သွားသည်။

သူမက...

'ကဲ–စားလို့ရပြီ၊ ရှင်ပဲတစ်ခန့်သုံး ဘာမှမစားရသေး ...းမဟုတ်လား၊ စားလိုက်လေ'

ဘုံကျောင်းပျက်အတွင်း၌ ရှာဖွေတွေ့ရှိရသော အိုးခွက် ...ပန်းကန်အဟောင်းများကို တိုက်ချွတ် ဆေးကြောလိုက်ခြင်း ...ဖြင့် ချက်ပြုတ်စရာအိုးခွက်နှင့် စားသောက်ဖို့ပန်းကန် ခွက် ...သောက်များရရှိလာသည်။

စုကျောင်းသည်း ယခုမှ ဗိုက်ထဲကကြုတ်ကြုတ်မြည်
သာလောင်လာလေတော့သည်။

'ကျေးဇူးပဲ'

စားသောက်ဖွယ်ရာများကို အားရပါးရ စားသော
လိုက်သည်။

သူမမှာ ဟင်းချက်အလွန်ကောင်းသူ ဖြစ်ကြောင်း
သည်။

တို့ကြောင့် မနေနိုင်တော့ဘဲ+

'ခင်ဗျားလက်ရာ တော်တော်ကောင်းတာပဲ၊ စားသော
ဆိုင်တွေထက်သာပါတယ်ဗျာ'

ဟု ချီးကျူးမိသည်။

သူမက ရယ်မောလိုက်သည်။

'ဟင်း....ဟင်း ချက်တဲ့ပြုတ်တဲ့နေရာမှာ ဘယ်သူမှမ
လို ကျွန်မမိဘတွေကော ခင်မင်ရင်းနှီးတဲ့ လူတွေကော
ကျူးခဲ့ကြတာပဲရှင့်'



ဟုပြောသည်။

စုကျောင်းသည် သူမကိုကြည့်ရင်း တွေဝေသွားသည်။
ရုပ်ဆိုးမသည် ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်
ကြောင်း သိထားရသည်မဟုတ်ပါလား။

သူမသည် ရူသားဆန်သော မိန်းကလေး တစ်ယောက်
ဖြစ်ပါသည်။

အဘယ်ကြောင့် ကြေးစား လူသတ်သမား တစ်ယောက်
ဖြစ်နေပါသနည်း။

'ခင်ဗျားဟာ ကြေးစားလူသတ်သမားတစ်ယောက်ဖြစ်
နေတာ အတော်ကို အံ့သြစရာကောင်းတာပဲ'

ဟု လွှတ်ခနဲ ပြောလိုက်မိလေသည်။

ရုပ်ဆိုးမ သက်ပြင်းချလိုက်လေသည်။

'အံ့သြစရာမလိုပါဘူး လေ၊ ဘဝပေးအခြေအနေ ဖြစ်လာ
တာပေါ့ရှင်'

စုကျောင်းက....

'ခင်ဗျားရဲ့ဒဏ်ရာကော သက်သာသွားပြီလား'

ဟု မေးလိုက်သည်။

ရှပ်ဆိုးမက....

'သက်သာသွားပါပြီရှင်၊ သည်ဒဏ်ရာလောက်နဲ့ ကျွန်မ မသေနိုင်ပါဘူး'

စုကျောင်းက—

'ကျုပ်ကတော့ သည်အလုပ်တွေကို ခင်ဗျား ဆက်မလုပ်သင့်ဘူးလို့ ထင်မိတာပဲဗျ'

ဟု စေတနာနှင့် ပြောလိုက်၏။

ရှပ်ဆိုးမက....

'လောကပေါ်မှာ လူယုတ်မာတွေ ရှိနေသမျှ ကျွန်မဟာ ကြေးစား လူသတ်သမားတစ်ယောက် ဖြစ်နေဦးမှာပါပဲရှင်'

ဟု ပြောလေသည်။

သူမသည် နာကျည်းချက်တစ်ခုဖြင့်လူသတ်သမားဘဝသို့ ရောက်ခဲ့ရသူဖြစ်ရမည်ဟု စုကျောင်း တွေးမိလိုက်လေသည်။

ရှပ်ဆိုးမက—



'ရှင်က ကျွန်မအကြောင်းသိချင်နေတယ် ဟုတ်လား'

ဟု မေးလေသည်။

စုကျောင်း မကွက်မဝှက် ဝန်ခံလိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

ရှပ်ဆိုးမ ပြုံးလိုက်သည်။

'ကျွန်မဘဝဟာ ဘာမှ မထူးခြားပါဘူးရှင်၊ ဘဝတစ်ခုလုံး ပျက်ဆီးသွားခဲ့ကြရတဲ့ တခြားမိန်းကလေးတွေလိုပါပဲ'

စုကျောင်းက....

'ကျုပ်ကို ပြောပြနိုင်မလားဗျာ'

ဟု မေးလိုက်လေသည်။

ရှပ်ဆိုးမက—

'ရပါတယ်၊ သိပ်ပြီး များများစားစား ပြောပြစရာလဲ မရှိပါဘူး၊ ကျွန်မဟာ ဆင်းရဲတဲ့မိသားစုတစ်စုက မွေးဖွားလာခဲ့ရတယ်၊ ကျွန်မမိဘတွေဟာ သူဌေးတစ်ယောက်ဆီက ယူထားတဲ့ အကြွေးကို မဆပ်နိုင်တော့ သူဌေးက ကျွန်မကို

သိမ်းမိုက်လိုက်တယ်လေ၊ ပြီးတော့—အပျော်ဂေဟာတစ်ခုမှာ နေရာင်းစားလိုက်တယ်'

စုကျောင်း စိတ်မကောင်းဖြစ်သွားသည်။

ဆက်ပြီးနားထောင်လိုစိတ်လည်း မရှိတော့ပါ။

ထို့ကြောင့်....

'ကျုပ် သအောပေါက်ပါပြီဗျာ'

ဟု ပြောလိုက်လေသည်။

ရှပ်ဆိုးမအာ—

'ကျွန်မဟာ အပျော်ဂေဟာအနေ ရှန်းထွက်နိုင်ခဲ့တယ်၊ ကျေးဇူးရှင် ဆရာတစ်ယောက်ဆီမှာ သိုင်းပညာ သင်နိုင်ခဲ့တယ်၊ သိုင်းပညာတတ်တာနဲ့ လူယုတ်မာကို သုတ်သင်နိုင်ဖို့ ကြေးစား လောကထဲ ဝင်ခဲ့တာပဲ၊ ကျွန်မဟာ ကြေးစား လူသတ်သမားဆိုပေမယ့် လူကောင်းတွေကို စိတ်နဲ့တောင် မပြစ်မှားမိခဲ့ပါဘူးရှင်'

ဟု ဆက်၍ ရှင်းပြလေသည်။



စုကျောင်းက....

'ဘာပဲဖြစ်ဖြစ် ကြေးစားဘဝဟာ မကောင်းပါဘူးဗျာ အေးအေးချမ်းချမ်း'

သူ၏စကားမဆုံးမီ ရှပ်ဆိုးမအာကြားဖြတ်ပြောလိုက်သည်။

'ကျွန်မမျက်နှာကို ကြည့်စမ်းပါ၊ အမေ မွေးတုန်းက ဒီလိုမဟုတ်ခဲ့ပါဘူးရှင်၊ အပျော်ဂေဟာမှာ လူယုတ်မာတွေ နှိပ်စက်သမျှခံခဲ့ရပြီး ခုလို ရုပ်ပျက် ဆင်းပျက် ဖြစ်ခဲ့ရတာ ကျွန်မလူ့ဘောင်ထဲမှာ ဘယ်လိုလုပ်နေရမလဲ ပြောစမ်းပါဦး'

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ရုပ်ဆိုးတာ ရုပ်ချောတာ အဓိကမဟုတ်ပါဘူးဗျာ စိတ်ထား မှန်မြတ်ဖို့ပဲ အရေးကြီးပါတယ်'

သူမက ရယ်မောလိုက်လေသည်။

'ရှင့်လို လူစားမျိုး လောကပေါ်မှာ ဘယ်နှစ်ယောက်များ ရှိမှာမို့လဲရှင့်'

သူ ပြောရှိလည်း အကြောင်းထူးမည် မဟုတ်သဖြ
သူ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

သူမက....

'ကျွန်မက ရှင့်ကို ဘာကြောင့်ခေါ်လာရသလဲဆိုတာတော
ရှင် သိသလား'

ဟု မေးလေသည်။

သူက ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း...မသိဘူး ဗျ'

သူမက...

'ကျောက်စိမ်းဆံတိုးနဲ့ ပတ်သက်နေတဲ့ ကိစ္စကို ဖြေရှ
ပေးချင်လို့ပါရှင်'

ဟု ပြောလေသည်။

သူ ဝမ်းသာသွားလေသည်။

'ကျေးဇူးပဲဗျာ'

ဟု ပြောလိုက်သည်။



သူမက လက်ကာပြလိုက်သည်။

'အရမ်းလဲ ကျေးဇူးတင်မနေနဲ့ဦး၊ ရှင့်ရဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်မယ်၊ မပေးနိုင်ဘူးဆိုတာ အာမမခံနိုင်သေးဘူးရှင့်'

သူက...

'ဘာပဲဖြစ်ဖြစ် ကျုပ်ကို ကူညီမယ့်လူတစ်ယောက် ရှိနေတာကို ကျုပ်က ဝမ်းသာရမှာပါဗျာ'

သူမက....

'အခု လက်ရှိအခြေအနေဟာ ရှင့်အတွက် အန္တရာယ် အလွန် ကြီးမားနေတယ်ဆိုတာ ရှင် သဘောပေါက်တယ် မဟုတ်လား'

ဟု မေးလေသည်။

သူက ဘာမှမပြောဘဲ နေလိုက်လေသည်။

သူမက....

'ရှင့်ကို နှောင်ယှက်တဲ့လူ မှန်သမျှ အသတ်ခံလိုက်ရတယ်၊ အကြောင်းမသိသူတွေက ရှင့် လက်ချက်လို့ ထင်မှတ်ကြလိမ့်မယ်'

သူက....

'ဟုတ်ပါတယ်၊ ကျုပ်အပေါ် အထင်မှားသွားနိုင်ပါတယ်'

သူမက—

'အထင်မှားနိုင်တာ မဟုတ်ဘူး၊ အထင်မှားနေကြပြီရှင့်' ဟု ပြောလေသည်။

သူက ...

'ကျုပ် ဘာမှ မသုပ်ခဲ့ပါဘူးဗျာ'

ဟု ညည်းတွားလိုက်လေသည်။

သူမက....

'ကျွန်မ သိပါတယ်၊ ဒါပေမယ့် တစ်ခြားလူတွေကမှ မသိကြတာရှင့်'



သူ ပါးစပ်ပိတ်ထားလိုက်ပြန်လေတော့သည်။

သူမက ဆက်ပြောလိုက်သည်။

'ဒီလိုဖြစ်ရတာဟာ ကျောက်စိမ်း ဆံထိုးကြောင့်ပဲရှင့်၊ ရှင့်ကို ဒုက္ခပေးမယ့် လူတွေကို ရှင့်ကို စောင့်ရှောက်နေတဲ့ လူတွေက ရှင်းပစ်လိုက်တာပဲ'

သူလီ....

'ကျုပ်ကို စောင့်ရှောက်နေတဲ့လူတွေ ဟုတ်လား'

'ဟုတ်တယ်'

နေပါဦး၊ ဘယ်သူတွေက ကျုပ်ကို စောင့်ရှောက်နေတာလဲဗျ'

'ကျောက်စိမ်းဆံထိုးနဲ့ ပတ်သက်နေသူတွေပေါ့'

သူက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တော့ နားမလည်နိုင်တော့ဘူးဗျ'

ဟု ပြောလိုက်လေသည်။

ရှပ်ဆိုးမက....

'ကိစ္စမရှိဘူး၊ အချိန်တန်တော့ ရှင် နားလည်သွားမှာပါ ကျွန်မ မေးတာသာ ဖြေပါရှင်'

သူက—

ကျုပ် ဘာဖြေရမှာလဲ'

သူမက....

'ရှင် ကျောက်စိမ်းဆံထိုးကို ဘယ်က ရလာသလဲ'

သူက—

'ကောက်ရလာတာပါ'

သူမက...

'ရှင်သေချာတယ်နော်'

'သေချာပါတယ်ဗျာ မလိမ်ပါဘူး'

သူမက—

'ဘယ်ကကောက်ရလာတာလဲ'

'လမ်းမှာ မမျှော်လင့်ဘဲ တွေ့ပြီး ကောက်ယူလာမိတာပါဗျာ'

သူမသည် စုကျော်င်းအား သေသေချာချာ အကဲခတ် ကြည့်လိုက်သည်။

စုကျော်င်းက လိမ်ပြောခြင်းမဟုတ်သည်ကို သူမအကဲခတ် မိသည်။

သို့သော် စိတ်ထဲ မတင်မကျဖြစ်နေသဖြင့်—

'ရှင်သေချာရဲ့လား'

ဟု မေးသည်။



စုကျော်င်း စိတ်မကောင်းဖြစ်သွားသည်။

'သေချာပါတယ်ဗျာ၊ ကျုပ် ကောက်ရလာတာပါဗျာ'

သူမက—

'ရှင် ကောက်ရလာတဲ့ နောက်ကွယ်မှာ လျှို့ဝှက်တဲ့ အကြောင်းတစ်ခုရှိမှာလို့ ကျွန်မထင်တယ်'

စုကျော်င်းက

'ဒါတော့ ကျုပ်လဲပြောမပြတတ်ဘူးဗျ'

သူမက အနည်းငယ်စဉ်းစားလိုက်ပြီး...

'ဒါဖြင့် ရှင်ဘယ်လို ကောက်ရခဲ့တယ် ဆိုတာ ကျွန်မကို ဖေးစိတ်ပြောပြနိုင်မလား'

ဟု မေးသည်။

စုကျော်င်းခေါင်းညိတ်လိုက်သည်။

'ပြောပြနိုင်ပါတယ်'

'ဒါဖြင့် သေသေချာချာ စဉ်းစားပြီး တိတိကျကျပြောပါ၊ ဒါမှ အဖြေဖော်ထုတ်နိုင်မှာမို့ပါ'

စုကျော်င်းက ...

'ပြောရရင်တော့ အရှည်ကြီးပဲဗျ'

သူမက—

'ကိစ္စမရှိပါဘူး ပြောပါ'

စုကျော်င်းက ....

'ကျုပ်က အိမ်က ထွက်လာခဲ့တာအ စပြောရလိမ့် ထင်တယ်'

ဟု အစချီကာ သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက် ပြောပြလိုက်သည်။

သူမက စိတ်ဝင်စားစွာ နားထောင်လိုက်သည်။

## ကျောက်စိမ်းဆံထိုးပိုင်ရှင်

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

သို့သော်....

စကြောဝဠာ၏ရှင်သန်မှု ဝမ်းနည်းကြေကွဲမှုများ လွှမ်းမိုးနေပါတော့သည်။

သူတို့၏ မြို့လေး၌ မကြာသေးမီက ကူးစက်တတ်သော ရောဂါတစ်ခု ကျရောက်လာခဲ့သည်။

ထိုကူးစက် ရောဂါကြောင့် မြို့သူ မြို့သားများ သောက်သောက်လဲ သေဆုံးခဲ့ကြရပေသည်။

ကူးစက်ရောဂါကို ကြောက်ရွံ့ကာ မြို့သူမြို့သားများသည် မြို့ကိုစွန့်ခွာထွက်ပြေးသွားတော့သည်။

စုကျောင်း၏ မိဘ ညီအစ်ကို မောင်နှမများသည်လည်း ကူးစက်ရောဂါဖြင့် သေဆုံးခဲ့ကြသည်။

စုကျောင်းမှာ တစ်ကောင်ကြွက် အထီးကျန် ဘဝဖြင့် ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။

တစ်မြို့သုံးလည်း ကျီးနှင့်ဖုတ်ဖုတ်ဖြစ်နေသည်။

စုကျောင်းသည် မြို့ထဲ၌ဆက်နေ၍မဖြစ်တော့မှန်းသဘော ပေါက်ထားသည်။

ထို့ကြောင့်...

မြို့ကလေးကို စွန့်ခွာကာ ထွက်သွားခဲ့လေတော့သည်။

* * *



စုကျောင်းသည် အထုပ်ကိုကျောပိုးကာ ရှေ့သို့ တစိုက်မတ်မတ်လျှောက်နေ၏။

တောလမ်းတစ်လျှောက် လူသံ၊ သူသံ၊ မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ဆူညံနေ၏။

မြို့သူ မြို့သားများသည် မြို့ကိုစွန့်ခွာကာ အစုလိုက် အပြုံလိုက်ထွက်လာခဲ့ခြင်းဖြစ်သည်။

စုကျောင်းသည် လူအုပ်ကြီးနှင့် ရောနှောကာလိုက်လာခဲ့သော်လည်း မည်သည့်နေရာသို့ သွားရမှန်းမသိပါချေ။

လောကပေါ်တွင် တစ်ကောင်ကြွက် တစ်မျက်နှာ ဘဝ ရောက်နေရပြီ မဟုတ်ပါလား။

ထို့ကြောင့်—

စုကျောင်းသည် မပျော်ရွှင်နိုင်သော နှုံ့သုံ့၊ လေးလံသော ခြေလှမ်းများဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

သို့ဖြင့်....

တောလမ်းတစ်နေရာသို့ရောက်လာသောအခါ အရှေ့ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာလေသည်။

စုကျောင်း သတိဝင်လာလေသည်။

ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်လေသည်။

ထိုအခါ…

'လမ်းဒမြတွေဟ….ပြေးကြ…ပြေးကြ'

အထိတလန့် အော်ဟစ်သံများနှင့် အတူ လူအများ ရုတ်ရုတ်သဲသဲ ထွက်ပြေးကြသည်ကိုတွေ့လိုက်ရလေသည်။

စုကျောင်း ထိတ်လန့်သွားသည်။

'ဒမြတွေ ဆိုပါလား'

ဟု ရေရွတ်လိုက်မိသည်။

မြို့ကို စွန့်ခွာကြသည့် ဒုက္ခသည်များအား လမ်း ခရီးတွင် လူဆိုး ဒမြများက လုယက်တိုက်ခိုက်နေကြောင်းသတင်းများ နားမဆံ့အောင် ကြားခဲ့ရလေသည်။

ယခုတော့….

လမ်းဒမြများနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ရပြီ ဖြစ် လေသည်။



'ပြေး… ပြေး… မြန်မြန်ပြေး'

ဆူညံ အော်ဟစ်သံများနှင့်အတူ စရုန်းသုန်းကား ပြေး သွားနေကြသည်ကို တွေ့ရ၏။

ထို့အတူ…

'မပြေးနဲ့'

'ဒူးထောက်လိုက်စမ်း'

'ပစ္စည်းတွေထုတ်'

'ခုံရင် သတ်ပစ်'

အော်ဟေါက် ကြုံးဝါးသံများလည်း ကြားရလေသည်၊

ထို့အပြင်….

'အား…'

'အမလေး'

'သေပါပြီဗျို့'

စူးရှသော အော်ဟစ်သံများလည်း ဆက်တိုက်ထွက်ပေါ် လာလေသည်။

စုကျောင်း မနေနိုင်တော့ပါ။

'ဟေ…စုကျောင်း ဘာလုပ်နေတာလဲ၊ ပြေး….ပြေး'

မလှမ်းမကမ်းမှ အော်ပြောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူ-ယိ်ဟစ်ယောက်က အော်ဟစ်ဆာ ပြေးလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ စုံကျောင်း၏ သူငယ်ချင်း ကျန်းယုံဆိုသူ ဖြ
လေသည်။

ကျန်းထို....

'ဒမြတွေကွ၊ စုကျောင်း ငါ့နောက်လိုက်ခဲ့'
ဟု အော်ပြောပြီး ထွက်ပြေးသွားလေသည်။

စုကျောင်းလည်းစဉ်းစားမနေတော့ဘဲ ကျန်းယုံနောက်
ပြေးလိုက်သွားလေတော့သည်။



နေဝင်းနီမှ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်
သွားပြီဖြစ်လေသည်။

ဝန်းကျင်တစ်ခုလုံး မှောင်ရိပ်များလွှမ်းမိုးနေ၏။

လဝန်းသွက်ပေါ် မလာမီ နက်ရှိုင်းစွာမှောင်မိုက်နေခြင်း
ဖြစ်လေသည်။

စုကျောင်းနှင့် ကျန်းယုံတို့သည် သစ်ပင်တစ်ပင်အောက်၌
ထိုင်ကာ အမောဖြေနေကြလေသည်။

သူတို့၏တစ်ကိုယ်လုံး မိုးရွှဲရွှဲစိုနေလေသည်။

ကျန်းယုံက—

'နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုသလိုပေါ့ကွာ၊ ငါတို့
ဖြစ်က အတော်ကံဆိုးပါတယ်'

ဟု ညည်းတွားလိုက်လေသည်။

ကျန်းယုံသည်လည်း တစ်ကောင်ကြွက်ဘဝ ရောက်နေသူ
ဖြစ်လေသည်။

စုကျောင်းက....

'ဘာပဲဖြစ်ဖြစ် ငါတို့ တွက်ပြေးလွတ်မြောက်လာတာ ဝမ်းသာရမှာပဲကွ၊ ဒမြေတွလက်ထဲ ရောက်သွားတဲ့လူ တော့ သက်သာမှာမဟုတ်ဘူးကွ'

ကျန်းယုံက....

'ဘယ်လွယ်ပါ့မလဲကွာ၊ ငါ့ခရီးမှာတောင် သုံးယော ထောက် အသတ်ခံလိုက်ရတာ တွေ့ခဲ့ရသေးတယ်'

စုကျောင်းက—

'သည်လိုလုပ်တာတော့ မကောင်းပါဘူးကွာ'

ကျန်းယုံက....

'လူဆိုး ခေါးပြမတွေပဲ အကြံဉ်နာတရားဘယ်ရှိမှာလဲ၊ အဘွက် လိုချင်တာရမယ်ဆိုရင် ဘယ်သူ့ကိုမှ ချမ်းသာ မှာ မဟုတ်ဘူး'

ဟု ပြောလေသည်။

စုကျောင်းက....



'ခေါးပြမတွေလက်ထဲက လွတ်လာကာတော့ ဟုတ်ပါပြီ၊ မင်း ဘယ်ကိုသွားမလဲ'

ဟု မေးလိုက်လေသည်။

ကျန်းယုံသ—

'ငါက ချန်အန်းကို သွားမလို့ကွ၊ အဲဒီမှာ ငါ့အဖေရဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်၊ သိုင်းပညာကင်ဘန်းကျောင်း တစ်ခု ဖွင့်ထားတယ်၊ အဲဒီကို သွားမလို့ စိတ်ကူးထား တယ်'

ဟု ပြောလေသည်။

စုကျောင်းက....

'ချန်အန်းမြို့ ဟုတ်လား'

'ဟုတ်တယ်၊ ငါ့အဖေက ငါ့ကို သိုင်းသမားဖြစ်စေချင် တာကွာ၊ ဒါကြောင့် ငါက ဖေဖေ့ မိတ်ဆွေဆီကိုသွားပြီး သိုင်းပညာသင်မယ်လို့ ရည်ရွယ်ထားတာပေါ့'

စုကျောင်းက....

'ငါလဲ လိုက်လို့မရဘူးလား'

ဟု မေးလိုက်လေသည်။

ကျန်းယုံက ပြုံးလိုက်သည်။

'မင်း လိုက်ချင်ရင် လိုက်ခဲ့ပေါ့ကွာ'

စုကျောင်း ဝမ်းသာသွားလေသည်။

'အေး... ငါ လိုက်ခဲ့မယ်'

ကျန်းယုံက....

'ကဲ – တို့ ဒီည ဒီမှာပဲ အိပ်ကြတာပေါ့ကွာ၊ မနက်ကျမှ ခရီးဆက်ကြတာပေါ့'

'ကောင်းပြီလေ'

နှစ်ယောက်သား ပါလာသည့် ရိက္ခာခြောက်များကိုစား သောက်လိုက်ပြီး သစ်ပင်အောက်၌ပင် အိပ်စက်အနားယူ လိုက်ကြလေတော့သည်။

* * *



ကောင်းကင်ပေါ်တွင် လဝန်း ထွက်ပေါ်လာလေသည့်စု ညဉ့်နက်ပြီ ဖြစ်သည်။

တောတောင်တစ်ခွင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူသည် သစ်ပင်အောက်၌ အိပ်စက်အနားယူနေရာမှ ဖျပ်ခနဲ လန့်နိုးလာသည်။

ထိုအခါ....

သစ်ပင်အောက်၌ သူတစ်ယောက်တည်းရှိနေပြီး ကျန်းယုံ ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်ကို တွေ့လိုက်ရလေသည်။

သူ ထိတ်လန့်သွားလေသည်။

'ကျန်းယုံ —ကျန်းယုံ'

ဟု ကပျာကယာခေါ်လိုက်လေသည်။

သို့သော်—

ကျန်းယုံ၏အသံ မကြားရချေ။

သူ ပို၍ ထိတ်လန့်လာ၏။

ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။

လရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်နေပါသည်။

ကျန်းယုံ၏ အရိပ်အယောင်ပင် မတွေ့ရပါချေ။

ကျန်းယုံ မည်သည့်နေရာရောက်ရှိသွားပါသနည်း။

သူ ရှာဖွေနေစဉ်....

'ဝေါင်း-'

အဝေးမှ ကျားဟိန်းသံတစ်ချက် ထွက်ပေါ်လာသည်ကြားလိုက်ရ၏။

ကျားဟိန်းသံသည် အတော်ဝေးဝေးမှ ထွက်ပေါ်ခြင်း ဖြစ်လေသည်။

သို့သော်-

စုကျောင်း ထိတ်လန့်လာလေသည်။

'ငါတော့ ဒုက္ခပဲ'

ဟု ရေရွတ်ကာ ကျားဟိန်းသံနှင့် ဝေးရာသို့ ပြေးလာခဲ့မိလေတော့သည်။

* * *



နက်ရှိုင်းလှသော သောအုပ်ကြီးမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

စုကျောင်း၏ တစ်ကိုယ်လုံး ချွေးများရွှဲရွှဲစိုနေသည်။

မောဟိုက်နွမ်းနယ်လာသဖြင့် ခြေလှမ်း ရပ်လိုက်သည်။

မလုံမလဲဖြင့် နောက်လှည့်ကြည့်လိုက်သောအခါ ကျားအရိပ်အယောင်ပင် မတွေ့ခဲ့ သူက အကြောက်လွန်ကာ ထွက်ပြေးလာခဲ့ခြင်း ဖြစ်သေသည်။

ကျန်းယု နှင့်ဇီလည်း လူချင်းကွဲသွားပြီ ဖြစ်လေသည်။

စုကျောင်း အကြီးအကျယ် စိတ်ဓာတ်ကျသွားလေသည်။

ခြေဦးတည့်ရာ ပြေးလာမိခဲ့ခြင်းဖြစ်ရာ မည်သည့်နေရာသို့ ရောက်ရှိနေမှန်း မသိတော့ပေ။

စုကျောင်းသည် ခြေလှမ်းရပ်ကာ အနားယူလိုက်လေသည်။

အမောပြေသွားတော့မှ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ....

ကျောက်တုံးကျောက်ခဲများ ပေါများလှသည့် တောင်ကုန်း တစ်ခုသို့ရောက်ရှိနေကြောင်း တွေ့လိုက်ရလေသည်။

ထိုကျောက်တောင်ကုန်းသည် အခြားသော တောင်ကုန်းများနှင့် မတူဘဲ ထူးခြား နေသည်ကိုလည်း တွေ့လိုက်ရလေသည်။

'ကျောက်တုံး ကျောက်ခဲများသည် ဝင်းလက်တောက်ပသော အရောင်များ အဖိတ်ဖိတ်တောက်ပနေပါလား'

ဟု ရေရွတ်လိုက်မိလေသည်။

ကျောက်တုံးကျောက်ခဲများကြားသို့ လျှောက်သွားလိုက်မိလေသည်။

ကျောက်တုံး ကျောက်ခဲများဟှင် အလင်းရောင် ထွက်ပေါ်နေသော ကျောက်သလင်းမှုံများ ကပ်ငြိနေသည်ကို တွေ့ရ၏။



ထိုကျောက်သလင်းများကြောင့် ကျောက်တောင် တစ်ခုလုံး အလင်းရောင်များ ထွက်ပေါ်ကာ လင်းထိန်နေခြင်း ဖြစ်လေသည်။

စုကျောင်းသည် တအံ့တဩ ငေးမောကြည့်ရင်း ကျောက်တုံး ကျောက်ခဲများကြား၌ လျှောက်သွားနေမိလေသည်။

ထိုစဉ် ...

ကျောက်တုံးကျောက်ခဲများကြား၌ နောက်ထပ်ထူးခြားမှု တစ်ခုကို တွေ့လိုက်ရလေသည်။

ကျောက်တုံးကြီးတစ်တုံးကိုမှီကာထိုင်နေသူတစ်ယောက် ဖြစ်လေသည်။

စုကျောင်း ခြေလှမ်း တုန့်ခနဲ ရပ်သွားပြီး—

'ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်၊

သို့သော်....

တုန့်ပြန်သံ မကြားရပါချေ။

စုကျောင်းက…

'ဘယ်သူလဲ'

ဟု ထပ်မေးလေသည်။

တုန့်ပြန်သံကား မကြားပါ။

စုကျောင်းသည် လူသူကင်းဝေးလှသည့် နေရာ၌ လူတစ်ယောက်အား တွေ့လိုက်ရသဖြင့် ထိတ်ထန့်လာ၏။

နောက်သို့ တရွေ့ရွေ့ဆုတ်လိုက်မိလေသည်။

ကျောက်တုံးအား မှီကာ ထိုင်နေသူမှာ တုတ်တုတ်မျှပင် မလှုပ်ပါချေ။

စုကျောင်းက….

'ဘယ်သူများလဲဗျာ'

ဟု အရဲစွန့်ကာ ထပ်မေးလိုက်ပြန်လေသည်။

တုန့်ပြန်သံမကြားရသလို လှုပ်ရှားခြင်းလည်း မရှိသဖြင့်…



'ဒီလူဟာ ဒုက္ခရောက်နေတဲ့ လူများလား'

ဟု တွေးမိလာလေသည်။

စုကျောင်းက ခြေလှမ်းရှပ်ကာ သေသေချာချာ အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူကား တစ်စက်လေးမှ မလှုပ်ပါချေ။

စုကျောင်းက….

'ခင်ဗျား ဘယ်သူလဲ၊ အကူအညီတစ်ခုခုများ လိုအပ်နေသလားဗျာ'

ဟု မေးလိုက်၏။

ထိုလူက တာမှ မပြောချေ။

စုကျောင်းက—

'ခင်ဗျားမှာ အခက်အခဲရှိနေတယ်ဆိုရင် ကျွန်တော် ကူညီပါ့မယ်'

ထိုလူကား တုံ့ဏှာဘာဝရှိနေ၏။

စုကျောင်းက…

'ခင်ဗျားမှာ အကူအညီလိုနေတာကို ကျွန်တော် သိပ
တယ်ဗျာ'

ဟု ပြောကာ ရှေ့တိုးသွားလိုက်လေသည်။

အရဲစွန့်ကာ တိုးသွားရာ ထိုလူနှင့် မလှမ်းမကမ်း
ရောက်ရှိသွားလေသည်။

ထိုလူက ကျောက်ထုံးကိုမှီကာ ထိုင်နေဆဲ။

စုကျောင်းသည် မလှမ်းမကမ်းသို့ရောက်လျှင်ကျောက်တု
ကျောက်ခဲများမှ ထွက်ပေါ်နေသော အလင်းရောင်ကြော
လည်းကောင်း၊ လရောင်ကြောင့်လည်းကောင်း ထိုလူ
ဖြစ်အင်ကို သေသေချာချာ မြင်တွေ့လိုက်ရလေတော့သည်

ထိုလူမှာ လူကောင်းပကတိတစ်ယောက် မဟုတ်ပါချေ

သေဆုံးနေပြီမှာ ကြာပြီဖြစ်သော အရိုးစုတစ်ခု ဖြစ်နေပ
တော့သည်။

ထိုလူက အဝတ်အစားများသည် စုတ်ပြဲနေပြီ ဖြစ်
သည်။



သို့သော် ...
အဝတ်အစားများကို ကြည့်ရသည်မှာ မြို့စားရွာစား
အကြီးအကဲ တစ်ယောက်ယောက်ဖြစ်နိုင်သည်ဟု စုကျောင်း
ထင်မှတ်လိုက်လေသည်။

ရုတ်တရက်မို့ ထိတ်လန့်သွားသော်လည်း လူအရိုးစုဘစ်စု
သည် မည်သို့မျှ အန္တရာယ်မပြုနိုင်ကြောင်း တွေးကိုက်မိ
သဖြင့် ကြောက်ရွံ့စိတ်များ ပျောက်ကွယ်သွားသည်။

ထို့အပြင်—

'ဒီလူဟာ လောပုန်းခေါးပြုတွေအန္တရာယ်ကြောင့် ထွက်
ပြေးလာရင်း ဒီနေရာကို ရောက်လာတာပဲ ဖြစ်မယ်'

ဟု တွေးလိုက်မိပြန်လေသည်။

လူသူအရောက်အပေါက်မရှိသော နေရာ၌ လာရောက်သေ
ဆုံးနေရရှာသော ထိုလူအတွက် စိတ်မကောင်းဖြစ်လာလေသည်။

'ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ မသိရလို့ ခင်ဗျား
အကြောင်းကို ကျွန်တော် ဘယ်သူ့ကိုမှ ပြောပြနိုင်မှာမဟုတ်
ပါဘူး၊ ဝမ်းနည်းပါတယ်ဗျာ'

ဟု ပြောလိုက်၏။

အရိုးစုမှာ သူ၏ စကားကို ကြားနိုင်မည် မဟုတ်သလို ပြန်ပြောနိုင်မည် မဟုတ်ပါချေ။

စုကျောင်းက....

'ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့ အရိုးစုကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ပေးပါ့မယ်ဗျာ'

ဟု စေတနာအမှန်ဖြင့် ပြောလိုက်၏။

ထို့နောက်....

ချွန်ထက်နေသော ကျောက်တုံး ကျောက်ခဲများကောက်ယူကာ မြေပြင်ကို တူးဆွလိုက်လေသည်။

လူတစ်ယောက် သေဆုံးသွားသောအခါ မြှုပ်နှံသင်္ဂြိုဟ်သင့်သည်ဟု နားလည်ထားလေသည်။

သူ၏ ဇာတိမြို့လေး၌ ကူးစက်ရောဂါကြောင့် လူအများသေဆုံးခဲ့ကြရသည်ဖြစ်ရာ အချို့ကို မြေပင်မမြှုပ်နိုင်ခဲ့ချေ။

ရောဂါကူးစက်မည်ကို စိုးရိမ်ကာ သေဆုံးသွားသူများ၏ အလောင်းကို မည်သူမျှ မထိဝံ့ မကိုင်ဝံ့ကြချေ။



စုကျောင်းက မြေကြီးကို တူးဆွလိုက်ရာ အတန်ကြာလျှင် မြေကြွင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

စုကျောင်းသည် အရိုးကို မယူကာ အသာအယာပင် မြေကြွင်းထဲသို့ချလိုက်သည်။

ထိုစဉ်....

'ဒေါက်'

အရိုးစုထံမှ ပစ္စည်းတစ်ခု မြေပေါ်ထွက်ကျလာသည်ကို တွေ့လိုက်ရသည်။

စုကျောင်း အံ့ဩသွားသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ဆံထိုးတစ်ချောင်းဖြစ်နေသည်ကို တွေ့ရ၏။

စုကျောင်းဝမ်းသာသွားသည်။

'ဒီဆံထိုးလေးဟာ သူ့ရဲ့အမှတ်အသား တစ်ခု ဖြစ်မှာပဲ၊ မပျောက်ပျက်အောင် ငါသိမ်းထားလိုက်မယ်၊ တစ်နေ့ကျရင် ဒီဆံထိုးလေးနဲ့ပတ်သက်တဲ့ လူနဲ့တွေ့ကောင်း တွေ့နိုင်တာပေါ့'

ဟု တွေးမိကာ ကျောက်စိမ်းဆံထိုးကို ကောက်ယူပြီး အင်္ကျီအိတ်ထဲသိမ်းဆည်းထားလိုက်မိသည်။

သူမြုပ်နှံပေးလိုက်သူ၏ အမှတ်အသား အဖြစ် ယူထားလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့်...

အရိုးစုကို မြေမြှုပ်သင်္ဂြိုဟ်လိုက်သည်၊

ဤသို့ဖြင့်—

ကျောက်စိမ်းဆံထိုးလေးအား သူရရှိလာခဲ့ခြင်း ဖြစ်ပေတော့သည်။

* * *



ညဉ့်နက်ပြီဖြစ်သည်။

အေးမြမှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလိုက်သည်။

ဘုံကျောင်းပျက်ထဲ၌မူ မီးဖိုထားခြင်းကြောင့် နွေးနွေးထွေးထွေးရှိနေသည်။

စုကျောင်းက ကျောက်စိမ်းဆံထိုးလေး ရရှိခဲ့ပုံကိုရှင်းပြလိုက်ပြီးနောက် ရုပ်ဆိုးမကို ကြည့်လိုက်သည်။

သူမက သက်ပြင်းချလိုက်သည်။

'ကျောက်စိမ်းဆံထိုး ပိုင်ရှင်ဘယ်သူဘယ်ဝါဆိုတာ ရှင်မသိခဲ့ရဘူးပေါ့ဟုတ်လား'

ဟုမေးသည်။

စုကျောင်း ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ကျုပ်မသိဘူး၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲရှင့်'

'ဆရာကြီး လီကုန်းကတော့ သိမယ်ထင်တယ်'

သူမမျက်မှောင်ကုတ်သွား၏။

'ရှင်ဘယ်လို ပြောလိုက်တာလဲ၊ ဆရာကြီးလီကုံးက သိ
နေတယ်ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး'

စုကျောင်းက....

'သူက ကျုပ်ကိုခေါ်တွေ့ခဲ့တုန်းက ကျောက်စိမ်းဆံထိုး
နဲ့ ဘယ်လိုပတ်သက်နေသလဲ မေးတယ်၊ သိုင်းလောကသား
တွေစိတ်ဝင်စားနေတဲ့ ပစ္စည်းတစ်ခု ဖြစ်တယ်လို့လဲ ပြော
တယ်'

သူမက—

'အင်း ...ဒါဆို ကျောက်စိမ်းဆံထိုးအကြောင်းကို သူသိ
နေတာဖြစ်နိုင်တယ်'

'ကျုပ်တို့ သူ့ဆီသွားမြီး'

စုကျောင်းသည် အားတက်သရောပြောလိုက်ရန် ဟန်ပြ
လိုက်ပြီးမှ စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။



သူမက—
'သူအသက်ခုလိုက်ရတာ ဆိုးတာပဲရှင့်'

ဟု ညည်းတွားလိုက်သည်။

မှန်ပေသည်။

ဆရာကြီးလီကုံး သေဆုံးသွားခဲ့ပြီဖြစ်လေသည်။

သူမက....

'ဘာပဲဖြစ်ဖြစ် သိုင်းလောကသားတွေ စိတ်ဝင်စားတဲ့
ပစ္စည်းဆိုတော့ ဒီပစ္စည်းအကြောင်းကို သိုင်းလောကသား
တွေသိနေကြမှာအမှန်ပဲရှင့်'

ဟု ပြောသည်။

စုကျောင်းက....

'ဒါဖြင့် ကျုပ်ဘယ်လိုလုပ်ရမလဲ'

'သိုင်းလောကထဲဆင်းသွားပြီး စုံစမ်းကြည့်ပေါ့'

ဟု သူမက သိုင်းလောကသို့ သွားရန် အကြံပေးသည်။

စုကျောင်း ခေါင်းခါလိုက်သည်။

'မဖြစ်ပါဘူးဗျာ၊ ခုတောင် လူတွေကကျုပ်ကို လူသတ်သမားလို့ အထင်မှားနေကြပြီ'

ဟု ညည်းတွားလိုက်၏။

သူမက—

'ဒါဖြင့် ရှင်ဘယ်လိုလုပ်မလဲ'

ဟု မေးမြန်းသည်။

စုကျော်င်းက....

'ဒီပစ္စည်းဟာ ဒုက္ခပေးမယ့်ပစ္စည်းဖြစ်နေပြီဗျ၊ ဒါကြောင့် နှင့်ပစ်လိုက်တော့မယ်'

'ကြော်—ရှင်က လွှင့်ပစ်လိုက်မယ်ပေါ့'

'ဟုတ်တယ်'

သူမပြုံးလိုက်သည်။

'ဒါဆို ကျွန်မကိုပေးပါလား'

စုံကျော်င်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူမအား နားမလည်နိုင်စွာကြည့်လိုက်ပြီး—



'ခင်ဗျား ...ချင်တယ်ဟုတ်လား'

ဟု မေးလိုက်သည်။

သူမက....

'ရှင်လွှင့်ပစ်မယ့်အတူတူတော့ ကျွန်မ ယူသွားမယ်လေ၊ မကောင်းဘူးလား'

စုကျော်င်းက....

'ဒီပစ္စည်းက ဒုက္ခပေးတတ်တဲ့ ပစ္စည်းတစ်ခုဖြစ်နေပြီ ဆိုတာ ခင်ဗျားသိပါတယ်နော်'

'သိပါတယ်ရှင်၊ ဒါကြောင့် ဘယ်လိုပစ္စည်းမျိုးဖြစ်ဘယ်တယ်သူတွေက ဒုက္ခပေးနေကြတယ်ဆိုတာ စုံစမ်းဖော်ထုတ်ချင်လို့ပါရှင်'

စုကျော်င်းက—

'ခင်ဗျားအတွက် အန္တရာယ်များတယ် ဆိုတာကော သိတယ်နော်'

သူမက—

'သိပါတယ်၊ ဒါပေမယ့် ကျွန်မက အန္တရာယ်နဲ့ အမြဲရင်ဆိုင်နေရတာပဲရှင် မဆန်းတော့ပါဘူး'

စုံကျော်င်း သက်ပြင်းချလိုက်သည်။

'ကောင်း ပြီလေ၊ ခင်ဗျား လိုချင်တယ် ဆိုရင်လဲယူသွားပေါ့'

ဟု ပြောကာ ကျောက်စိမ်း ဆံထိုးလေးကို ထုတ်ပေ
လိုက်သည်၊

သူမက....
'မကျေးဇူးပဲ၊ ဒီကိစ္စကို ကျွန်မဖော်ထုတ်ပေးပါမယ်'
ဟု ကတိပြုလိုက်လေသည်။
ထို့နောက်—
'ရှင် ဘယ်ကိုသွားမှာလဲ စိတ်ကူးသလဲ'

ဟု မေးသည်။

စုကျောင်းက....

'ချန်အန်းမြို့ကိုသွားပြီး ကျန်းယူကို ရှာမလားလို့ စိ
ကူးထားတယ်ဗျ'

ရုပ်ဆိုးမက—

'ဒါဖြင့် အခြေအနေထူ ရင် ချန်အန်းမြို့ကို ကျွန်မ လာ
မယ်၊ ဘယ်နှယ်လဲ'

စုကျောင်း သဘောတူလိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်တို့ပြန်ပြီး ဆုံတွေ့ကြတာပေါ့ဗျ'
ရုပ်ဆိုးမက....

'ကျောက်စိမ်းဆံထိုးလေးရဲ့ လျှို့ဝှက်ချက်ကို ကျွ
ဖော်ထုတ်နိုင်မယ်လို့ ယုံကြည်ထားပါတယ်ရှင်၊ ကဲ–ည
နက်ပြီ၊ အိပ်ကြတာပေါ့'



စုကျောင်း ခေါင်းညိတ်လိုက်သည်။

နှစ်ယောက်သား မီးပုံ၏ တစ်ဖက်တစ်ချက်တွင် တစ်ည
တာ အိပ်စက်အနားယူလိုက်ကြလေတော့သည်။

## ကံကြမ္မာဆိုးက အရိပ်ပမာ

'အောက် အီး အီး အွတ်'
အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာ၏။
နေရောင်ခြည်သည် အပေါက်အပြဲများကြားမှတစ်ဆုံ
ဘုံကျောင်းပျက်အတွင်းသို့ သိုးကျလာလေသည်။
မိုးစင်စင်လင်းခဲ့ပြီ ဖြစ်လေသည်။
ညဥ့်နက်မှ အိပ်ရသဖြင့် စုကျောင်းသည် အတော်လေ
နေမြင့်မှ နိုးလာလေသည်။



ကပျာကယာ လူးလိမ့်ထလိုက်ပြီး ဘုံကျောင်းပျက်ထဲ ရောက်ခဲ့ရသည့် အဖြစ်ကို ပြန်လည် သတိရလာလေသည်။
မီးဖို၌ မီးသေနေပြီ ဖြစ်သည်။

ဝန်းကျင်းတစ်ခုလုံး တိတ်တိတ်ဆိတ်ဆိတ်ဖြစ်မနေသည်။

ရုပ်ဆိုးမ၏ အရိပ်အခရောင်လည်း မတွေ့ရချေ။

စုကျောင်းက ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်၏။

ရုပ်ဆိုးမကို လုံးဝမတွေ့ရပါ။

'သူ ထွက်သွားပြီလား'

ဟု တွေးမိလျှင် စိတ်မကောင်းဖြစ်သွားလေသည်။

ရုပ်ဆိုးမသည် ရုပ်ဆိုးသော်လည်း သဘောကောင်းသူ၊ စိတ်ထားဖြူစင်သူမဟုတ်ပါလား။

စုကျောင်းသည် ဟိုဟိုသည်သည်ကြည့်ရင်း ဘုံကျောင်းပျက်ထဲမှ ထွက်လာခဲ့သည်။

ဘုံကျောင်းပျက်အပြင်ဘက်၌ သာယာလှပသော ပတ်ဝန်းကျင်က ဆီးကြိုနေပါသည်။

စုကျောင်းသည် သန့်ရှင်းလတ်ဆတ်သော နံနက်ခင်းလေ
မြေကို အားရပါးရ ရှူရှိုက်လိုက်သည်။

ရှပ်ဆုံးမကိုကည်း ရှာဖွေကြည့်လိုက်သည်။

သူမသည် သူ့အား နှုတ်မဆက်ဘဲ ထွက်သွားမည်မဟုတ်ဟု
ယုံကြည်ထားခြင်းကြောင့် ဖြစ်လေသည်။

ဘုံကျောင်းပတ်ဝန်းကျင်၌ သူမ၏ အရိပ်အယောင်
မတွေ့ရပါချေ။

စုကျောင်း ငိုင်သွားသည်။

'သူက ဘာကြောင့် ငါ့ကို နှုတ်မဆက်ဘဲ ထွက်သွား
တာလဲ'

'ကျောက်စိမ်းဆံထိုးရသွား၍ စိတ်ပြောင်းသွားတာများ
လား'

ထိုသို့တွေးရင်း ဘုံကျောင်းပျက် ဝဲဘက်ရှိ ရေတွင်းဆီ
သို့ အကြည့်ရောက်သွားလေသည်။

ရေတွင်းနံဘေး၌ ရေငင်သော ရေပုံးချထားလေသည်

ရေပုံးမှာ သံချေးတက်နေပြီ ဖြစ်သလို ကြိုးကလည်း
ဆွေးမြည့်နေပြီ ဖြစ်လေသည်။



သို့သော်...
ရေပုံးထဲ၌ ရေရှိနေပြီး ရေတွင်း ပတ်ဝန်းကျင်၌လည်း
ရေများ စိုရွှဲနေသည်ကို တွေ့ရ၏။

စုကျောင်း မျက်မှောင်ကုပ်သွားလေသည်။

'သူမ ဒီက ထွက်မသွားခင် ရေတွင်းကရေခပ်ပြီး မျက်နှာ
သစ်၊ ခြေလက်ဆေးသွားသေးတယ် ထင်ပါရဲ့'

ဟု တွေးကာ ရေတွင်းဆီသို့ လှမ်းသွားလိုက်၏။

ရေတွင်းအနီးရှိ စိုစွတ်နေသော မြေပေါ်တွင် ခြေရာများ
ရှိနေသည်ကို တွေ့ရ၏။

သူမ၏ ခြေရာများပင် ဖြစ်မည်ဟု စုကျောင်း သင်မှတ်မိ
လေသည်။

စုကျောင်းသည် မျက်နှာသစ်လိုက်မည် လုသော အတွေး
ဖြင့် ရေပုံးထဲ၌ ရှိနေသော ရေများကို သွန်ပစ်လိုက်သည်။

ထို့နောက်—

ရေတွင်းထဲမှ ရေခပ်ယူရန် ဟန်ပြင်လိုက်လေသည်။

ဤတွင်—

'ခွမ်း....ဂလုံး'

စုကျောင်းသည် လက်ထဲကိုင်ထားသော ရေပုံးကိုလွှတ်ချ ကာ 'အား' ခနဲ အော်လိုက်မိလေသည်။

အကြောင်းမူ...

ရေတွင်းထဲ၌ လူတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရခြင်း ကြောင့် ဖြစ်လေသည်။

ရေတွင်းထဲ၌ ရေများရှိနေသည်။

လူတစ်ယောက်သည် ရေထဲ၌ပေါလောပေါ်နေသည်။

ထိုလူမှာ စုကျောင်း လိုက်ရှာနေသော ရှပ်အိုးမ ဖြစ် နေပါတော့သည်။

စုကျောင်းသည် သူမကိုကြည့်ရင်း မျက်လုံးကြီးပြူးထွက် လာလေသည်။

သူမသည် ရေတွင်းထဲ၌ မှောက်ခုံကြီးဖြစ်ကာ ပေါလော ပေါ်နေခြင်း ဖြစ်ပါသည်။

သူသည် သတိလက်လွတ်ဖြစ်....



'အမယ်လေးဗျ'

စူးရှစွာ အော်ဟစ်ပြီး ချာခနဲလှည့်ကာ သွေးရူးသွေး တန်းဖြင့် ပြေးထွက်သွားလေတော့သည်။

* * *

'ခွပ် ခွပ် ခွပီ ခွပ်'

မြင်းခွာသံစည်းချက် ဝါးချက်ကျကျထွက်ပေါ်နေသည်။ သူသည် မြင်းလှည်းအတွင်း၌ လိုက်ပါလာရင်း ငိုက်မြည်း နေလေသည်။

ဘုံကျောင်းပျက်မှ ခြေဦးတည့်ရာ ထွက်ပြေးလာခဲ့ရ… ဆမ်းခရီးတွင် မြင်းလှည်းတစ်စီးကို တွေ့ရသဖြင့် ထားဆ… ကာ အကူအညီတောင်းပြီး လမ်းကြုံလိုက်လာခဲ့ခြင်း ဖြစ်… သည်။

မြင်းလှည်းသည် ပုခက်လွှဲသကဲ့သို့ ရှိနေသည့်အပြင် စိ… မောလှမော ဖြစ်လာခဲ့ခြင်းကြောင့်လည်း ကြာသော် ဝို… မြည်းသွားခြင်း ဖြစ်လေသည်။

အချိန်မည်မျှကြာသွားမှန်း မသိ။

'သူငယ်…သူငယ်'

ပခုံးကိုလှုပ်ကာ နှိုးသာသဖြင့် စုကျောင်း ဖျပ်… နိုးလာလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မြင်းလှည်းအဘိုးအို… နှိုးနေခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

စုကျောင်း နိုးလာသည်ကိုမြင်လျှင် အဘိုးအိုက—

'သူငယ်… ဝူစေမြို့ကို ရောက်ပြီကွယ့်၊ ကျုပ်တို့ခရီးဆုံ… ရှေ့ဆက်သွားတော့မှာ မဟုတ်ဘူး'

ဟု ပြောလာလေသည်။

မှန်ပေသည်။



မြင်းလှည်းပေါ်တွင် ခရီးသည် တစ်ယောက်မှ မရှိ တော့ချေ။

စုကျောင်း ပြုံးလိုက်သည်။

'ခြော်…ကျွန်တော် အိပ်ပျော်သွားတယ်'

ဟု ပြောကာ မြင်းလှည်းပေါ်မှ ဆင်းလိုက်လေသည်။

အဘိုးအိုက….

'သူငယ်ချန်အန်းမြို့ကိုရောက်ဖို့ အဝေးကြီးလိုသေးတယ်ကွဲ့၊ ကျုပ်တို့ကတော့ ရှေ့ဆက်သွားတော့မှာမဟုတ်ဘူး'

ဟု ပြောလေသည်။

စုကျောင်းက—

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော် သည်အထိ ခရီးကြုံလိုက်ခွင့်ရတာပဲ တော်ပါပြီ'

အဘိုးအိုက—

'အေး အေး…. ချန်အန်းမြို့ကိုသွားမယ့် မြင်းလှည်းတွေ သည်မြို့မှာရှိပါတယ်ကွယ်၊ လိုက်စုံစမ်းကြည့်ပေါ့'

'ကောင်းပါပြီခင်ဗျား'

စုကျောင်းက အဘိုးအိုအား နှုတ်ဆက်ကာ ထွက်လာ… လေသည်။

အဘိုးအိုကလည်း မြင်းလှည်းကိုမောင်းနှင်ကာ ထွက်ခွာ… သွားလေသည်။

စုကျောင်းက အညောင်းတစ်ချက်ဆန့်လိုက်ပြီး ပတ်ဝန်း… ကို အကဲခတ် ကြည့်လိုက်လေသည်။

ထို့နောက်–

လူစည်ကားသောမြို့လယ်ပိုင်းသို့လျှောက်လာခဲ့လေသည်…

လမ်းပေါ်တွင် အရောင်အသွေးစုံလင်စွာဝတ်ဆင်ထား… များ သွားလာလှုပ်ရှားနေကြလေသည်။

မိန်းကလေးတစ်သိုက်သည် စုကျောင်းနှင့်မလှမ်းမကမ်း… ဖြတ်သွားကြသည်။

သူတို့၏စကားသံများ၊ ရယ်မောသံများ လွင့်ပျံလာ၏…

စုကျောင်း ခြေလှမ်းရပ်တန့်သွားလေသည်။

အကြောင်းမှာ –



ရှပ်ဆိုး မကို သတိရလာခြင်းကြောင့် ဖြစ်လေသည်။

'သူ့ကို ဘယ်သူကများ ရက်ရက်စက်စက် သတ်ပစ်လိုက်တာလဲ'

ဟု တွေးလိုက်မိလေသည်။

စုကျောင်း ထိတ်လန့်လာသည်။

ရှပ်ဆိုးမ အသတ်ခံလိုက်ရသည်မှာ ကျောက်စိမ်းဆံထိုးကြောင့်ဟုလည်း ယုံကြည်လာလေသည်။

'ငါ့ဆီက ကျောက်စိမ်းဆံထိုး တောင်းယူလိုက်တာဟာ သူ့အတွက် ကံဆိုးသွားစေတာပဲ'

စုကျောင်းသည် တွေးရင်း တွေးရင်း ကျောက်စိမ်းဆံထိုးကို မုန်းတီးလာလေသည်။

ကျောက်စိမ်းဆံထိုးသည် ဂြိုဟ်မွှေလှသည်မဟုတ်ပါလား။

စုကျောင်း ရုတ်တရက် ခြေလှမ်းရပ်သွားသည်။

တစ်စုံတစ်ခုအား တွေ့တော့မိလာပြန်ခြင်းကြောင့် ဖြစ်လေသည်။

'ရုပ်ဆိုးမဟာ ရေခပ်ရင်း ရေတွင်းထဲသို့ သူ့ဘာသ
အားလွန်ပြီးပြုတ်ကျသွားတာတော့ မဖြစ်နိုင်ဘူးထင်'

ဟူ၍ ဖြစ်လေသည်။

စုကျောင်းသည် ကြုံတွေ့နေရသော အဖြစ်အပျက်များနှင့်
ပတ်သက်ပြီး နားမလည်နိုင်အောင် ဖြစ်ရလေသည်။

ရုပ်ဆိုးမက ရေတွင်း၌ရေခပ်ရင်း အားလွန်ပြီးရေတွင်း
ထဲပြုတ်ကျကာ သေဆုံးခဲ့ရသည်ဖြစ်စေ—

သူ့ထံမှ ကျောက်စိမ်းဆံထိုးကို ရယူသွားခြင်းကြော
လုပ်ကြံခံလိုက်ရသည်ဖြစ်စေ....

ကျောက်စိမ်းဆံထိုးသည် မည်သည့်နည်းနှင့်မျှ ကောင်
ကျိုးမပေးသည်မှာ ထင်ရှားနေပါသည်။

ရုပ်ဆိုးမလေး သေဆုံးသွားခဲ့ချေပြီ။

သူမနှင့်အတူ ကျောက်စိမ်းဆံထိုးသည်လည်း ရေတွင်းထဲ
ကျသွားခဲ့ပြီဖြစ်သည်။

ကျောက်စိမ်းဆံထိုး ပြန်ပေါ်ထွက် လာနိုင်တော့မည်
မဟုတ်ပါ။



ကျောက်စိမ်းဆံထိုးကြောင့် ဒုက္ခရောက်ရမည့် သူလည်း
ရှိနိုင်တော့မည်မဟုတ်ပါ။

စုကျောင်းသည် ရုပ်ဆိုးမအတွက် စိတ်မကောင်း သော်
လည်း ကျောက်စိမ်းဆံထိုးအတွက်မူ စိတ်ထဲတွင် လွတ်လပ်
ပေါ့ပါးသွားသလို ခံစားလိုက်ရလေသည်။

ထိုစဉ်...

'ဘေးကို....ဘေးကို'

ကျယ်လောင်သော အော်ဟစ်သံများ၊ မြင်းခွာသံ၊
မြင်းလှည်းသံးသံလိမ့်သံများ ကျယ်လောင်စွာ ထွက်ပေါ်
လာသည်ကို ကြားလိုက်ရလေသည်။

ပါခုမှ စုကျောင်းသတိဝင်လာလေသည်။

လှည့်ကြည့်လိုက်သောအခါ မြင်းလှည်းတစ်စီးမောင်းနှင်
လာနေသည်ကို တွေ့လိုက်ရလေသည်။

စုကျောင်း ကပျာကယာ လမ်းဘေးသို့ဆင်းကာ ရှောင်
တိမ်းပေးလိုက်ရလေသည်။

မြင်းလှည်း သူ၏ရှေ့မှ ဖြတ်ကျော် သွားသောအခါ
မြင်းလှည်းသမားက....

'လမ်းလည်ခေါင်မှာရပ်နေတာ သေချင်လို့လား'

ဟု အော်ငေါက်သွားလေသည်။

စုကျောင်းသည် စိတ်မဆိုးသည့်အပြင် ကိုယ့်အပြစ်နှင့်ကိုယ် တွေးလိုက်မိလေကာ ပြုံးလိုက်မိလေသည်။

ထိုစဉ်—

ဖြတ်သွားသော မြင်းလှည်း၏ ပြတင်းတံခါး၌ ကာရံထားသော ဇာခန်းဆီး လှုပ်ယမ်းသွားပြီး မြင်းလှည် အကွင်းလိုက်ပါလာသော ချောမောလှပသည့် မိန်းကလေးတစ်ယောက်၏ မျက်နှာကို တွေ့မြင်လိုက်ရလေသည်။

စုကျောင်း ခြေလှမ်းတုန့်ခနဲ ရပ်သွား၏။

ရိပ်ခနဲ တွေ့လိုက်ရသည့် မိန်းကလေး၏ အလှချက်နှာလေးက သူ၏ တစ်ကိုယ်လုံး ညို့ယူဖမ်းစားထားလိုက်သည် မဟုတ်ပါလား။

မြင်းလှည်းသည် ဒုန်းစိုင်း မောင်းနှင်သွားပြီး လမ်းကြားတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်ကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။



ထိုအခါမှ စုကျောင်း သတိဝင်လာသည်။

ရင်ထဲ၌ အမျိုးအမည်ဖော်မပြနိုင်သော ခံစားချက်များလည်း ဖြစ်ပေါ်လာလေသည်။

သို့သော်...

'ဝါ့လို တစ်ကောင်ကြွက်တစ်မျက်နှာတစ်ယောက်ကို ဘယ်သူက လူရာသွင်းမှာတဲ့လဲ'

ဟု စိတ်ပျက်စွာ ရေရွတ်လိုတသည်။

ထို့နောက်....

ခေါင်းငိုက်စိုက်ချကာ ရှေ့ဆက်လျှောက်လာခဲ့လေသည်။

ထိုစဉ်—

'စုကျောင်း—စုကျောင်း'

ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုကျောင်း အံ့ဩသွားသည်။

တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသည့်အရပ်ဒေသတွင် သူ၏အမည်ကို ခေါ်သံကြားလိုက်ရသည် မဟုတ်ပါလား။

စုကျောင်း လှည့်ကြည့်လိုက်သောအခါ လူတစ်ယောက်က မပြေးလာသည်ကို တွေ့ရလေသည်၊

ထိုလူကို တွေ့ရလျှင် သူ ဝမ်းသာသွားလေသည်။

'ကျန်းယု'

ဟု ခေါ်လိုက်လေသည်။

မှန်ပေသည်။

ပြေးလာသူမှာ ကျန်းယု ဖြစ်လေသည်။

သူငယ်ချင်းနှစ်ယောက် မမျှော်လင့်ဘဲ ပြန်လည် တွေ့ဆုံလိုက်ကြပြီ ဖြစ်လေသည်။

'စုကျောင်း... မင်း ဘယ်ကဘယ်လို ရောက်လာတာလဲ'

ကျန်းယုက မေး၏။

စုကျောင်းကလည်း...

'မင်းရော ဘယ်လိုရောက်လာတာလဲ တောအုပ်ထဲမှာ ငါ့ကိုထားပြီး ဘာကြောင့် ထွက်သွားရတာလဲကွ'

ကျန်းယုက...

'ဒအား...မင်းအပြစ်တင်ရင်လဲ ခံရမှာပဲ၊ အဲဒီတုန်းအ မင်း အိပ်ပျော်သွားပေမယ့် ညဥ့်နက်တဲ့အထိ ငါ အိပ်မပျော်ဘူးကွ'



စုကျောင်းမှာ—

'ဒါနဲ့ပဲ မင်းက ထွက်သွားရသလား'

ကျန်းယုက—

'ဟုတ်သေးဘူး...၊ ငါလဲ မင်းရဲ့ဘေးမှာလှဲရင်း အတွေး လွန်နေရာက လူသံသူသံတွေကြားလို့ ခေါင်းထောင်ကြည့်လိုက်တော့ လမ်းမကမ်းမှာ လူရိပ်တွေလှုပ်ရှားနေတာ တွေ့ရတယ်၊ ဓားပြတွေလက်က ထွက်ပြေးလွတ်မြောက်လာတဲ့ ငါတို့မြို့က လူတွေပဲထင်ပြီး ဝမ်းသာသွားတာပေါ့'

သူက....

'မင်းက သူတို့ဆီကို သွားလိုက်တာပေါ့'

ဟု မေးလိုက်သည်။

ကျန်းယုက....

'ဟုတ်တယ်၊ ငါလဲ ဝမ်းသာအားရသွားတာပေါ့၊ ဒါပေမယ့် အနားကို ရောက်တော့မှ ငါ ထင်သလိုမဟုတ်ဘဲ ဓားပြတွေ ဖြစ်နေတာကို တွေ့ရတယ်'

'ဟော....'

'ငါလဲ ကြောက်ကြောက်နဲ့ ထွက်ပြေးလိုက်တာ မင်းကို တောင် သတိမရတော့ပါဘူးကွာ'

သူသည် အမှန်အတိုင်းပြောနေသည့် ကျန်းယုံကိုကြည့်ပြီး အပြစ်မတင်ရက်တော့ချေ။

ကျန်းယုံနေရာ၌ သူဆိုလျှင် ကြောက်ကြောက်နှင့် ခြေဦးတည့်ရာ ပြေးမိလိမ့်မည် မဟုတ်ပါလား။

ကျန်းယုံက—

'ငါလဲ မင်းကို ပြန်ပြီး မရှာရဲတော့ဘူး၊ ဒါနဲ့ ရှေ့ဆက်ထွက်လာရင်း ဒီမြို့ကို ရောက်လာတာပဲ၊ မင်းရော....'

ဟု မေးလေသည်။

စုကျောင်းက....

'အေး....ငါလဲ ဒမြတွေကို ရှောင်ကွင်းပြီး ခရီးဆက်လာတာ၊ ခုမှရောက်တယ်'

ဟု ပြောလိုက်သည်။



လမ်းခရီး၌ တွေ့ကြုံခဲ့ရသော အဖြစ် အပျက်များကိုမူ မပြောဘဲ နေလိုက်လေသည်။

ကျောက်စိမ်းဆံထိုး မရှိတော့ပြီဖြစ်၍ ထိုစိတ်ပျက်ဖွယ်ကောင်းသော ကိစ္စများအား မေ့ထားရန် ဆုံးဖြတ်ထားလေသည်။

ကျန်းယုံက....

'တို့နှစ်ယောက် ပြန်ဆုံကြပြီပဲ၊ အတူတူ ခရီးဆက်ကြတာပေါ့၊ မကောင်းဘူးလား'

ဟု ပြောလေသည်။

စုကျောင်းက—

'မင်းက ချန်အန်းမြို့ကို သွားမှာ ဟုတ်လား'

'ဟုတ်တယ်လေ'

'မင်းအဖေရဲ့ မိတ်ဆွေက ငါ့ကိုကော လက်ခံပါ့မလားကွာ'

ကျန်းယုံ လက်ကာပြလိုက်သည်။

'ဘာမှမပူနဲ့၊ တို့က သိုင်းသင်တန်းကျောင်းက အလုပ်တွေကိုပါ ဝိုင်းကူ လုပ်ပေးကြမယ်ဆိုရင် လက်ခံမှာပါကွာ'

'ရပါတယ်၊ ငါလုပ်နိုင်ပါတယ်'

'ဒါဆိုလဲ တစ်ခုခုစားသောက်ပြီးမှ သွားရအောင်၊ ချ… အန်းမြို့ကိုသွားမယ့် မြင်းလှည်းတွေထွက်မလာသေးဘူး… ခရီးဝေးသွားရမှာဆိုတော့ ကြိုတင်ပြီး ဗိုက်ဖြည့်ထားတ… မမှားဘူး'

'ကောင်းပြီလေ'

စုကျောင်းလည်း သဘောတူလိုက်လေသည်။

နှစ်ယောက်သား အနီးအနားရှိ စားသောက်ဆိုင်တစ်ဆို… သို့ ဝင်ရောက်စားသောက်လိုက်ကြလေတော့သည်။

* * *



စားသောက်ဆိုင်ထဲ၌ လူစည်ကားနေပါသည်။

စုကျောင်းသည် ကျောက်စိမ်းဆံထိုး ကိစ္စကို မေ့ထား လိုက်ပြီဖြစ်သလို ကျန်းယု နှင့် ပြန်လည်ဆုံတွေ့လိုက်ရသဖြင့် ရှေ့ဆက်ရမည့် ဘဝခရီးအတွက် အားတက်ကာ ပျော်ပျော် ရွှင်ရွှင်ဖြစ်လာသည်။

သူငယ်ချင်းနှစ်ယောက် စကားဖောင်ဖွဲ့ကာ စားသောက် လိုက်ကြလေသည်။

အတန်ကြာ၍ စားသောက် ပြီးစီးသွားသော အခါ စုကျောင်းက ဆိုင်လုလင်တစ်ယောက်ကိုခေါ်ပြီး စားသောက် ကျသင့်ငွေ ပေးချေလိုက်လေသည်။

ဆိုင်လုလင်က....

'ငွေခလေးဆယ်ကျပါကယ်ခင်ဗျာ'

ဟု ပြောလာသဖြင့် စုကျောင်းက ငွေစက္ကူများကို ထုတ် ယူလိုက်စဉ်....

'ဂျောက်'

ငွေအိတ်ထဲမှ ပစ္စည်းတစ်ခု စားပွဲပေါ်သို့ ပြုတ်ကျလာ လေသည်။

စုံကျောင်း အံ့ဩသွားပြီး ကြည့်လိုက်ရာ….

"ဟင်….ကျောက်စိမ်းဆံထိုး"

ဟု အထိတ်တလန့် ရေရွတ်လိုက်မိလေသည်။

ကျောက်စိမ်းဆံထိုး—

အရောင်တဖိတ်ဖိတ် တောက်ပနေသော ကျောက်စိမ်းဆံထိုးလေးသည် စားပွဲပေါ်၌ အခန့်သားရှိနေ၏။

စုံကျောင်း မျက်နှာပြူးဖြဲပြူးလျှော်ဖြစ်သွားပြီး—

'အား'

စူးရှစွာ အော်ဟစ်လိုက်လေတော့သည်။

* * *



စုံကျောင်း၏ အထိတ်တလန့်အော်ဟစ်သံကြောင့် အခြားသော စားသောက်နေကြသူများက လှမ်းကြည့် လာကြပါသည်။

ကျန်းယုံလည်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'စုံကျောင်း….စုံကျောင်း မင်း ဘာသလိုဖြစ်ဘာသလဲ၊ ပြောတော့ ထားဦးမှပေါ့'

စုံကျောင်း၏ လက်မောင်းကို ကိုင်လှုပ်ကာ မေးလိုက်လေသည်။

ဆိုင်လုလင်သည် စုံကျောင်း အား နားမလည်နိုင်စွာ ကြည့်ရင်း….

'အစ်ကိုလေး….ဘာဖြစ်လို့လဲဗျာ'

ဟု မေးလာလေသည်။

ယခုမှ စုံကျောင်းသတိဝင်လာသည်။

'ဘာ….ဘာမှမဟုတ်ပါဘူး'

ကိုယ်ရှိန်သတ်ရင်း ခေါင်းခါယမ်းကာ ပြောလိုက်လေသည်။

ဆိုင်လုသင်သည် စုကျောင်းကိုပြုံးပြလိုက်ပြီး ထွက်သွားတော့သည်။

ကျန်းယု့က....

'စုကျောင်း မင်းဘယ်လိုဖြစ်သွားတာလဲကွ'

ဟု မေးသည်။

စုကျောင်းက—

'ဟောဒီ မရဏဆံထိုးကြောင့်ပေါ့'

'ဟေ'

ကျန်းယု့က ကျောက်စိမ်းဆံထိုးလေးအား ကြည့်လိုက်လေသည်။

ကျောက်စိမ်း ဆံထိုးခေါင်းသည အရောင် တဖိတ်ဖိတ်တောက်ပနေသလို လက်ရာမြောက်စွာ ပုံလုပ်ထားသည် မြွေ၏ လွန်စွာမှပင် လှပတင့်တယ်နေသည်။

ကျန်းယု့က....

'ဆံထိုးလေးကလှလိုက်တာ၊ မင်းဘယ်ကရတာလဲကွ'



ဟု ပြောရင်း ကောက်ယူလိုက်သည်။

စုကျောင်းက—

'မကိုင်နဲ့'

ဟု အထိတ်တလန့်အော်ရင်း ကျန်းယု့၏လက်ကို ပုတ်ချလိုက်သည်။

'တောက်'

ကျောက်စိမ်း ဆံထိုးမှာ ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျသွား၏။

ကျန်းယု့မျက်ခမှောင်ကုပ်သွားသည်။

'စုကျောင်း မင်းဘယ်လိုဖြစ်နေတာလဲ'

ဟု ပြောလိုက်၏။

စုကျောင်းကား အကြီးအကျယ်ကြောက်ရွံ့တုန်လှုပ်စောမျက်နှာပျက်နေရရှာပါသည်။

ကျန်းယု့သည် စုကျောင်းအပေါ် နားမလည်နိုင်အောင်ဖြစ်သွားလေတော့သည်။

ထိုစဉ်…

'လှလိုက်တဲ့ဆံထိုးလေး'

လူတစ်ယောက်၏ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

စုကျောင်းက ကပျာကယာ လှည့်ကြည့်လိုက်၏။

ကျွန်းယုံကလည်း ကြမ်းပြင်ပေါ်ကျသွားသည့် ကျောက်စိမ်းဆံထိုးအား ကောက်ယူရန် ဟန်ပြင်လိုက်စဉ် လူတစ်ယောက်က ကြားဖြတ်ကောက်ယူခြင်း ခံလိုက်ရသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိသူဖြစ်သည်။

အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဥပ ရုပ်ကောင်းသည်။

ခါး၌ ဓားတစ်လက်ချိတ်ဆွဲထားသည်။

ထို ကျောက်စိမ်း ဆံထိုးကို လက်ထဲကိုင်ကာ လှည့်ပတ်ကြည့်ရှုလိုက်ပြီး....

'ဒါဟာ မရှေးခေတ်လက်ရာပဲ'



ဟု ပြောသည်။

စုကျောင်း ထိုင်ရာမှ ဆတ်ခနဲထလိုက်၏။

ထိုလူအနီးသို့ လှမ်းသွားပြီး....

'ကျွန်တော့်ကိုပြန်ပေးပါ'

ဟု တောင်းလိုက်သည်။

ထိုလူက စုကျောင်းကို အကဲခတ်ကြည့်လိုက်ပြီး—

'မင်းရဲ့ပစ္စည်းလား'

ဟု မေးလိုက်သည်။

စုံကျောင်းက—

'ဟုတ်တယ် ပြန်ပေးပါ'

ထိုလူပြုံးလိုက်သည်။

'မင်းက မိန်းကလေးမှ မဟုတ်ဘဲ ဘာကြောင့် ကျောက်စိမ်းဆံထိုးဆောင်ထားရတာလဲ ပြောစမ်းပါဦး'

ထိုစကားကြောင့် ရယ်မောသံများ ထွက်ပေါ်လာသည်။

စုံကျောင်း ကျွဲမြီးတိုသွားသည်။

'ကျွန်တော့်မစ္စည်းပြန်ပေးပါ'

ဟု တောင်းလိုက်သည်။

ထိုလူက....

'ငါက ပြန်မပေးဘူးဆိုရင်ကော'

ဟု ပြုံးစစဖြင့်မေးသည်။

စုကျောင်းက—

'ခင်ဗျားသေသွားလိမ့်မယ်'

ဟု ပြော၏။

'ဟား...ဟား—ဟား'

ထိုလူက ဟားတိုက်ရယ်မောလိုက်သည်။

'ငါက ရှေးဟောင်းရတနာပစ္စည်းတွေ စုဆောင်းရ ဝါသနာပါတယ်ကွ၊ ဒါကြောင့် ဒီဆံထိုးလေးကို သွားတော့မယ်'

ဟုပြောပြီး ဆိုင်ထဲမှ ထွက်သွားသည်။

စုံခကျောင်းဒေါပွသွားသည်။



ထိုလူသည် တမင်သက်သက် အနိုင်ကျင့်ကာ လုယူသွားခြင်းဖြစ်သည်ဟု တွေးကာ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော်—

ကျောက်စိမ်းဆံထိုးကို လိုချင် မက်မောသူများ ကံဆိုးသွားကြသည်ကို တွေးမိသောအခါ—

'သေချင်ရင် ယူသွားပေါ့'

ဟု ရေရွတ်ပြီး လိုက်မသွားဘဲရပ်လိုက်လေ၏။

ကျန်းယုံက....

စုကျောင်း မင်းပစ္စည်းကို ယူသွားပြီကွ၊ လိုက်တောင်းရအောင်

ဟု ပြောသည်။

စုခကျောင်းက—

'နေပါစေ၊ သူလိုချင်လို့ ယူသွားတာ ယူပါစေပေါ့ကွာ'

ကျန်းယုံပါးစပ်အဟောင်းသား ဖြစ်သွား၏။

စုံကျောင်း၏ အပြုအမူအပြောအဆိုသည် ထူးခြားနေပြီး တစ်ကြိမ်တစ်ခါမှ မတွေ့ဘူး မမြင်ဘူးသည့် လူစိမ်း တစ်ယောက်ပမာ ဖြစ်နေသည်မဟုတ်ပါလား။

စုကျောင်းက....

'မင်း ဘာငိုပြီနေတာလဲ သွားကြရအောင် တော်ကြာ ချိန်အန်းမြို့ကိုသွားမယ့်မြင်းလှည်း ထွက်သွားမှခက်မယ်'

ဟု ပြောကာ ကျန်းယုံ၏လက်ကိုဆွဲကာ ဆိုင်ထဲမှထွက်သွား၏။

ကျန်းယုံလည်း ကြောင်အမ်းအမ်းဖြင့် လိုက်ပါသွားရလေတော့သည်။

* * *



စုခကျောင်းနှင့် ကျန်းယုံတို့ ဝေးသောက် ဆိုင်လေးထဲမှ ထွက်လာခဲ့ကြသည်။

ဆိုင်အပြင်ဘက်ရောက်လျှင် ကျန်းယုံက...

'စုကျောင်း မင်းဘာယ်လိုဖြစ်နေတာလဲ၊ မင်းရဲ့ပစ္စည်းကို သူများ အခမဲ့ယူသွားတာ မတွေ့ဘူးလား'

ဟု ပြောသည်။

စုကျောင်းက—

'တွေ့သားပဲကွ'

'ဒါဖြင့် မင်းက ဘာကြောင့် ပြန်မတောင်းတာလဲ'

'ပြန်တောင်းတာပဲ၊ သူမှမပေးတာ'

'မပေးလဲ ရအောင်တောင်းရမှာပေါ့၊ မင်းဆီကအတရားယူသွားတာ ဆိုင်ထဲက လူတွေအားလုံး တွေ့မြင်နေကြတာပဲကွ'

ထိုစဉ်

'ဟုတ်တယ် ကျုပ်လဲမြင်တယ်'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

စုကျောင်းတို့ လှည့်ကြည့်လိုက်သောအခါ သူတို့အနီး အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်။

ကျွန်းယုံက အကူအညီရပြီ ဟု သဘောပေါက်ကာ'

'အဲဒီလူက မတရားယူသွားတာ ဦးရဲ့'

ဟု ပြောလိုက်သည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တမင် အနိုင်ကျင့်သွားတာပဲကွ၊ သူ့ကို သိတယ်၊ ရတနာရှူး စမ်းပီလို့ခေါ်တယ်၊ သူလိုချင်တဲ့ပစ္စည်း တွေ့ရင် ခိုးယူဖို့လဲ ဝန်မလေးဘူး၊ လုယူဖို့လဲ ဝန်မလေး ဘူးကွ'

ကျွန်းယုံက—

'တော်တော်ဆိုးတဲ့ လူပဲ'

ဟု ပြောလိုက်လေသည်။

အဘိုးက စုကျောင်းကို ကြည့်ကာ....



'မင်းက ဆံထိုးလေးကိုကြည့်ပြီး အလန့်တကြား အော် လိုက်တာကို ကျုပ် တွေ့လိုက်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ'

ဟု မေးလေသည်။

စုကျောင်းက ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။

အဘိုးအိုက....

'ကိုယ့်ပစ္စည်းကိုကြည့်ပြီး လန့်အော်တာ မင်းတစ်ယောက် တည်းပဲ ရှိသေးတယ်၊ ဆံထိုးလေးက ထူးခြားနေလို့ မဟုတ် လားကွ'

ဟု မေးပြန်သည်။

စုကျောင်းက....

'ဘာမှ မထူးပါဘူး'

ဟု ပြောလိုက်သည်။

အဘိုးအိုက—

'မင်း လိမ်ပြောတာ မဟုတ်လား၊ အဲဒီ ဆံထိုးလေးဟာ ကျောက်စိမ်းဆံထိုးလေး မဟုတ်လား'

'ဗျာ'

'ခါမေးတာ ဖြေစမ်းပါ'

'ဦး–ဦးက ကျောက်စိမ်းဆံထိုးကို သိနေတယ်ဟုတ်လား'

စုကျောင်းက အဘိုးအိုအား ကြည့်လိုက်သောအခါ အဘိုးအို မျက်နှာပျက်သွားလေသည်။

'ဒါဆို ငါကြားရတဲ့သတင်း မှန်နေပြီပေါ့'

ဟုလည်း တီးတိုးရေရွတ်လိုက်သည်ကို ကြားလိုက်ရသည်။

စုကျောင်းက ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ...

'ဦးက ကျောက်စိမ်း ဆံထိုးကို သိနေတယ်ဟုတ်လား'

ဟု ထပ်မေးလိုက်သည်။

အဘိုးအိုသည် အဖြေမပေးသလို ထပ်မံ စုံစမ်းမေးမြန်းခြင်းလည်း မပြုပါ။

စုကျောင်းတို့အား ဂရုမစိုက်တော့ဘဲ ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

* * *



အဖြစ်အပျက်များကား ရှုပ်ထွေးနေသည်။

ကျန်းယု မှာ မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေတော့သည်။

'စုကျောင်း... ဘာတွေဖြစ်နေတာလဲကွ'

ဟု မေးလိုက်သည်။

ကျောင်း ပခုံးတစ်ချက်တွန့်လိုက်သည်။

'ငါလဲ ဘာတွေဖြစ်နေတယ်ဆိုတာကိုပဲ သိချင်နေတာကွ'

ဟု ပြောလေသည်။

ကျန်းယုက—

'ကျောက်စိမ်းဆံထိုးလေးက ဘယ်သူ့ဟာလဲ၊ မင်းဟာလား'

'မဟုတ်ဘူး'

'ဒါဖြင့် ဘယ်က ရလာတာလဲ'

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'ဒါတွေ ပြောမနေပါနဲ့ကွာ၊ ငါတို့သွားကြရအောင်၊

'မင်းက....'

'လာပါကွာ'

စုကျောင်းက အတင်း လက်ဆွဲခေါ်သွားသဖြင့် ကျန်းယုံ လိုက်သွားရလေသည်။

သူတို့သည် မြင်းလှည်းများရှိရာသို့ ဦးတည်သွားနေစဉ် တစ်နေရာ၌ လူအများရှုတ်ရှက်ခတ်သဲသဲဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ကျန်းယုံက—

'ဘာဖြစ်နေတာလဲ မသိဘူး'

ဟု ပြောသဖြင့် သူက အမှတ်မထင် လှမ်းကြည့်လိုက်သည်။

ထိုအခါ....

မြေပေါ်တွင် စန့်စန့်ကြီးလဲနေသူတစ်ယောက်အား အများဝိုင်းအုံကြည့်နေသည်ကို မသဲမကွဲတွေ့ရလေသည်။

သူ စိတ်ဝင်စားသွားသည်။



'သွားကြည့်ရအောင်'

ဟု ပြောလိုက်ရာ ကျန်းယုံက...

'ဘာဖြစ်လို့လဲ၊ ကိုနဲ့မှ မဆိုင်ဘာ'

'လာပါကွာ'

ပြောပြောဆိုဆို သူထွက်သွားရာ ကျန်းယုံ လိုက်သွားရလေသည်။

သူသည် ခပ်သွက်သွက်လှမ်းသွားပြီး လူအုပ်ကြားသို့တိုးဝင်ကာ ကြည့်လိုက်လေသည်။

ထိုအခါ...

မြေပေါ်တွင် စန့်စန့်ကြီးလဲကျသေဆုံးနေသူတစ်ယောက် တွေ့လိုက်ရလေသည်။

ထိုလူမှာ—

သူ မျက်နှာပျက်သွားပြီး ချက်ချင်းပြန်ထွက်လာခဲ့လေသည်။

ကျန်းယုံက သူ့နောက်သို့ ပြေးလိုက်လာပြီး—

'စိုးကျောင်း....မှင်းရဲ့ဆံထိုး လုယူသွားတဲ့လူ သေနေပြီ'
ဟု တအံ့တသြပြောလေသည်။

သူက—

'ဟုတ်တယ်၊ သူ သေသွားလိမ့်မယ်ဆိုတာ ငါ သိတယ်'

'ဟင်....မင်း ဘယ်လိုလုပ်သိတာလဲ'

ကျန်းယု'က မေးသည်။

သူက ခေါင်းခါယမ်းလိုက်သည်၊

'ငါလဲ မပြောတတ်ဘူး'

ကျန်းယု'က....

'မင်းရဲ့ ဆံထိုးလေး'

သူ၏ စကားမဆုံးမီ သူ ကြားဖြတ်ပြောလိုက်သည်။

'ကျန်းယု'....ဘို သွားရအောင်'

'စိုးကျောင်း'

'လာပါကွာ'

သူက ခပ်လောလောပြောနေသဖြင့် ကျန်းယု' သဘောတူ
ချလိုက်ပြီး....



'သွားတာပေါ့ကွာ'
နှစ်ယောက်သား ခပ်သွက်သွက်ထွက်သွားခဲ့ကြလေသည်။
သူတို့သည် မြင်းလှည်းတစ်စီးငှားရမ်းကာ ခရီးဆက်ကြ
လေသည်။

သခင့်ထံသို့.

---

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံကြည် စည်းဝါ.ချက်ကျကျထွက်ပေါ်နေသည်

မြင်းလှည်းတစ်စီးသည် တောင်မှမြောက်သို့ သွယ်တန်းနေ
သော လမ်းပကြီးအတိုင်း ခရီးနှင်နေ၏။

အနောက်ဘက်တွင် တောင်ကုန်းများ၊ တောအုပ်များ
တရိပ်ရိပ်ဖြင့် ကျစ်ရစ်ခဲ့သည်။

စုကျောင်းနှင့် ကျန်းယု တို့သည် မြင်းလှည်းဖြင့်လိုက်ပါ
လာခဲ့ကြလေသည်။



ဝုံကျောင်းသည် တစ်လမ်းလုံး စကားမပြောဘဲ လိုက်လာ
ခဲ့လေသည်။

ကျန်းယု က ကျောက်စိမ်းဆံထိုးအကြောင်း မေးလိုပါ
သော်လည်း စုံကျောင်းက ဘာမှ မပြောသဖြင့် မေးရခက်
နေသည်။

ထူးခြားသောအကြောင်းကိစ္စတစ်ခုခုနှင့် ကြုံတွေ့နေရပြီ
ဟူ၍ကား သဘောပေါက်ထားလေသည်။

သို့ဖြင့်—

တစ်နေ့နှင့်တစ်ညခရီးနှင်လာခဲ့ကြပြီး မြို့တစ်မြို့သို့ ရောက်
ရှိလာကြပြန်လေသည်။

မြင်းလှည်းသမားအား....

'ဆရာလေးတို့ ချန်းအန်းမြို့ကိုသွားမယ်ဆိုရင် တခြား
မြင်းလှည်းကိုငှားပြီး ခရီးဆက်ကြပါဗျာ'

ဟု ပြောလာလေသည်။

ထို့ကြောင့်—

စခန်းကျောင်းတို့သည်မြို့ထဲဝင်ကာ အခြားမြင်းလှည်းတစ်စီးငှားပြီး ခရီးဆက်ရပြန်သောသည်။

ချင်းအာန်းမြို့သို့ သွားရမည့် ခရီးမှာ ဝေးလံလွန်းသဖြင့် မည်သူအမျှ လိုက်လံ ပို့ဆောင်မပေးလိုကြချေ။

တစ်မြို့ဝင် တစ်မြို့ထွက် မြင်းလှည်းအဆင့်ဆင့် ပြောင်းစီးခဲ့ကြပြီး နောက်ဆုံး ချန်အာန်းမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေသည်။

လမ်းခရီး၌ အားအန္တရာယ်တစ်စုံတရာ မတွေ့ရသည့် အပြင် ကျောက်စိမ်းဆံထိုကိုလည်း ပြန်မတွေ့ရတော့ပေ။

ဆယ့်ငါးရက်ခန့် အချိန် ကြာညောင်းသွားပြီ ဖြစ်၍ စုံထောက်ကျောင်း အနည်းငယ် စိတ်အေးသွားလေသည်။

ချန်အန်းမြို့သို့ ရောက်ရှိသောအခါ ကျန်းယုံကဦးဆောင်သူ ဖြစ်လာလေသည်။

ကျန်းယုံက ဖခင်ဖြစ်သူ၏ မိတ်ဆွေကို ရှာဖွေလိုက်၏။

ကျန်းယုံဖခင်၏ မိတ်ဆွေမှာ ချန်အန်းမြို့ကွင်တင်ရှားသော သိင်းသမားကြီးတစ်ယောက် ဖြစ်နေပါသည်။

ထို့ကြောင့်—

ကျန်းယုံက သတင်းစုံစမ်းကာ ဆိုက်ဆိုက် မြိုက်မြိုက် အရောက်သွားပြီး တွေ့ဆုံနိုင်ခဲ့လေသည်။



သိုင်းဆရာကြီး ယင်ချူးအမည်ရှိလေသည်။

"သိုင်းတံခွန်" သင်တန်း ကျောင်း ဖွင့်လှစ်ထားပြီး ချန်အန်းမြို့တွင် အသည်တကျ နေထိုင်သူ ဖြစ်သည်။

ကျန်းယုံက ဆရာကြီး ယင်ချူးနှင့် တွေ့ဆုံပြီး အကျိုးအကြောင်း ပြောပြလိုက်သောအခါ ဆရာကြီး ယင်ချူးက လျာလျာလျူလျူဖြင့် လက်ခံလိုက်သဖြင့် ကျန်းယုံနှင့် စုံထောက်ကျောင်းတို့အတွက် အားလုံး အဆင်ပြေသွားလေတော့သည်။

* * *

သုံးလ...။

သုံးလဟူသောအချိန်ကာလမှာ မျက်စိတမှိတ်လျှပ်တပြက် အတွင်း ကုန်ဆုံးသွားသည်ဟုပင် ထင်မှတ်ရလေသည်။

စုကျောင်းနှင့် ကျန်းယုံ့ကို သိုင်းတံခွန် သိုင်းသင်တန်း ကျောင်းသို့ ရောက်ရှိ လာခဲ့ကြသည်မှာ သုံးလ အတွင်း သိုင်း သင်တန်းကျောင်းနှင့် ပတ်သက်သော ကိစ္စအဝဝ စုကျောင်းတို့ အောက်ခြေသိမ်းလုပ်ကိုင်ခဲ့ရ၏။

စုကျောဖီးနှင့် ကျန်းယုံ့တို့က မညည်းမညူ လုပ်ကိုင် ကြပါသည်။

ထို့နောက်...

အခြားသော သင်တန်းသားများနှင့်အတူ သိုင်းပညာ သင်ကြားရသောအခါ စိတ်ပျက်စရာအဖြစ်နှင့် တွေ့ကြုံ ရလေသည်။

သူတို့ နှစ်ယောက်အား အခြား သိုင်းသင်တန်းသား နှိမ်ချ ဆက်ဆံကြခြင်းဖြစ်လေသည်။

သမီးတန်းတွင်နည်းပြဆရာဖြစ်သော ဆရာကြီးယင်ချူး လက်ရုံး တပည့်များ ကိုယ်တိုင်က နှိမ့်ချ ဆက်ဆံခဲ့လေ စုကျောင်းနှင့် ကျန်းယုံ့တို့မှာ တစထက်တစ အနှိမ်ခံမျာ ဖြစ်လာကြတော့သည်။

ဆရာကြီး ယင်ချူးသည် ရံဖန်ရံခါမှသာ သင်တန်းသား များအား ကိုယ်တိုင်သင်ကြားပေးပြီး လက်ရုံးတပည့်များ ဖြင့် သင်တန်းကိုလွှဲထားသည်က များလေသည်။



ထင်ရှားသော သိုင်းဆရာကြီး တစ်ယောက်ဖြစ်၍ သိုင်း လောကကိစ္စများ၊ အခြားသော လူမှုရေး ကိစ္စများနှင့် အချိန်ကုန်တတ်ပေသည်။

ထို့ကြောင့်လည်း....

သူတို့ အနှိမ်ခံနေရသည့် အဖြစ်ကို ဆရာကြီး ယင်ချူး သိနိုင်မည် မဟုတ်ဟု စုကျောဖီးတို့ သဘောပေါက်ခဲ့ကြ လေသည်။

မည်သို့ဆိုစေ....

သူတို့အတွက် သိုင်းတံခွန်သင်တန်းကျောင်းသည်ပင်လျှင် အကောင်းဆုံး ကွန်းခိုစရာနေရာဖြစ်နေ၍ ကြိတ်မှိတ်သည်းခံ ကာ နေထိုင်ခဲ့ရလေတော့သည်။

* * *

တစ်နေ့....

နံနက်စောစောအချိန်တွင် စုကျောင်းနှင့်ကျွန်းယုံ တို့သည် သင်တန်းကျောင်းရှေ့ သိုင်းလေ့ကျင့်ရာ မြေကွက်လပ်တွင် အမှိုက်သရိုက်များကို တံမြက်လှဲကျင်းကာ သန့်ရှင်းနေကြ၏။

ထိုစဉ်—

သင်တန်းသားအချို့ ရောက်ရှိလာကြသည်။

သိုင်းတံခွန် သိုင်းသင်တန်းကျောင်းသည် အခကြေးငွေ ... သင်ကြားပေးသောနေရာဖြစ်၏။

သိုင်းတံခွန်သင်တန်းကျောင်းမှ သင်ကြားပေးသောသိုင်း ပညာရပ်များသည် ထူးခြားထက်မြက်မှုရှိပြီး သင်တန်းပြီး ဆုံး၍ သိုင်းလောက၌ ခြေချကာ ထင်ရှားလာသည် သိုင်း သမားများ ရှိခဲ့ဖူးပေသည်။

ထို့ကြောင့်လည်း—

ငွေကြေးတတ်နိုင်သူများသည် မိမိတို့၏သားသမီးများကို စေလွှတ်ကာ သိုင်းပညာသင်ကြားစေခြင်းဖြစ်၏။



သိုင်းတံခွန်သင်တန်းကျောင်း၌ လာရောက်သင်ကြားနေကြသူများမှာ ချမ်းသာကြွယ်ဝသော မိသားစုများမှ ဆင်းသက်လာသောကြသူများ ဖြစ်လေသည်။

စုကျောင်းနှင့် ကျွန်းယုံတို့နှစ်ယောက်သာလျှင် ဥဒေါင်း များအလယ်မှ ကျီးအန်းများပမာ ဖြစ်ခဲ့ရလေသည်။

ယခုလည်း....

စုကျောင်းတို့ တံမြက်လှဲကျင်းနေသောနေရာသို့ ရောက် လာကြသော သင်တန်းသားများသည် စုကျောင်းတို့အား နှိမ့် ချသည့်အကြည့်ဖြင့် ကြည့်လိုက်ကြပြီး လှောင်ပြောင်ပြောဆို ကြ၏။

တစ်ယောက်က—

'မင်းက တံမြက်လှဲတာ မဆိုးပါဘူး၊ ဒါကြောင့် သိုင်း မသင်ဘဲ တံမြက်လှဲစားရင်ကောင်းမယ်'

ဟု စုကျောင်းကိုပြောလိုက်လျှင် အခြား သင်တန်းသား များက ဝါးခနဲ ရယ်မောလိုက်ကြသည်။

စုကျောင်း မကျေမနပ်ဖြစ်သွားသော်လည်း ဘာမှမပြော ဘဲ နေလိုက်၏။

အခြားသင်တန်းသားတစ်ယောက်က—

'ဟေ့ သွားမပြောကြနဲ့၊ ဒီကောင့်ကို ဆရာက တံမြက် စည်းလှဲတဲ့ပညာ လေ့ကျင့်ခိုင်းသလားမှမသိတာ၊ တော်ကြာ တံမြက်စည်းစာ မိနေဦးမယ်နော်'

ဟု ဝင်ပြောလိုက်လျှင် ပို၍ပွဲကျသွားကြတော့သည်။

တမင်သက်သက် နှိမ့်ချသော့ဝင်ပြောင်နေကြသဖြင့် ကျန်း ယုံ မကျေမနပ်ဖြစ်သွားကာ—

'ဒီမှာ ကိုယ့်သင်တန်းသားအချင်းချင်း ဒီလိုနှိမ့်ချလှောင် ပြောင်ဖို့ မကောင်းပါဘူး'

ဟု ပြောလိုက်သည့်။

ထိုအခါ—

'ဘာပြောတယ်ကွ၊ ကိုယ့်အချင်းချင်းဟုတ်လား၊ မင်းတ ငါတို့နဲ့တူလို့လား'



မျက်နှာခပ်ဝိုင်းဝိုင်းရှိသော လူငယ်တစ်ယောက်က ခရှုတိုး လာပြီး အော်ပြောလိုက်သည်။

ထိုလူငယ်မှာ 'တာ့စီ' ဆိုသူ ဖြစ်၏။

သူဌေးသားတစ်ယောက်ဖြစ်သလို အလွန် မာနီမာနကြီး သူလည်းဖြစ် သည်။

တာ့စီနှင့်အတူ ရှောင်စန်း၊ ကွမ်းကြူးကျင့် ဆိုသည့် သူဌေးသားနှစ်ယောက်သည် အပေါင်းအဖော်များ ဖြစ်ကြ သည်။

သူတို့သုံးယောက်သည် သိုင်းတံခွန်သင်တန်းကျောင်းတွင် မာနအထောင်လွှားဆုံး၊ စုံကျောင်းတို့အား အနှိမ်ချဆုံးဖြစ် လေသည်။

ကျန်းယုံက တာ့စီကို စေ့စေ့ကြည့်ရင်းက—

'တာ့စီ—မင်းလဲ ဒီမှာလာပြီး သိုင်းပညာသင်နေတာ၊ ငါ လဲ ဒီမှာလာသင်နေတာ အတူတူမဟုတ်လို့ ဘာလဲ'

ဟု ပြောလိုက်၏။

တာ့စိက....

'မင်းတို့က ဆရာ့ဆီမှာလာပြီး အသနားခံလို့ ဆရာက သင်ပေးနေတာ ငါတို့မသိဘူးမှတ်သလား၊ ရှင်းရှင်း ပြောလိုက်မယ်၊ မင်းတို့နဲ့အတူတူတွဲပြီး သိုင်းပညာသင်ရမယ် ဆိုရင် ငါမသင်တော့ဘူး'

သူ၏စကားကို ရှောင်စန်းနှင့် ကွမ်ကြူးကျင့်တို့က ထောက်ခံလိုက်ကြလေသည်။

'ဟုတ်တယ်—မင်းတို့နဲ့အတူတူ မသင်နိုင်ဘူး'

'တခြားသင်တန်းကိုပြောင်းမယ်'

သူတို့သုံးယောက် စလိုက်သည်နှင့် အခြားသောသင်တန်းသားများကပါ မသင်တော့ဟု ဝိုင်းပြောလာကြတော့သည်။

ခြေကွက်လပ်တွင် ဆူညံဆူညံဖြစ်လာသည်။

ထိုစဉ်—

'ဘာဖြစ်နေကြတာလဲဟေ့'

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။



အားလုံး လှည့်ကြည့်လိုက်ကြရာ ဆရာကြီး ယင်းချူး၏ လက်ရုံးတပည့်သင်တန်းဆရာ လေ့ဟန် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ဤတွင်—

'ဆရာလေ့၊ သူတို့နှစ်ယောက်က ကျွန်တော်တို့ကို စော်ကားမော်ကားပြောပါတယ်'

တာ့စိက ဦးဆောင်တိုင်တန်းလိုက်သည်။

'ဟုတ်ပါတယ် ဆရာလေ့'

'ဒီကောင်တွေက ကျွန်တော်တို့ထက် ပိုတော်တယ်၊ ကျွန်တော်တို့က အသုံးမကျဘူးလို့ ပြောနေကြပါတယ်'

ရှောင်စန်းနှင့် ကွမ်ကြူးကျင့်တို့ကလည်း ဝင်ပြောကြသည်။

ထိုအခါ...

အခြားသော သင်တန်းသားများက ဝိုင်းဝန်းထောက်ခံလိုက်ကြသည်။

စုကျောင်းနှင့် ကျန်းယုတို့ မည်သို့ပြောရမှန်းမသိအောင်ပင်ဖြစ်သွားကြသည်။

ဆရာလေ့သည် သင်တန်းသား သူဌေးသားများ၏သက်ဆောင်ပစ္စည်းများ လက်ခံထားသည်ဖြစ်ရကား အဖြစ်မှန်ကို မစုံစမ်းဘဲ စုကျောင်းတို့ကိုပင် အပြစ်ပြောတော့သည်။

'မင်းတို့နှစ်ယောက် ငါ ရက်တိတိ သိုင်း မသင်ရဘူး၊ ရေခပ်ရမယ်၊ ထင်းခွဲရမယ် သွားတော့'

ဂုံကျော်နှင့် ကျန်းယုံတို့ စိတ်မကောင်း ဖြစ်သွားကြ လေသည်။

သို့သော်....

စေဒက တက်၍လည်း အကြောင်း ထူးမည် မဟုတ်၍ ခေါင်းငုံကာ ထွက်လာခဲ့ကြရလေတော့သည်။

* *



နေမွန်းတည့်တော့မည်ဖြစ်သည်။

ပူပြင်းသော နေပူရှိန်ကြောင့် စုကျော်နှင့်ကျန်းယုံတို့သည် ထင်းခွဲခြင်းကို ခေတ္တရပ်နားကာ သစ်ပင်ရိပ်အောက်၌ ထိုင်နားလိုက်ကြလေသည်။

ကျန်းယုံက နဖူးပေါ်မှ ချွေးများကို သုတ်ပင်လိုက်ပြီး—

'တမင်သက်သက် အပြစ်ပေးခံရတာကွ'

ဟု မကျေမနပ် ရေရွတ်လိုက်သည်။

စုကျော်က ဘာမှမပြောချေ။

ကျန်းယုံက....

'စုကျော်ဦး၊ မင်း စိတ်မကုန်ဘူးလား'

ဟု မေးလိုက်၏။

စုကျော်က ပြုံးပြလိုက်သည်။

ကျန်းယုံက....

'ငါတော့ ဒီမှာ ဆက်မနေချင်တော့ဘူး၊ သိုင်းသမား မဖြစ်ရင်နေပါစေတော့ကွာ၊ ကိုယ့်ဒူးကိုယ်ချွန်ပြီး တစ်ခုခု တော့ လုပ်ကိုင်စားသောက်စရာတွေ့ရမှာပါ'

စုကျောင်းခေါင်းညိတ်သည်။

'မှန်တယ်သူငယ်ချင်း၊ ငါ့ဖို့ဒီမှာ ခနရမှ သိုင်းပညာသ
ရမှာမဟုတ်ပါဘူး'

ကျန်းယု က—

'ဒါဖြင့် တို့ဒီကထွက်သွားကြမလား'

မေးလိုက်သည်။

စုကျောင်းခေါင်းယမ်းသည်။

မသွားချင်ဘူး'

'ဟင်—မင်းဘယ်လိုဖြစ်တာလဲကွ'

'ဘာပဲဖြစ်ဖြစ် ငါက ဒီမှာပဲ တစ်သက်လုံး နေသွားမ
လို့ ဆုံးဖြတ်ထားတယ်'

ကျန်းယု အားမလိုအားမရဖြစ်သွားသည်။

'ဒီလောက်တောင် မတရားလုပ်တဲ့နေရာမှာ မင်းက ဘ
ကြောင့်နေချင်ရတာလဲကွ'

စုကျောင်းက



'ဒီနေရာမှာ ငါ့အတွက်လုံခြုံလို့ပေါ့ကွာ'

'လုံခြုံလို့'

'ဟုတ်တယ်'

'မင်းပြောတာ ငါနားမလည်ဘူး'

စုကျောင်း ပခုံးတွန့်လိုက်သည်။

'နားမလည်တာပဲ ကောင်းပါတယ် သူငယ်ချင်းရာ'

ကျန်းယုက....

'မင်း နေချင်နေခဲ့၊ ငါတော့ သွားတော့မယ်'

'ဟင်....'

'ငါတစ်ကယ်ပြောတာကွ'

'မင်းက ..'

'ဒီနေရာမှာ ဆက်နေလို့လဲ ဘာမှ အကြောင်းမထူးဘူး၊
ဒ ကြောင့် ငါသွားတော့မယ်'

'နေပါဦး၊ မင်း ဘယ်ကိုသွားမှာလဲ'

'ခြေဦးတည့်ရာပေါ့ကွာ၊

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'သူငယ်ချင်း စိတ်လိုက်မာန်ပါလုပ်ဖို့ မကောင်းဘူးထင်တယ်'

ကျန်းယု'က—

'ဒါတော့ မင်း သဘောစပဲလေ၊ နေချင်တယ်ဆိုရင်လဲ နေခဲ့၊ ငါတော့ သွားမှာပဲ'

'မင်း....'

'ငါ့ကိုမတားနဲ့ သူငယ်ချင်း'

ကျန်းယု'က ခပ်ပြတ်ပြတ် ပြောလိုက်ခြင်းကြောင့် စုကျောင်း ဘာမှ မပြောနိုင်တော့ပေ။

ကျန်းယု'က—

'မင်း နေခဲ့လို့လဲ မင်းကို ငါအပြစ်မပြောပါဘူးကွာ'

ဟု ပြောလေသည်။



ထိုသို့ ပြောသည့်အတိုင်းပင် နောက်တစ်နေ့ နံနက်တွင် ကျန်းယု'သည် မည်သူ့ကိုမှ အသိမပေးဘဲ တိတ်တဆိတ် ထွက်သွားလေသည်။

* * *

ကျန်းယု' ထွက်သွားပြီ ဖြစ်လေသည်။
ထိုသတင်းသည် ဆရာကြီး ယင်းချူးအံ့သို့ ရောက်ရှိသွားသည်။
ဆရာကြီး ယင်းချူးက စုကျောင်းအား ခေါ်ယူလိုက်သည်။

ဆရာကြီး ယင်းချူ နှင့် တွေ့လိုက်ရမှ ကျန်းယု သည် သင်တန်းသားများ၏ ရွှေငွေများခိုးယူကာ ထွက်ပြေးသွား ကြောင်း သိလိုက်ရသည်။

သို့သော်....

စုကျောင်း လုံးဝ လက်မခံနိုင်ပါချေ။

ကျန်းယု သည် ထိုသို့သစ္စာမဲ့သော အလုပ်မျိုး ပြုလုပ် မည့်သူမဟုတ်ဟု အခိုင်အမာယုံကြည်ထား၏။

ဆရာလေ့၊ ရှောင်စန်း၊ တာ့စီနှင့် တွမ်းကြုံးကျင့်တို့က တမင်ချောက်တွန်းခြင်းဖြစ်မည်ဟုလည်း ဆင်ခြင်မိသည်။

မည်သို့ဆိုစေ—

ဆရာကြီ ယင်းချူးသည် ကျန် ယု နှင့် စုကျောင်းတို့ ထွက် သွားကြသည်ဖြစ်၍ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဟုဆိုကာ စစ်ဆေးမေးမြန်းပြီး အပြစ်ပေးရန် ဆုံးဖြတ်လိုက်လေသည်။

စုကျောင်းအား ကြိမ်ဒဏ်အချက်ငါးဆယ်ရိုက်နှက်အပြစ် ပေးပြီးနောက် ချန်အန်းမြို့တော်ဝန်ထံသို့ပို့ကာ အပ်နှံ ခဲ့ ဖြစ်သည်။



စုကျောင်းသည် အပြစ်မရှိပါဘဲ သူခိုးဟု စွပ်စွဲခံရကာ အပြစ်ပေးခံရတော့မည် ဖြစ်သည်။

* * *

ည....

တံခါးဝဟုခေါ် ချိတ်ဆွဲထားသော မီးအိမ်မှ ဝါကျင့်ကျင့် အလင်းရောင်က အချုပ်ခန်းအတွင်းသို့ ဖြာကျနေ၏။

အချုပ်ခန်းထဲ၌ စုကျောင်း ရှိနေသည်။

ဆရာကြီးယင်းချူးက ချန်အန်းမြို့တော်ဝန်ထံသို့ မပို့မီ တစ်ညတာ ချုပ်နှောင်ထားခြင်း ဖြစ်သည်။

အကယ်၍—

မိုးစင်စင်လင်းသောအခါ ငါအပြစ်ကိုဝန်ခံပါက ဆရာကြီး ယင်းချူးက ဆုံးဖြတ်ချက်ကိုပြင်ကာ ကောင်းမည်ဟု ပြော ခဲ့သေး၏။

ခိုးရာပါပစ္စည်းများထုတ်ပေး ပြီး ကျန်းယု အကြောင်း ဖော်ပြလျှင် မြို့တော်ဝန်ထံ မပို့တော့ဘဲ လွှတ်ပေးမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

သို့သော်....

စုံစကျောင်းမှာ ခိုးယူထားခြင်းမရှိရကား၊ ဘာမှမတတ် သာတော့ပေ။

သူသည် အခက်အခဲဒုက္ခအဖုံဖုံကြုံတွေ့နေရကား စိတ်ဓာတ် ကျဆင်းလာသည်။

သူ၏ မျက်ခန်းအစုံမှ မျက်ရည်များပင် စီးကျလာသည်။

"ငါ ဘာကြောင့် ဒီလောက်တောင် ကံဆိုးနေရတာလဲ"

ဟု ညည်းတွားနေမိသည်။



သူက မည်သူ့ကိုမျှ ဒုက္ခမပေးခဲ့ပါ၊ သို့တိုင် ကြမ္မာဆိုးနှင့်သာ ကြုံတွေ့နေရသည် မဟုတ်ပါလား။

သူသည် ကြိမ်ဒဏ် အချက်ငါးဆယ်အရိုက်ခံထားရသဖြင့် တစ်ကိုယ်လုံး နာကျင်နေ၏။

အချုပ်ခန်းအတွင်း၌ ခွေခွေကလေးလှဲလျောင်းနေမိလေ သည်။

နံနက်မိုးစင်စင်လင်း၍ ဆရာကြီးယင်းချူး လိုချင်သော အဖြေကို မပေးနိုင်လျှင် မြို့တော်ဝန်ထံသို့ အပို့ခံရပေမည်။

သူ့အား သူခိုးတစ်ယောက်အဖြစ် သတ်မှတ်ကာ အပြစ် ဒဏ်ချမှတ်ခြင်း ခံရပေမည်။

ထိုဖြစ်ရပ်ကား ရှက်ဖွယ်လီလီပင်။

သူသည် တလူးလူးတလိမ့်လိမ့်ဖြင့် ညည်းတွားနေမိတော့ သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ညဉ့်နက်သည်ထက် နက်လာသည်။

ရှတ်တဲရက်....
အေးစိမ့်သောလေများ တိုက်ခတ်တော့ပြီး....
'ကျွ—'
တံခါးပွင့်သွားသော အသံကို ကြားလိုက်ရလေ၏။
စုကျောင်း ခေါင်းထောင်ပြီး ကြည့်လိုက်မိသည်။

အချုပ်ခန်းတံခါးပွင့်နေပြီး လေတိုးနေသဖြင့် ဖွင့်ချည် ပိတ်ချည် လှုပ်ယမ်းနေ၏။

လူရိပ်လူယောင်ကား လုံးဝမတွေ့ရချေ။

စုကျောင်း အံ့သြသွားသည်။

တံခါး မည်သူက ဖွင့်လိုက်ပါသနည်း။

ရှတ်တရက်....

စုကျောင်းသည် ကျောက်စိမ်းဆံထိုးလေးကို သတိရလိုက် မိလေသည်။

ကျောက်စိမ်းဆံထိုးလေးနှင့် ပတ်သက်၍ နောက်ကွယ်မှ နေပြီး သူ့အား စောင့်ရှောက်နေသူများရှိသည်ဟု ရုပ်ဆိုးမ ပြောသွားခဲ့ဖူးသည် မဟုတ်ပါလား။

ယခု—

သူ ဝှက်ရောက်ပြီဖြစ်ရာ ကျောက်စိမ်းဆံထိုး နှင့်ပတ်သက်ပြီး တစ်စုံတစ်ယောက်က သူ့အားကယ်တင်လာခြင်းပေလော။
စုကျောင်းက—



'ကျောက်စိမ်းဆံထိုး ငါ့ဆီမှာမှ မရှိတော့တာ'
ဟု လှဘ်ခနဲ ရေရွတ်လိုက်မိလေသည်။
ထိုအခိုက်မှာပင် မလှမ်းမကမ်းမှ စိမ်းဖန့်ဖန့်အသင်းရောင် တစ်ခု ထင်းလက်နေသည်ကို တွေ့လိုက်ရ၏။
စုကျောင်း လှမ်းကြည့်လိုက်သောအခါ အချုပ်ခန်းအတွင်း ဘက် မြေပေါ်တွင် တိုက်ဝင်သော ကျောက်စိမ်းဆံထိုးလေး အား တွေ့လိုက်ရလေတော့သည်။
'ဟာ...

* * *

စုကျောင်းသည် ကိုယ့်မျက်လုံးကိုပင် မယုံကြည်နိုင် အောင်ဖြစ်သွားသည်။

ပျောက်ဆုံးသွားခဲ့သော ကျောက်စိမ်း ဆံထိုးလေးသည် အချုပ်ခန်းတွင်း၌ ရောက်ရှိနေပြီမဟုတ်ပါလား။

စုကျောင်း လူးလိမ့်ထပြီး ဆံထိုးလေးကို ကောက် လိုက်မိ၏။

ဆံထိုးလက်ထဲရောက်လာသည်နှင့် ခန္ဓာကိုယ်မှ နာ သောဝေဒနာများ သက်သာသွားပြီး ခွန်အားများတိုးပွား လာသည်ဟု ခံစားလိုက်ရသည်။

မည်သည့်နည်းနှင့် ရောက်လာသည်ဖြစ်စေ ဆံထိုးလေး အားတွေ့လိုက်ရခြင်းသည် သူ၏ လွတ်မြောက်ခြင်း မည်ပေ သည်။

စုကျောင်းက ဆံထိုးလေးကို ဆုပ်ကိုင်ကာ အချုပ်ခန်း အတွင်းမှ ထွက်လာခဲ့သည်။

အခန်းအပြင်ဘက်သို့ ရောက်သည်နှင့် မြေပေါ်၌ မှ မလှုပ်မလှဲကျနေသူတစ်ယောက်အား တွေ့လိုက်ရ၏။

အချုပ်ခန်းအစောင့်ဖြစ်သည်။

အစောင့်များ သွေးအိုင်ထဲ လဲကျသေဆုံးနေပြီ ဖြစ်ပ သည်။



စုကျောင်း၏ ခန္ဓာကိုယ် သတ်ခနဲတုန်ခါသွားရာ ချိတ်ဆွဲ ထားသော မီးအိမ်ပျက်ကျသွား၏။

ကျောက်စိမ်း ဆံထိုး၏ အစိမ်းပွားယ်ကို ရုတ်တရက် နား ကျည်းသောအပေါက်သလို ရှိလှသည်။

ကျောက်စိမ်း ဆံထိုးသည် ရက်စက် ကြမ်းကြုတ်ခြင်း လက်စားချေခြင်း စသည့်အစိမ့်ပွားယ်ဆောင်နေသည် မဟုတ် လား။

စုကျောင်း ခပ်သွက်သွက်ထွက်လာခဲ့၏။

အချုပ်ခန်းအပြင်ဘက်သို့ရောက်သွားပြီး သင်တန်းခန်း ကြိုလမ်းကိုဖြတ်လိုက်သောအခါ လမ်းတစ်လျှောက် မရှုမလှ လဲကျသေဆုံးနေသူများအား တွေ့ရသည်။

'ဆရာလေ့'

'ရှောင်ခန်း'

'ကွမ်းကြုံးကျင်'

'တာ့စီ'

စုကျောင်းသည် လွှတ်ခနဲ လှုတ်ခနဲ ရေရွတ်မိတော့သည်။ သင်တန်းကျောင်း တစ်ခုလုံးသည် လွန်စွာမှပင် အရုပ် ဆိုးကျည်းတန်နေပါတော့သည်။

စုကျောင်းသည် ဦးခေါင်းထဲမှူးနောက်ရီဝေလာသည်ဟု ခံစားလိုက်ရသည်။

ကြောက်ရွံ့ ထိတ်လန့်မှုကလည်း တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။

နဖူးပေါ်တွင် ချွေးသီး ချွေးပေါက်များ စီးကျလာသည်။

နောက်ဆုံး....

'အား'

ချောက်ချားဖွယ် ကောင်းသောအသံနက်ကြီးဖြင့် အော်ဟစ်ကာ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေသည်။

* * *

နောက်တစ်နေ့နံနက်တွင် ထွက်ပေါ်လာသော သတင်းဆိုးကြောင့် ချိုင်းအနီးတစ်မြို့လုံး ထိတ်လန့် တုန်လှုပ်သွားသည်။



သိုင်းတံခွန် သိုင်းသင်တန်းကျောင်း မီးလောင် ပျက်စီးသွားသည်ဆိုသည့် သတင်းဖြစ်သည်။

ထိုသို့ မီးလောင်ပျက်စီးရာတွင် သိုင်းဆရာ ယင်ချူးနှင့်တကွ သိုင်းသင်တန်းသားအားလုံး ပိတ်မိကာ မီးထဲပါသွားကြသည်ဟူ၍ဖြစ်သည်။

## ဒုက္ခသည်

နေခြစ်ခြစ်တောက် ပူပြင်းနေပါသည်။

ပူပြင်းလှသော နေရောင်ခြည်အောက်တွင် အရိပ်မရှိ
လှင်တီးခေါင်၌ လူတစ်ယောက်သည် ဖိနပ်မပါ ခြေဗ
ဖြင့် သွေးရူးသွေးတန်းပြေးလွှားနေသည်။

ထိုလူမှာ စုကျောင်းဖြစ်သည်။

စုကျောင်း၏ အဝတ်အစားများသည် ညစ်ပတ်ပေ
နေပြီဖြစ်သည်။



သူ၏ဆံပင်များသည်း ကျိုးကန်းသိုက်ပမာ ရှုပ်ပွနေသည်။

သူ၏ မျက်လုံးများသည် ပြူးကြောင်ကြောင် ဖြစ်ကာ သွေးကဲ့သို့နီရဲနေသည်။

စုကျောင်းသည် ပူပြင်းလှသည့်နေပူရှိန်ဒဏ်ကို လုံးဝအမှုမထားဘဲ ခြေဦးတည့်ရာပြေးလွှားနေ၏။

သူ၏သွင်ပြင်သည် လွန်စွာမှပင် တုန်လှုပ် ချောက်ချားနေသည့် အသွင်ရှိပြီး နှုတ်ခမ်းများ တဆက်ဆက်တုန်အောင်...

'သွေးတွေ....သွေးတွေ'

'လူသေအလောင်းတွေ'

ဟု မရပ်မနား ရေရွတ်နေ၏။

စုကျောင်းသည် အန္တရာယ်မှလွတ်အောင် ပြေးလွှားနေသည့်ပုံသဏ္ဌာန်မျိုးဖြစ်သည်။

ပတ်ဝန်းကျင်၌ လူရိပ်လူရောင်ပင်မရှိပါ။

သို့သော်....

စုဇကျောင်းသည် သေငယ်ဇောဖြင့် သွေးရူး သွေးတန်း ပြေးလွှား၍နေပေတော့သည်။

* * *

'ဂျိန်း'
မိုးခြိမ်းသံထွက်ပေါ်လာသည်။

ခေါင်းကင်ပေါ်တွင် မိုးသားတိမ်လိပ်များ အလိပ်လိုက် အလိပ်လိုက်တက်လာသည်။

လေပြင်းများ တဟူးဟူး မြည်ကာ တိုက်ခတ်လာသည် လျှပ်နွယ်လျှပ်ပန်းများလည်း ပြိုးခနဲပျက်ခနဲ ဝင်းလက်သွား နေလသည်။



မုကြာမီ....
'ဝေါ...ဝေါ...ဝေါ'
'ဖြောင်း....ဖြောင်း—ဖြောင်း'
မိုးသီးမိုးပေါက်များသည် အပြိုင်းကြီးစွာဖြင့် ကမ္ဘာမြေ တလွှားကျဆင်းလာသည်။
မိုးသည်းထန်စွာ ရွာသွန်းလိုက်သည့်အချိန်တွင် လူတစ်ယောက်သည် မိုးရေစက်များကြား၌ ဒယီး ဒယိုင်ဖြင့် လျှောက်သွားနေသည်ကို တွေ့ရမည်ဖြစ်သည်။
စုဇကျောင်းဖြစ်သည်။
စုဇကျောင်းသည် အရောင်အဆင်း လွင့်ပြယ်နေပြီဖြစ်သော အဝတ်အစားများ ဝတ်ဆင်လျက် ခြေဗလာဖြင့် မိုးရေထဲ တစ်လှမ်းချင်းလှမ်းသွား၏။

သူ၏မျက်နှာ ချောင်ကျသွားပြီး မေးရိုးများငေါထွက်လာသည်။

မျက်တွင်းဟောက်ပက်ဖြစ်နေ၍ကြား မျက်လုံးများသည် ပိုမို၍ပြူးထွက်လာသည်ထင်ရ၏။
ဆံပင်များလည်း ဖီးလိမ်းသန့်စင်ခြင်းမရှိဘဲ ဖားလျားချထား၏။
အသားအရည် ရှုံ့တွကာ ခြေလက်များသည် သိမ်းငှက်ခြေသည်းများပမာရှိနေသည်။
စုဇကျောင်းသည် ပုံသဏ္ဌာန်များ အပြောင်းအလဲကြီး ပြောင်းလဲသွားပြီဖြစ်သည်။

စုကျောင်းသည် ရူသွပ်နေသူ တစ်ယောက်နှင့် တူနေသည်။

ပူသည်အေးသည် မိုးရွာသည် နေပူသည်ကို လုံး၀ ဂရုမစိုက်တော့ပါ။

ခြေဦးတည့်ရာကိုသာ လျှောက်သွားနေ၏။

စုကျောင်းအပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီဖြစ်လေသည်။

* * *



ချယ်ရီပန်းများ ဝေဝေဝဆာဆာဖူးပွင့်နေလေသည်။

ငှက်ကလေးများလည်း အသံစာစာဖြင့် ဟိုမှသည် ပျံ၀ဲနေပါသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ဖြူဖွေးသော နှင်းပွင့်များကို နေရာအနှံ့တွင် လက်ညှိုးထိုးမလွဲအောင် တွေ့မြင်ရမည် ဖြစ်လေသည်။

ဆောင်းရာသီ....

အေးမြပြီး သာယာလှပသည့် ဆောင်းရာသီတွင် ပါးလွှားသော ချည်ထည်အ၀တ်အစား ထစ်ထည်ဝတ်ဆင်လျက် နှင်းဖုံးတောင်မြေပြင်တွင် ဖိနပ်မပါ ခြေဗလာဖြင့် သွားလာနေသူတစ်ယောက်ကား တွေ့မြင်ရမည် ဖြစ်ပေသည်။

ထိုသူမှာ စုံကျောင်း ဖြစ်သည်။

စုကျောင်းသည် ပါးစပ်မှ တတွတ်တွတ်ရေရွတ်ရင်း ဒယိမ်းဒယိုင်ဖြင့် သွားနေ၏။

သူ၏ မဆုံးနိုင်သော ခရီးသည် ဘယ်သောအခါမှ ရပ်နားလိမ့်မည်နည်း။

စုကျောင်းသည် တရွေ့ရွေ့ သွားနေသည်။

## ဘဝသစ်တစ်ခု

နေဦးရာသီဖြစ်သည်။

ပူနွေးသော နေရောင်ခြည်ဖြာကျနေသလို ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေ၏။

အရပ်လေးမျက်နှာ ဘယ်ဝယ်ဘယ်ဆီကြည့်ကြည့် လှပသော ရောင်စုံပန်းများကို တွေ့မြင်ရလိမ့်မည် ဖြစ်လေသည်။ လူတိုင်း လူတိုင်းသည် ဝတ်ကောင်းစားလှဝတ်ဆင်ကာ သွားလာလှုပ်ရှားနေကြသည်။

စကားသံ၊ ရယ်မောသံများကိုလည်း နေရာအနှံ့အပြား ကြားရလိမ့်မည်ဖြစ်ပေ၏။

ရာသီဥတု ကြည်လင်သာယာသော နွေဦးရာသီသို့ရောက်လျှင် သူတို့၏ စိတ်သည်လည်း အလိုလိုသာယာပျော်ရွှင်လာတတ်သည် မဟုတ်ပါလား။

ရုတ်တရက်...

လမ်းပေါ်၌ ဆူဆူညံညံအသံများ ထွက်ပေါ်လာလေသည်။

'အရူးကြီး....အရူးကြီး'

'တွက်သွား'

'ခဲနဲ့ပေါက်ဟေ့'

ပြေးလွှား ဆော့ကစားနေကြသည့် ကလေးငယ်များသည် အရူးကြီးတစ်ယောက်အား နောက်ပြောင်ကာ ခဲများဖြင့် ပစ်ပေါက်နေကြခြင်း ဖြစ်လေ၏။

ခဲလုံးများသည် အရူးကြီးအား တဖွတ်ဖွတ်မြည်ကာ ထိမှန်သွားသော်လည်း အရူးကြီးသည် မတုန်မလှုပ်ဘဲ ရှေ့သို့ ဟစ်စိုက်မတ်မတ်လျှောက်နေ၏။

အမြင်မတော်သဖြင့် လူကြီးတစ်ယောက်က....

'ဟေ့....ကလေးတွေ သွားကြစမ်း'

ဟု အော်ပေါက် မောင်းထုတ်လိုက်လေ၏။



ကလေးများလည်း ကြောက်ရွံ့ကာ ထွက်ပြေးသွားကြလေ၏။

အရူးကြီးကား ဘာကိုမှ ဂရုမစိုက်ဘဲ ရှေ့ဆက်လျှောက်သွားနေဆဲ။

'သနားစရာပါပဲ'

လူတစ်ယောက်က မှတ်ချက်ချလိုက်သည်။

အရူးကြီးကား ပတ်ဝန်းကျင်နှင့် ကင်းကွာနေသည့်အလား အရှေ့ရှေ့ သွားလေသည်။

* * *

လမ်းဘေးတွင် အရိပ်ကောင်းသော သစ်ပင်တစ်ပင်ရှိနေသည်။

ထိုအရိပ်ကောင်းသော သစ်ပင်အောက်တွင် အရူးကြီးထိုင်နေလေသည်၊ မရပ်မနားခရီးနှင်ခဲ့သော အရူးကြီးမှာ ယခုတော့ မောပန်းသွား၍လာမသိ သစ်ပင် ရိပ်အောက်၌ ထိုင်နေလေ၏။

သစ်စင်ကို ကျောမှီကာထိုင်ရင်း လက်ထဲ၌ ပစ္စည်းတစ်ခုအား ပွတ်သပ်နေခြင်းဖြစ်၏။

အရူးကြီး၏ လက်ထဲမှပစ္စည်းသည် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ဆံထိုးလေးတစ်ချောင်း ဖြစ်လေ၏။

လမ်းသွားလမ်းလာတစ်ယောက်သည် အရူးကြီး လက်ထဲမှ ဆံထိုးလေးကို အမှတ်မထင်တွေ့မြင်သွား၏။

ထိုလူသည် ခြေ့ဆက်အားမည်ပြုပြီးမှ နောက်လှည့်ကာ အရူးကြီးထံသို့ တန်းဘန်းမတ်မတ်လှမ်းလာလေ၏၊ အရူးကြီးက လုံးဝဂရုမစိုက်ချေ။



ကျောက်စိမ်းဆံထိုးလေးကိုသာ ကိုင်တွယ်ပွတ်သပ်နေသည်၊ ထိုလူသည် အနီးသို့ ရောက်သောအခါ...

'ဟော့ လူ... ဘယ်သူ့ပစ္စည်းခိုးလာတာလဲ၊ မှန်မှန်ပြောစမ်း'

ဟု အော်ငေါက်လိုက်၏။

အရူးကြီး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွား၏။

မျက်လုံးပြူးကြီးများဖြင့် ထိုလူအား ကြည့်လိုက်ပြီး—

'ခိုးလာတာ ဟုတ်လား'

ဟု မေးလေ၏။

ထိုလူက -

'ဟုတ်တယ်၊ ခင်ဗျား လက်ထဲကဆံထိုးဟာ ခိုးလာတာ မဟုတ်လား'

အရူးကြီးသည် ချက်ချင်းပင် ဆံထိုးကို ဝှက်ထားလိုက်ပြီး...

'ကျုပ် ခိုးလာတာမဟုတ်ဘူး၊ ကျုပ်ပစ္စည်း'

ဟု အော်ပြောလိုက်လေ၏။

ထိုလူက မျက်နှာထားတင်းတင်းဖြင့်....

'ကြည့်....ခင်ဗျားက ဒုက္ခရောက်ချင်နေတာကိုး၊ ဘယ်က ခိုးလာတာလဲ၊ မြန်မြန်ပြောစမ်း၊ မြို့တော်ဝန်ဆီကို သွားပို့ လိုက်ရင် ခင်ဗျား မလွယ်ဘူး'

'ဘာ....'

'ဒုက္ခမရောက်ချင်ရင် ဆံထိုးလေးပေးစမ်း'

အမှန်တော့ ထိုလူသည် အရူးကြီး၏ ကျောက်စိမ်းဆံထိုး လေးအား အချောင်ရယူဖို့ ကြိုးစားနေခြင်း ဖြစ်လေသည်။

ခပ်တည်တည်အော်ဂေါက်ခြိမ်းခြောက်ကာ ရယူနိုင်မည် ဟုလည်း ယုံကြည်ထားပုံရသည်။

ရှေ့တိုးသွားပြီး အရူးကြီးသည် လက်ထဲမှ ဆံထိုးကို လုယူ လိုက်လေသည်။

ဟုသော်....

လက်တွေ့တွင် **သူ၏** အထင်နှင့်အမြင် ပါစင်အောင်လွဲ သွားလေ၏။



အရူးကြီးက ကျောက်စိမ်း ဆံထိုးမပေးသည့်အပြင် လက် ဝါးဖြင့် ဆိုးကြိုးရိုက်ချလိုက်၏။

ထိုသူမှာ မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် မရှောင်နိုင် တော့ပေ။

'ဝုန်း'

'အား'

စူးရှစွာ အော်ဟစ်ကာ မြေပေါ် ဖင်ထိုင်လဲကျသွားလေ သည်။

အရူးကြီးအား မျက်လုံးပြူးကာကြည့်ရင်း—

'ခင်....ခင်ဗျား'

စကားဆုံးအောင်မပြောနိုင်ပါ၊ နှုတ်ခမ်းထောင့်မှ သွေး များ စီးကျလာခြင်းကြောင့် ဖြစ်၏။

အရူးကြီးက သူ့အား မျက်မှောင်ကုပ်ကာ ကြည့်နေ၏။

ထိုလူက ထရပ်ဖို့ ကြိုးစားလိုက်သည်။

ဤတွင်....

'ဝေါ့'

ခန္ဓာကိုယ် ယိမ်းရိုင်သွားကာ သွေးများအန်ထုတ်လိုက်လေသည်။

ထို့နောက်—

'ဝုန်း'

မြေပေါ် အရုပ်ကြိုးပြတ်လဲကျသွားပြီး တုတ်တုတ်မျှမလှုပ်တော့ချေ။

အရှုးကြီးက ထိုလူ၏ဖြစ်ရပ်သည် လူနှင့် လားလားမျှမဆိုင်သကဲ့သို့ မိုးပေါ်သို့ ခေါင်းမော့ထား၏။

ပါးစပ် တလှုပ်လှုပ်ဖြင့် တစ်စုံတစ်ခုကို ရေရွတ်နေလေသည်။

'သူခိုး....မြို့တော်ဝန်ဆီပို့ရမယ်'

'သူခိုး....မြို့တော်ဝန်ဆီပို့ရမယ်'

ဟူ၍ ဖြစ်လေသည်။

အလတ်ပေါ်စကားလုံးများကို အကြိမ်တစ်ရာမက ရေရွတ်ပြီးလျှင်...



'အား'

စူးရှစွာအော်ဟစ်ကာ ထိုင်ရာမှ ခုန်ထလိုက်၏။

ထို့နောက်....

သစ်ပင်ရိပ်အောက်မှ ခုန်ထပြီး တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

* * *

စားသောက်ဆိုင်လေးမှ မွှေးကြိုင်သင်းပျံ့သော အနံ့
အသက်များ ထွက်ပေါ်နေသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသူများသည် ဥဒဟို
ဝင်ထွက်သွားလာနေကြသည်။

စကားပြောသံ၊ ရယ်မောသံများ၊ ဇွန်းသံ ပန်းကန်သံ
များလည်း ထွက်ပေါ်နေ၏။

အရူးကြီးသည် စားသောက်ဆိုင်နှင့် မလှမ်းမကမ်းသို့
ရောက်ရှိလာသည်။

ရုတ်တရက် မွှေးကြိုင်သော ဟင်းနံ့များကြောင့် ခြေ
လှမ်း တုံ့ခနဲရပ်သွားသည်။

နီရဲသောမျက်လုံးများဖြင့် စားသောက်ဆိုင်ဆီသို့ လှမ်း
ကြည့်လိုက်၏။

သူ၏ဝမ်းဗိုက်ထဲမှ တကြုတ်ကြုတ်မြည်သံများ ထွက်ပေါ်
လာ၏။

အရူးကြီး ဆာလောင်နေပြီဖြစ်သည်။

သူ၏နှုတ်ခမ်းထောင့်မှ သွားရည်များ စီးကျလာ၏။

အရူးကြီးသည် ဆိုင်ရှေ့တွင် မလှုပ်မယှက်ရပ်ရင်း ငေး
ကြည့်နေသည်။



ထိုအချင်းအရာကို ဆိုင်လုလင်များ တွေ့မြင်သွားလျှင်
ချက်ချင်းမောင်းထုတ်ပစ်ကြလေသည်။

'ဟေ့—ထွက်သွားစမ်း'

'မြန်မြန်သွား'

ဆိုင်လုလင်များ၏ အော်ငေါက်သံကြောင့် အရူးကြီး
လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ဆိုင်လုလင်တစ်ယောက်က....

'ခင်ဗျား သွားမလား မသွားဘူးလား၊ သေသွားချင်
သလား'

ဟု တုတ်တစ်ချောင်းဆွဲကာ ရိုက်နှက်မည့်ဟန် ပြုလုပ်လေ
သည်။

အရူးကြီးသည် ဆိုင်လုလင်များအား တစ်ချက်စွေကြည့်
ပြီး ထွက်သွားလေသည်။

သို့သော်—

ခပ်ဝေးဝေးသို့ ထွက်သွားခြင်းမဟုတ်ဘဲ မလှမ်းမကမ်းရှိ
လမ်းဘေးတစ်နေရာ၌ သွားရပ်ခြင်းဖြစ်၏။

ဆိုင်လုလင်များ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်
ကြသည်။

ဆိုင်လုလင်တစ်ယောက်က....

'ဘောက်—ဒီသူတောင်းစားကြီးကို သွားပြီးမောင်းထုတ်
လိုက်ရင် ကောင်းမယ်'

ဟု ပြောလေသည်။

အခြားဆိုင်လုလင်က....

'နေပါစေကွာ၊ သနားပါတယ်၊ တို့ဆိုင်ရှေ့မှာ ရပ်နေတာမှမဟုတ်တဲ့'

'အေးလေ၊ ဟုတ်သားပဲ၊ သူ့ဘာသာ ဟိုဘက်မှာသွား ရပ်နေတာပဲ၊ နေပါစေ'

'ဒါဆိုလဲ ပြီးရော'

ဆိုင်လုလင်များသည် အရူးကြီးအား လစ်လျူရှုထား လိုက်ကြလေသည်။

အရူးကြီးကလည်း မလှုပ်မယှက်ရပ်လျက်....

သို့ဖြင့်—

အချိန်များ၊ တရွေ့ရွေ့ကုန်ဆုံးသွားလေတော့သည်၊

* * *



ညနေစောင်းပြီဖြစ်သည်။

အရူးကြီးသည် ဆိုင်ရှေ့မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင် အောက်၌ မလှုပ်မယှက်ရပ်နေဆဲ။

သူ၏ နှုတ်ခမ်း များ တဆတ်ဆတ်တုန်ယင်နေ၏။

သူ၏မျက်လုံးများသည် စားသောက် ဆိုင်ဆီသို့ မျက်တောင်မခတ်ကြည့်နေ၏။

အလွန်ဆာလောင်မွတ်သိပ်နေသည့် အသွင်မျိုး ဖြစ်နေလေသည်။

အရူးကြီးတွင် ဆာလောင်ခြင်းဟူသော ခံစားချက် ဖြစ်ပေါ်လာနေပြီဖြစ်သည်။

ယခု

ဆာလောင်မွတ်သိပ်မှုတစ်ခုတည်းကိုသာ အာရုံရောက်နေပြီး အခြားဘာကိုမျှ မသိတော့သည့်အသွင် ရှိနေ၏။

ဆိုင်လုလင်များသည် ဧည့်သည်များကို ဧည့်ခံနေရသဖြင့် သတိမပြုမိတော့ချေ။

သို့သော်....

ညနေစောင်းအချိန်သို့ ရောက်လာသောအခါ အမှတ်မထင် သတိပြုမိသွားသည်။

ဆိုင်လုလင်တစ်ယောက်က....

'အရူးကြီးက ခုထိထွက်မသွားသေးပါလား'

ဟု ပြောလိုက်သည်။

အခြားဆိုင်လုလင်တစ်ယောက်က—

'ဟုတ်တယ် သနားစရာပါပဲဗျာ'

ဟု ပြောလျှင် သနားတတ်သည့် ဆိုင်လူလင်တစ်ယောက်က—

'မထူးပါဘူးကွာ၊ စားစရာနည်းနည်း သွားပေးလိုက်မှပါပဲ....'

ချက်ချင်းပင် ဆိုင်ထဲမှ စားသောက်ဖွယ်ရာ အနည်းငယ်ယူကာ သွားပေးလိုက်သည်၊

အရှုးကြီး၏မျက်နှာ ပြုံးရွှင်သွားသည်။

စားသောက်ဖွယ်ရာများကို လက်ခံယူရင်း—

'ကျေးဇူးပဲ'

ဟု ပြောလိုက်သည်။

သူ၏စကားသံ ဗလုံးပထွေးပေါ်ထွက်လာသည်။

စကားသံသည် ခြောက်သွေ့အက်ကွဲနေပြီး သတိထားမှသာ ဘာပြောသည်ကို သိရသည်။

သို့မဟုတ်လျှင်—

အက်ကွဲရှတစွာဖြင့် ဗလုံးပထွေး ထွက်ပေါ်လာခြင်းဖြစ်လေသည်။

ဆိုင်လုလင်က....

စားပြီးရင်သွားတော့နော်၊ ဆိုင်ရှေ့မှာမနေနဲ့'

ဟု ပြောပြီး စားသောက်ဆိုင်လေးသို့ ပြန်သွား၏။

အရူးကြီးက အားရပါးရစားသောက်လိုက်သည်။

ထိုစဉ်....

'သူခိုး,...သူခိုး'



ကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လူတစ်ယောက်သည် ရှေ့မှပြေးလွှားလာပြီး လူတစစုကတုတ်များ ခဲများကိုင်ကာ နောက်မှ ပြေးလိုက်ကြသည်ကို တွေ့ရသည်။

'သူခိုး....သူခိုး'

'လိုက်ဟေ့'

'မလွတ်စေနဲ့'

'မိရင်တော့လား အခသကိုသတ်ပစ်'

အော်ဟစ်သံများ ညာသံပေးသံများ ကျက်ကျက်ညံသွားသည်။

သူခိုးသည် လမ်းကြားတစ်ခုအတွင်းသို့ ပြေးဝင်သွားပြီး လူအုပ်ကြီးကလည်း လိုက်သွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားသည်။

အရူးကြီးသည် ထိုမြင်ကွင်းကိုတွေ့ရလျှင်—

'အား'

အထိတ်တလန့် အော်ဟစ်ကာ ထွက်ပြေးသွားလေတော့သည်။

* * *

လေ ဝေ့ ယမ်းတိုက်ခတ်ခဲ့သောအခါ ရေစက်များ ကြွေကျလာသည်။

ရွက်ဝါ လေးများသည် ဝေ့ ဝဲ ကာ လေဟုန်စီး၍ ဆင်းလာပြီး၊ အချို့ကမြေပေါ်သို့ကျသွားသည်၊ အချို့က တသွင်သွင်စီးဆင်းနေသော စမ်းချောင်းထဲသို့ကျကာ စမ်းရေနှင့်အတူ မျောပါသွားသည်။

အရူ ကြီးသည် စမ်းချောင်းလေး အနီးသို့ ရောက်လာပြီဖြစ်သည်။

သူ၏မျက်နှာတွင် တုန်လှုပ် ချောက်ချားသည့် အရိပ်အယောင်များဖြစ်ပေါ်နေသည်။

ခေါက်ကွဲနှင်းနှင်းနေသလို တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်စို့နေသည်။

အရူးကြီးသည် စမ်းချောင်းထဲမှ စမ်းရေကိုလက်ခုပ်ဖြင့်ခပ်ယူကာ သောက်လိုက်၏။

စမ်းရေသည် သူ၏ရင်ထဲ အေးစိမ့်သွားစေသည်။

ရုတ်တရက်--

စမ်းရေထဲ၌ ထင်ဟပ်နေသော သူ၏ရုပ်ပုံလွှာကို တွေ့မြင်လိုက်ရလျှင် အရူ ကြီးသည် အထိတ်တလန့် အော်ဟစ်လိုက်သည်။

'အား'

သူ၏ စူးရှသော အော်ဟစ်သံကြောင့် ကျေးငှက်ကလေးများပင် လန့်ဖြန့်ကာ အဝေးသို့ပျံသန်းကုန်ကြသည်။

အရူးကြီးသည် ကပျာကယာနောက်ဆုတ်လိုက်၏။



'ငါ...ငါ့တယ်လိုဖြစ်သွားပါလိမ့်'

ဟု ရေရွတ်လိုက်သည်။

သူ၏ ခြေလက်အဝတ်အစားများကို စစ်ဆေးကြည့်လိုက်လေသည်။

အရူ ကြီး ခေါင်းယမ်းလိုက်သည်။

'ဒါ.. ဒါတယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

ယခု....

အရူးကြီးသည် ကောင်းစွာ သတိရလာပြီဖြစ်ပါသည်။

ထိုအရူးကြီးမှာ အခြားသူမဟုတ်ပါ၊ 'စုကျောင်း' ဖြစ်နေပါတော့သည်။

* * *

စုကျောင်းသည် စမ်းချောင်းလေးနံဘေးရှိသစ်ပင်စီ တဲ ပင်ကို ကျောမှီကာ အမောဖြေနေလိုက်သည်။

ပျို့မျှစ်နုနယ်သော သူ၏ရုပ်သွင်မှာ ခေါင်းမွေး စုပ်ဖွား အရှုံးတစ်ယောက်အသွင် ပြောင်းလဲသွားသည်ကို လုံးဝမယုံ ကြည့်နိုင်အောင်ဖြစ်နေပါ၏။

'ငါဘာကြောင့် သည်လိုဖြစ်သွားရပါလိမ့်'

ဟု ထပ်တလဲလဲတွေးတောစဉ်းစားနေမိသည်။

ဘာဆိုဘာမှမမှတ်မိတော့ပါ။

သူ နောက်ဆုံးမှတ်မိသည်မှာ သိုင်းတံခွန်၊ သိုင်းသင်လန်း ကျောင်းမှ ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က....

သူ့အား သူခိုးဟုစွပ်စွဲကာ ကြိမ်ဒဏ်ပေးပြီး ချုပ်နှောင် ထားခဲ့လေသည်။

စုကျောင်း၏စိတ်ဓာတ် ကျနေစဉ် ညဘက်တွင် အချုပ် ခန်းတံခါးပွင့်သွားသည်ကိုတွေ့ရပြီး လွတ်မြောက်လာခဲ့လေ သည်။

အချုပ်ခန်းအပြင်ဘက်သို့ရောက်လျှင်ကား အတုန်းအရုံး လဲကျသေဆုံးနေသော သင်တန်းသားများကို တွေ့မြင်လိုက် ရ၏။

သင်တန်းသားများ တစ်ယောက်မကျန် အသတ်ခံရခြင်း ဖြစ်သည်။

စကြံလမ်းပေါ်၌လည်းကောင်း၊ အဆောင်များအတွင်း ၌လည်းကောင်း အလောင်းများ မြင်မကောင်းပေ။



မည်သူက ဤမျှရက်စက်စွာ ပြုလုပ်သွားရပါသနည်း။

သူ သေွးပျက်မတတ် ထိတ်လန့်တုန်လှုပ်သွား၏။

ပင်ပန်းခံသည့်အရှိန်၊ ကြိမ်ဖြင့်အရိုက်ခံထားရသည့်အရှိန်၊ ကြောက်ရွံ့ထိတ်လန့်သည့်အရှိန် ပေါင်းစပ်ကာ သတိလက် လွတ် အောင်ဟစ်ရင်း ထွက်ပြေးလာခဲ့ခြင်းဖြင့်သည်။

ထို့နောက် ဘာဆိုဘာမျှ မမှတ်မိတော့ချေ။

သူသည် အဖြစ်အပျက်များကို နားမလည်နိုင်အောင်ရှိနေ ရာမှ ခါးကြားမှ ခိုးလိုခုလုဖြစ်နေသည်ကို သတိပြုမိလိုက် သည်။

ထို့ကြောင့် စမ်းကြည့်လိုက်ရာ...

'ဒေါက်'

ပစ္စည်းလေးတစ်ခု ထွက်ကျလာ၏။

ကျောက်စိမ်းဆံထိုးလေးဖြစ်သည်။

သူ မျက်လုံးပြူးသွားပြီး—

'ကျောက် .. ကျောက်စိမ်းဆံထိုး'

ဟု အော်ဟစ်လိုက်၏။

ထို့နောက်—

ထိုင်ရာမှခုန်ထကာ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့ သည်။

* * *

'ဒေါင်ဒင်....ဒေါင်ဒင်'

ချိုလွင်သာယာသော ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်။

စုကျောင်းသည် ဒယီးဒယိုင်ဖြင့် ပြေးလွှားလာရင်း ခေါင်းလောင်းသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ....

တောင်ကုန်းလေးတစ်ခုပေါ်၌ ဘုံကျောင်းလေးတစ်ရှိနေသည်ကို တွေ့ရလေသည်။

သူ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြပေါ်လာ၏။

သူ၏ခြေလှမ်းများသည် အလိုလို တောင်ကုန်းပေါ်သို့ဦးတည်သွားသည်။

မကြာပါချေ။

တောင်ကုန်းပေါ်မှ ဘုံကျောင်းရှေ့သို့ ရောက်ရှိသည်။

မိန်းကလေးတစ်ယောက်က ဘုံကျောင်းရှေ့၌ ခေါင်းလောင်းထိုးနေသည်ကို တွေ့ရသည်။

သူ ခြေလှမ်းရပ်တန့်သွားသည်။

မိန်းကလေးကို ငေးမောကြည့်လိုက်မိသည်။



မိန်းကလေးသည် ပတ်ဝန်းကျင်ကို မေ့လျော့နေပုံရှိလေသည်။

သူငေးမောကြည့်နေသည်ကို သတိထားမိပုံမရချေ။

သူသည် မိန်းကလေးကိုငေးကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

'သူ့ကို မြင်ဖူးတယ်'

ဟုညည်း တွေးမိ၏။

ထိုမိန်းကလေးအား တွေ့ဖူးသည်ဟု ယုံကြည်သွား၏။

သို့သော်....

မည်သည့်နေရာ၌ တွေ့ခဲ့ဖူးကြောင်း စဉ်းစား၍ မရချေ။

တွေးတောစဉ်းစားရင်း အချိန် မည်မျှကြာသွားမှန်းပင် မသိ။

'ဖေဖေ'

ချိုလွင်သော စကားသံလေး ထွက်ပေါ်လာသည်ကို ကြားမှ လတိဝင်လာ၏။

လှမ်းကြည့်လိုက်ရာ ဘုံကျောင်းထဲမှ အသက်ငါးဆယ်ခန့်ရှိ ပုဂ္ဂိုလ်တစ်ယောက် ထွက်လာသည်ကို တွေ့ရ၏။

ခေါင်းလောင်းထိုးနေသော မိန်းကလေးက ထိုလူ့ထံသို့ ပြေးသွားလေသည်။

သားအဖနှစ်ယောက်ဖြစ်ပုံရ၏။

မိန်းကလေးက—

'ဖေဖေ....ဟိုမှာ'

သူ့အားညွှန်ပြကာ ပြောလိုက်၏။

သူသည် ဝေလှမ်းမှကမ်းတွင် ကျောက်ရုပ်ကြီး ပမာ မလှုပ်မယှက်ရပ်နေသည် မဟုတ်ပါလား။

ဖခင်ဖြစ်သူက—

'မကြောက်ပါနဲ့ သမီးရယ်....၊ သူတောင်းစားကြီး တစ်ယောက် နေမှာပါ'

ဟု ပြောလေသည်။

သားအဖနှစ်ယောက်သည် စုံကျောင်း အနီးမှ ဖြတ်သွားသောအခါ ငွေဒင်္ဂါးအနည်းငယ် ပစ်ချပေးသွားကြလေသည်။

စုံကျောင်း ငိုင်နေဆဲ....

မကြာပါချေ၊ မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာလေသည်။

မိန်းကလေးတို့ သားအဖထွက်သွားကြပြီ ဖြစ်ကြောင်း ထင်ရှားနေပါ၏။



မိန်းကလေးထွက်သွားပြီဖြစ်ရာ စုံကျောင်း၏ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာပြန်လေသည်။

ထိုစဉ်...

'မင်း ဗိုက်ဆာနေတယ် မဟုတ်လား'

မေးမြန်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

စုံကျောင်း လှမ်းကြည့်လိုက်ရာ ကပ္ပိယကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

စုံကျောင်းက ငြင်းဆန်လိုဟန် ပြင်လိုက်၏။

သို့သော်...

ဘုံကျောင်းလေးသို့ ရောက်ရှိလာသောအခါ သူ၏စိတ်ထဲ အေးချမ်းသာယာမှုရလာသည်ဟု ခံစားရ၏။

ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ခြေဦးတည့်ရာသွားခြင်းဖြင့် အရူးကြီးတစ်ယောက် သို့မဟုတ် သူတောင်းစားတစ်ယောက်ဟု အထင်ခံရဖို့သာရှိသည်။

ထို့အပြင်....

အအိပ်အစားမမှန်ခြင်းကြောင့် တဖြည်းဖြည်း ကျန်းမာရေး ချို့ယွင်းကာ နောက်ဆုံး သေဆုံးသွားဖို့သာ ရှိပေသည်။

အေးမြလှသော ဘုံကျောင်းအရိပ်အာဝင် ခိုလှုံလိုက်ရလျှင်–

စုကျောင်း မည်းကောင့်တဲ့ ခေါင်းညိတ်လိုက်လေသည်၊

ကပ္ပိယကြီးက...

'လာ....ငါ့နောက်လိုက်ခဲ့'

ဟု ပြောကာ ခေါင်းဆောင်သွား၏။

စုကျောင်းလည်း လိုက်ပါသွားလေတော့သည်။

* * *



နှစ်လ....

နှစ်လဆိုသော အချိန်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားသည်ဟု ထင်မှတ်ရလေသည်။

စုကျောင်းသည် တောင်ပေါ်ဘုံကျောင်းလေးသို့ ရောက်ရှိလာခဲ့သည်မှာ နှစ်လရှိသွားပြီ ဖြစ်လေသည်။

နှစ်လအတွင်း ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားခဲ့ရသည်။

ကျောက်စိမ်းဆံထိုးကလေးလည်း စိမ်းချောင်းလေးနံဘေး၌ ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ကျောက်စိမ်း ဆံထိုးကလေးအား ပြန်မတွေ့ရမချင်း စိတ်အေးချမ်းသာစွာ နေရလိမ့်မည်ဟု ယုံကြည်သွား၏။

ထို့အပြင်...

တရားဓမ္မရွတ်ဆိုသံများ ဖြင့် လွှမ်းခြုံနေသည့်ဘုံကျောင်းလေးတွင် မကောင်းဆိုးဝါးဆန်လွန်းလှသည့် ကျောက်စိမ်းဆံထိုးလေးသည် လာရောက်နှောက်ယှက်နိုင်လိမ့်မည် မဟုတ်ဟုလည်း ယုံကြည်မိသည်။

ကပ္ပိယကြီးသည် ကြင်နာသနားတတ်သူဖြစ်သည်။

စုကျောင်းအား လက်ခံစောင့်ရှောက်ကာ ကျွေးမွေးပြုစုထားလေသည်။

စုကျောင်းကလည်း ဘုံကျောင်း၏ ဝေယျာဝစ္စကိစ္စများကို ကူညီလုပ်ကိုင်ပေး၏။

ကြာသော် ကပ္ပိယကြီး၏ လက်ရုံးတစ်ဆူပမာ ဖြစ်လာသည်။

ဘုန်းကျောင်းမှ ဘုန်းတော်ကြီးများနှင့် ကိုရင်များက လည်း စုကျောင်းအား ချစ်ခင်ကာ စားစရာ ဝတ်စရာ ပေး ကမ်း စွန့်ကြဲကြ၏။

သူ့ကျောင်း၌ စုကျောင်း နေထိုင်သည်ကို ကြည်ဖြူစွာ ခွင့်ပြုကြလေ၏။

သို့ဖြင့်—

နှစ်လဲဟူသောအချိန် ကုန်ဆုံးသွားသောအခါ စုကျောင်း မှာ တစ်သွေးတစ်မွေး ဖြစ်လာလေ၏။

အရူးကြီး သို့မဟုတ် သူတောင်းစာ ကြီးတစ်ယောက်နှင့် လုံးလုံးမတူတော့ပါ။

အသားအရည် ဖိုဖိုဖြေဖြေ ဘန့်သန့်ရှင်းရှင်းယောက်ျား ပီသစွာ ချောမောခန့်ညားသော လူလင်ပျိုတစ်ယောက်အသွင် သို့ ပြောင်းလဲလာခြင်းဖြစ်၏။

စုကျောင်း သည် ဘုန်းကျောင်းလေး၌ပင် တစ်သက်လုံး နေသွားရန်ပင် စိတ်ကူးမိလေသည်။

စိတ်အနှောင့်အယှက်ကင်းစွာ အေးအေးချမ်း ချမ်းနေ သည့်အပြင် သူစိတ်ဝင်စားမိသော မိန်းကလေးတို့သွားအ သည်လည်း ဘုန်းကျောင်းလေးသို့ တစ်လတစ်ကြိမ် လာတတ် သည် မဟုတ်ပါလား။

စုကျောင်း၏ ဘဝလေး အေးချမ်း သာယာလာချိန် မှာပင်—

* * *



ညဉ့်နက်လာပြီ ဖြစ်သည်။

လပြည့်ညဖြစ်၍ ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေသည်။

ဘုန်းကျောင်းလေးသည် လရောင်အောက်တွင် တိတ်ဆိတ် ငြိမ်သက်နေပါ၏၊ ဘုန်းတော်ကြီးများ၊ ကိုရင်များသာမက အပ္ပိယကြီးနှင့် စုကျောင်းတို့သည်လည်း အိပ်ပျော်နေကြပြီ ဖြစ်လေသည်။

ထိုအချိန်တွင်—

'ဒေါင်ဒင် - ဒေါင်ဒင်'

'ချင် ချင် ချင် ချင်'

ဘုန်းကျောင်းရှေ့မှ ခေါင်းလောင်းထိုးသံများ ကျယ် ကျယ်လောင်လောင် မြည်ဟည်းထွက်ပေါ်လာလေသည်။

ထို့အပြင် ဘုန်းကျောင်းအတွင်းရှိ ခြူများ၊ ဆည်လည်း များမှာလည်း တချင်ချင်မြည်အောင် လှုပ်ယမ်းသွားလေ သည်။

တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသော ခြူသံ၊ ခေါင်း လောင်းထိုးသံများကြောင့် ဘုန်းကျောင်းလေး၌ မှီတင်းနေ ထိုင်ကြသူ အားလုံးလည်း နိုးလာကြပြီ ဖြစ်လေသည်။

တံခါးများဖွင့်ကာ ခေါင်းလောင်းသံ၊ ခြူသံများ ထွက် ပေါ်လာရသည့် အကြောင်းရင်းကို ရှာဖွေကြသည်။

သို့သော်—

လူသူတစ်စုံတစ်ယောက်မှ မတွေ့ရဘဲ အဖြေရှာမရ ဖြစ်ရ လေ၏။

ဘုန်းကြီးကျောင်း၌ မီတင်းနေသူအားလုံး နိုးလာသည်နှင့် ခြုံသံ၊ ခေါင်းလောင်းသံများ ချက်ချင်း တိတ်ဆိတ်သွားခြင်း ဖြစ်သည်။

အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသည်ကို ရှာဖွေ၍မရသည့် အဆုံး သို့လော သို့လော ဟူသော အတွေးများဖြင့် ဖြန့်လည် အိ…စက်ကြရန် ဟန်ပြင်ကြလေသည်။

စုံကျောင်းလည်း သူ၏ အခန်းတွင်းသို့ ဝင်လာခဲ့လေသည်။

ဤတွင်....

သူ၏ အိပ်ရာထက်ရှိ ခေါင်းအုံးပေါ်၌ အရောင်တဖိတ်ဖိတ် တောက်ပနေသော ကျောက်စိမ်းဆံထိုးလေး ရောက်ရှိနေသည်ကို တအံ့တသြ တွေ့မြင်လိုက်ရလေသည်။

တက္ကသိုလ် သီဟအောင်

ပထမပိုင်းပြီး၏။

[ဒုတိယပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်]

တိုးတက်ရေး
၀၁၆၀

# တက္ကသိုလ်သီဟအောင်

## ကျောက်စိမ်းဆံထိုး

( ဒုတိယပိုင်း ဇာတ်သိမ်း )